# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် ၂၁ ရက်၊ သောကြာနေ့ | အတွဲ (၅၉)၊ အမှတ် (၃၂၃)




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အကြိမ် (၂၀) မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

# ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အကြိမ်(၂၀) မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အစည်းအဝေးသို့ တက်ရောက်မိန့်ခွန်းပြောကြား

**နေပြည်တော် ဩဂုတ် ၂၀**

အကြိမ် (၂၀) မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I) ပတ္တမြားခန်းမ၌ ကျင်းပရာ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက် မိန့်ခွန်းပြောကြားသည်။

အစည်းအဝေးသို့ အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့မှ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်းနှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ ၊ UPDJC အဖွဲ့ဝင်များဖြစ်ကြသည့် *စာမျက်နှာ ၃ ကော်လံ ၁* ❊


**မြဲသော တွဲလက်များမှသည် ထာဝရငြိမ်းချမ်းရေးဆီသို့**

ဆောင်းပါး စာ-၆

**COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

(၂၀-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ စာ-၁၇





မြန်မာ့အလင်း

# ပြည်ထောင်စုငြိမ်းချမ်းရေးကို ပြည်သူတို့လိုချင်သည်

မည်သို့သော အကြောင်းချင်းရာကြောင့်ဖြစ်စေ စစ်ပွဲများဆိုသည်က လူ့အသက်တို့နှင့် ရင်းရ၏။ ဘက်နှစ်ဖက်၊ သုံးဖက် သို့မဟုတ် မည်မျှများပြားသော ဘက်ပေါင်းတို့ စစ်မျက်နှာများဖွင့်ကြ၊ တိုက်ကြသည်ဖြစ်စေ ဘက်အားလုံးတွင် ထိခိုက်နစ်နာမှု အနည်းအများဖြင့် ရှိကြသည်သာ။ တိုက်ခိုက်မှုများကြားက မည်သူ အနိုင်ရသည်ဖြစ်စေ နစ်နာထိခိုက်မှုများက အားလုံးတွင် ဖြစ်ခဲ့ပြီးပြီ။ ထို့ကြောင့်ပင် မြန်မာပြည်သူတို့က ငြိမ်းချမ်းရေးကို လိုလားသည့်အကြောင်း အခါအခွင့်သင့်တိုင်း ဖော်ထုတ်နေကြခြင်း ဖြစ်ပေသည်။

ပြည်သူတို့က စစ်ကို မလိုလား။

မှန်၏။ ယေဘုယျအားဖြင့် စစ်ပွဲများကို မည်သူမှ မလိုလားတော့ပြီ။ တိုင်းရင်းသားလူမျိုးစုများနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မည်ဆိုလျှင် အရင်းအမြစ်ကျဆုံးဖြစ်သည့် တန်းတူညီမျှမှု၊ ပြည်နယ်တို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံနိုင်မှုတို့သာ ဖြစ်ပေမည်။ စစ်လက်နက်အင်အားများပြားမှု၊ ကြီးမားမှုတို့ဖြင့် ဖော်ဆောင်နိုင်မည် မဟုတ်ချေ။

မီးကို မီးဖြင့် မငြိမ်းသတ်နိုင်သကဲ့သို့ စစ်ကိုစစ်ဖြင့် မတားနိုင်။ ငြိမ်းချမ်းရေးနည်းလမ်းကို ရှာဖွေဆွေးနွေးကြသည့်အခါများတွင် ရင်းမြစ်စစ်စစ်ကို ဆုပ်ဆုပ်ခဲခဲပြုကာ အညှာပြဿနာကို ပြေလည်ရေးကို စူးစိုက်ဖို့လိုမည်။ ငြိမ်းအေးမှုကိုလိုလားသည့်၊ နှလုံးသားကို ပေါ်လွင်စေသည့် ဆွေးနွေးမှုမျိုးကို ရွေးချယ်ရန်လည်းလိုမည်။ ငြိမ်းချမ်းရေး၏ မူလဘူတဖြစ်သော ဆွေးနွေးရေးညှိနှိုင်းရေးကို ဖေါင်းပေးကြရန်လိုမည်။ 'လက်နက်ကိုအားကိုးမှ၊ အင်အားကို အသုံးချမှ ထိရောက်မှုရှိမည်၊ အရာဝင်မည်၊ အလေးပေးခံရမည်၊ အောင်မြင်မည်ဟူသည့် နိုင်ငံရေးဓလေ့ဆိုးကို ဖြစ်ပေါ်စေသည့် အစ္စတ္တစိတ်သဏ္ဌာန် ရေသောက်မြစ်ကို ဖြတ်တောက်ပစ်ဖို့ထိရည်ရွယ်ကြဖို့'ဟူသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ -(၂၁) ရာစု ပင်လုံစတုတ္ထအစည်းအဝေး အဖွင့်မိန့်ခွန်းတွင် ပြောခဲ့သလို ဖြစ်ရန်လိုမည်။

ဤသို့သော စိတ်အခြေခံသဘောထားများကသာ တည်တံ့သော ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ စားပွဲဝိုင်းများပေါ်တွင် တွေ့ဆုံရဲ၊ ရင်ဆိုင်ဆွေးနွေးရဲ၊ ညှိနှိုင်းရဲ၊ အလျှော့အတင်း အပေးအယူလုပ်ရဲသည့် နိုင်ငံရေးယဉ်ကျေးမှုမျိုးကို ထူထောင်နိုင်ကြမှသာ စစ်မှန်ကာ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးလမ်းခရီးကို ဖောက်လုပ်နိုင်မည်ဟု ယုံကြည်ပါသည်။

တွေ့ဆုံရဲ၊ ရင်ဆိုင်ရဲ၊ ဆွေးနွေးညှိနှိုင်းရဲသည့် သတ္တိကိုမွေးကာ စိတ်ရှည် ဖွဲ့သန်မှုတို့ဖြင့် ပိုင်းပိုင်းဖြတ်ဖြတ် ရပ်တည်ရမည့် ငြိမ်းချမ်းရေး လမ်းစဉ်ဖြစ်ပါသည်။ ဆွေးနွေးစရာများ၊ ငြင်းခုံစရာများက နှစ်ရှည်ကြာခဲ့ပြီဖြစ်သော ပြည်တွင်းပဋိပက္ခများထဲတွင် ရှိနေမည်မှာ ဧကန်ဖြစ်သည့်အားလျော်စွာ ဆွေးနွေးမှုများ မည်မျှပင် အကြိမ်ကြိမ် အခါခါ ဖြစ်ရစေကာမူ နားလည်မှုမရမချင်း၊ ငြိမ်းချမ်းမှုမရမချင်း သူ့ဘက်ကိုယ့်ဘက် နားလည်မှုဖြင့် တည်ဆောက်ကြရန်ကိုလည်း ပြည်သူတို့က မျှော်လင့်နေကြပေသည်။

ပြည်သူလူထုမျက်မှောက်တွင် အင်အားစုအသီးသီးတို့၏ ဂုဏ်သိက္ခာကြီးမြင့်မှုသည်လည်းကောင်း၊ ရင့်ကျက်မှုသည် လည်းကောင်း၊ ဖြူစင်ရိုးသားမှုသည်လည်းကောင်း၊ ငြိမ်းချမ်းရေးကို အမှန်တကယ် မြတ်နိုးလိုလားမှုသည်လည်းကောင်း အသီးသီး မှန်မှန်ကန်ကန် ရပ်တည်ခြင်းဖြင့် ထင်လင်းစွာရှိနေမည် ဖြစ်ပေသည်။

အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးနှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးဆိုသည့်လုပ်ငန်းစဉ်တို့ ဟန်ချက်ညီရောယှက်ပါဝင်နေသည့် လုပ်ငန်းစဉ်များကို တစ်ဆင့်ချင်း ဆက်လက် အကောင်အထည်ဖော်ကြခြင်းဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေး မုချရလိမ့်မည်ဟု ခိုင်ခိုင်မာမာ ယုံကြည်ထားပါကြောင်း။ ။

# ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများအား မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ သွားရောက်တွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၂၀**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများအား မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်နှင့် ဦးကျော်စိုးတို့သည် ယနေ့နံနက်ပိုင်းတွင် သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကရင်ပြည်နယ်မှ ကော်မရှင်သို့ ပေးပို့တိုင်ကြားလာသော တိုင်တန်းချက်ပါ အခြေအနေများ၊ ကော်မရှင်မှ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲစခန်း၊ တရားရုံးနှင့် ဆေးရုံအချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးမှုများ၊ လူ့အခွင့်အရေး ဖောက်ဖျက်မှုဖြစ်ပွားသည့် နေရာများသို့ ကွင်းဆင်းစုံစမ်းစစ်ဆေးမှု၊ လူ့အခွင့်အရေးနှင့် စပ်လျဉ်း၍ ကော်မရှင်၏ ဆောင်ရွက်နေမှုများကို ဆွေးနွေးပြီး(အပေါ်ပုံ) မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥပဒေ၊ ကမ္ဘာ့လူ့အခွင့် အရေးကြေညာစာတမ်း (UDHR)၊ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည် ဆိုင်ရာ သဘောတူစာချုပ် (ICCPR) စာအုပ်များနှင့် ကော်မရှင်လက်ကမ်းစာစောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စာပေဗိမာန်(၇၃)နှစ်မြောက်အထိမ်းအမှတ်အဖြစ် စာပေစကားဝိုင်းများထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၂၀**

မြန်မာစာပေဖွံ့ဖြိုးရေးနှင့်အများပြည်သူ ဗဟုသုတတိုးပွားရေးအတွက် စာကောင်းပေမွန်များ ထုတ်ဝေရေးကို ဆောင်ရွက်လျက်ရှိသည့် စာပေဗိမာန်ကို ၁၉၄၇ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် တည်ထောင်ခဲ့သဖြင့် ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂၆ ရက်တွင် ၇၃ နှစ် ပြည့်မြောက်မည်ဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနက စာပေဗိမာန် ၇၃ နှစ်ပြည့်အထိမ်းအမှတ်အဖြစ် စာပေစကားဝိုင်းနှစ်ခု ကျင်းပမည်ဖြစ်ရာ ဩဂုတ် ၂၁ ရက် (သောကြာနေ့)တွင် "ရသစာတမ်း(အက်ဆေး)စာပေဖွံ့ဖြိုးရေး စာပေစကားဝိုင်း"နှင့် ဩဂုတ် ၂၈ ရက် (သောကြာနေ့)တွင် မြန်မာနိုင်ငံပညာပြန့်ပွားရေးအသင်းနှင့် ပူးတွဲ၍ "ဆရာတိုက်စိုး(၁၉၂၀-၂၀၀၃)ရာပြည့် အထိမ်းအမှတ် စာပေစကားဝိုင်း"များကို ကျင်းပမည်ဖြစ်သည်။

"ရသစာတမ်း(အက်ဆေး) စာပေဖွံ့ဖြိုးရေးစာပေစကားဝိုင်း"တွင် ဆရာမောင်ခင်မင်(ဓနုဖြူ)၊ ဆရာ မောင်ရင့်မာ(ကျောင်းကုန်း)၊ ဆရာမ ရှင်ညိမ်းမယ်နှင့် ဆရာမ ပန်းရိပ်ဖြူတို့ ပါဝင်ဆွေးနွေးကြမည်ဖြစ်ပြီး" ဆရာ တိုက်စိုး(၁၉၂၀-၂၀၀၃)ရာပြည့်အထိမ်းအမှတ်စာပေစကားဝိုင်း"တွင် ဆရာစည်သူ ဒေါက်တာသော်ကောင်း၊ ဆရာ အုံ့မောင်၊ ဆရာမော်လင်း၊ ဆရာမောင်ဇေယျာ၊ ဆရာ ဒေါက်တာသန်းဝင်းတို့ ပါဝင်ဆွေးနွေးကြမည်ဖြစ်သည်။

ယင်းစာပေစကားဝိုင်းများကို Myanmar Digital News Facebook Page မှ တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်ပြီး စာပေဗိမာန် Facebook Page sarpay-beikman.po@gmail.com တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှလည်း ထုတ်လွှင့်တင်ဆက်မည်ဖြစ်ပါ၍ စာပေချစ်မြတ်နိုးသူဝါသနာရှင်များ ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တာပိန်မြစ်ရေ အကြီးမားဆုံး မြစ်ရေကြီးမှုဖြစ်လာနိုင်ကြောင်း သတိပေး

**ဗန်းမော် ဩဂုတ် ၂၀**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ်ရှိ တာပိန်ရေအားလျှပ်စစ်စက်ရုံ၏ အထက်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် တာပိန်မြစ်ရေသည် ၁၀ နှစ်တာကာလအတွင်း ယခုအခါ အကြီးမားဆုံး မြစ်ရေကြီးမှု ဖြစ်ပေါ်လာနိုင်ကြောင်း ဩဂုတ် ၁၉ ရက် နံနက်ပိုင်းက စတင်၍ စက်ရုံ၏အောက်ပိုင်းရှိ ပြည်သူများထံသို့ မြစ်ရေကြီးခြင်းသတိပေးချက် ထုတ်ပြန်လျက်ရှိကြောင်း သိရသည်။ တာပိန်မြစ်ရေသည် တရုတ်နိုင်ငံမှ စီးဆင်းလာသည့် မြစ်ဖြစ်ပြီး မိုးမောက်မြို့နယ်သို့ ဖြတ်သန်း၍ ဗန်းမော်မြို့အနီး၌ ဧရာဝတီမြစ်နှင့် ပေါင်းဆုံသော မြစ်ဖြစ်သည်။

ဩဂုတ် ၁၉ ရက် နံနက် ၃ နာရီခွဲက စက်ရုံပုံမှန်စက်လည်ပတ် ထုတ်လုပ်သည့်ရေပမာဏ ၁၃၀၀၀ ကျူးဆက်ထက် ကျော်လွန်ပြီး ၃၀၀၀၀ ကျူးဆက်အထိ ရောက်ရှိလာနိုင်မည်ဟု ခန့်မှန်းရရှိကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဗန်းမော်မြို့ပေါ်ရှိ အချို့ရပ်ကွက်များတွင် မြစ်ရေ စတင်ဝင်ရောက်လျက်ရှိကာ ပြောင်းရွှေ့ကူညီရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာများက စီစဉ်ဆောင်ရွက်လျက်ရှိသည်။ **ခရိုင်(ပြန်/ဆက်)**

## (၁၀၅) မိုင်တွင် စာကြည့်တိုက်ဖွင့်ပွဲကျင်းပ

**မူဆယ် ဩဂုတ် ၂၀**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့နယ်တွင် အလင်းတံခါး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က မိုင်းယုကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ အလင်းတံခါးစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို (၁၀၅) မိုင် ထေရဝါဒကျောင်းဆရာတော် ဘဒ္ဒန္တ ဦးဝိမလ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကိန်မိုင်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအယ်လ်စိုးထန်တူး၊ ခရိုင်ပညာရေးမှူး ဒေါက်တာ သက်သက်စံနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် မူဆယ်မြို့စာရေးဆရာများ၊ အလှူရှင်များက အလှူငွေနှင့် စာအုပ်စာတန်းများလှူဒါန်းပေးခဲ့ကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်မီဝှမ်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး အလှူရှင်များနှင့် တက်ရောက်လာကြသူများက စာအုပ်စာတန်းများကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည့် အကြံဉာဏ်များပေးခဲ့ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

## ခေါင်လန်ဖူး၌ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး

**ခေါင်လန်ဖူး ဩဂုတ် ၂၀**

ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ မြို့ပေါ်လေးရပ်ကွက်နှင့် ကျေးရွာရှစ်ရွာသို့ ကွင်းဆင်း၍ ယမန်နေ့က အသက်နှစ်နှစ်မှ ၁၀နှစ်အောက် ကလေးငယ်များအား သံချဆေးတိုက်ခြင်းနှင့် အသက်ခြောက်လမှ ငါးနှစ်အောက် ကလေးငယ်များအား ဗီတာမင်အေဆေးများ တိုက်ကျွေးပေးခဲ့ကြောင်း သိရသည်။

ဆေးများတိုက်ကျွေးရာတွင် ခေါင်လန်ဖူးမြို့ပေါ်ရပ်ကွက် (၄)ရပ်ကွက်ရှိ ကလေး ၉၆ ဦးနှင့် ရခီဖူး၊ မရားတန်း၊ ရီဒမ်း၊ ဖုလွမ်း၊ နုဝမ်ကောင်၊ ဝခယ်၊ ချွမ်တိမ်းနှင့် မကာထကျေးရွာများရှိ ကလေး ၇၃ ဦး စုစုပေါင်း ကလေးငယ် ၁၆၉ ဦးအား အသက်အရွယ်အလိုက် သန်ချဆေးနှင့် ဗီတာမင်အေဆေးများ တိုက်ကျွေးခြင်းနှင့် ကလေးမိဘများအား ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းတို့ကိုခေါင်လန်ဖူးမြို့နယ် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဂွမ်ဆိုင်းလီနှင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းတို့က ဆောင်ရွက်ခဲ့ကြသည်။

ကျန်ရှိသည့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင်လည်း အသက်အရွယ်အလိုက် ကလေးငယ်များအား သန်ချဆေးနှင့် ဗီတာမင်အေဆေးများ တိုက်ကျွေးခြင်းနှင့် ကျန်းမာရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ဂွမ်ဆိုင်းလီထံမှ သိရသည်။

**ငြိမ်းအိအိဖြိုး(ပြန်/ဆက်)**

## ချင်းတွင်းမြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၂၀**

ယနေ့ နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက် နှစ်ရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း နှစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် တစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက် နှစ်ရက်အတွင်း နှစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်နှင့် မော်လိုက်မြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# ပြည်သူသာလျှင် အဓိက



အကြိမ် (၂၀) မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

❇ *ရှေ့ဖုံးမှ*

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဦးသိန်းဆွေ၊ ဒေါက်တာဝင်းမြတ်အေးနှင့် နိုင်သက်လွင်၊ ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ ဗိုလ်ချုပ် စန်းမြင့်၊ ဗိုလ်ချုပ် စိုးနိုင်ဦးနှင့် ဗိုလ်မှူးချုပ်ရဲရင့်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခွန်မောင်သောင်းနှင့် ဦးပြုံးချို (ခ) ဦးငွေဝင်း အောင်၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေနှင့် ညွှန်ကြား ရေးမှူးချုပ် ဦးဇော်ဌေး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအစု အဖွဲ့မှ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း(CNF)၊ စဝ်စိုးငင်း(RCSS)၊ ဦးမျိုးဝင်း (ABSDF)၊ စောမြရာဇာလင်း(ALP)၊ ပဒိုစောတာဒိုမူး(KNU)၊ ခွန်မြင့်ထွန်း(PNLO)၊ စောစိန်ဝင်း(DKBA)၊ စောကျော်ညွှန့် (KNU/ KNLA PC)၊ နိုင်အောင်မင်း(NMSP)၊ ကျာဆော်လမွန်(LDU)၊ မိဆူးပွင့် (ABSDF)၊ ဆလိုင်းထလာဟေး (CNF)၊ ဒေါက်တာစိုင်းဦး(RCSS)၊ စောစမစ်ဒွန်း(DKBA)၊ ခိုင်လင်းခိုင် (ALP)နှင့် ပဒိုစော အယ်ကလူစေး (KNU)၊ နိုင်ငံရေးပါတီများအစုအဖွဲ့မှ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသုဝေ (ဒီမိုကရက်တစ်ပါတီ (မြန်မာ))၊ ဦးနိုင်ငံလင်း(NLD)၊ ဦးမြင့်စိုး(USDP)၊ စိုင်းကျော်ညွှန့် (SNLD)၊ တာလှဖေတအောင်း(ပလောင်)၊ ဦးသိန်းထွန်း(NUP)၊ ဦးအောင်ကြည်ညွှန့် (NLD)၊ ဒေါက်တာ အောင်မြတ်ဦး (USDP)၊ ဦးဦးလှစော(ANP)၊ ခွန်ထွန်းရွှေ(PNO)၊ ဦးဇမ်ဇမုန် (ဇိုမီးဒီမိုကရေစီပါတီ)၊ ဦးရွှေမင်း (လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက် ရေးပါတီ(ဒူးလေးပါတီ))၊ ဒေါက်တာ တူးဂျာ (ကချင်ပြည်နယ်ပြည်သူ့ပါတီ)၊ နိုင်တလညီ (မွန်ညီညွတ်ရေးပါတီ)၊ ဒေါ်ရင်ရင်မေ (ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ)နှင့် စောထွန်းအောင်မြင့် (ကရင်ပြည်သူ့ပါတီ)နှင့် တာဝန်ရှိသူ များ တက်ရောက်ကြသည်။

## မိန့်ခွန်းပြောကြား

အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းပြောကြားသည်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံကို စာမျက်နှာ - ၅ တွင် သီးခြားဖော်ပြထားပါသည်။)**

## အပိုင်း ၃ ပိုင်း ပါဝင်

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက ယခုကျင်းပသည့် အကြိမ် (၂၀)မြောက် UPDJC အစည်းအဝေး၏ အဓိကဦးတည်ချက်သည် (၁၉) ကြိမ် မြောက် UPDJC အစည်းအဝေးဆုံးဖြတ်ချက်များကို ပြည်ထောင်စုငြိမ်းချမ်း ရေးညီလာခံ - (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင် ပြည်ထောင်စု သဘောတူစာချုပ် ချုပ်ဆိုနိုင်ရန် မိမိတို့ UPDJC အတွင်းရေးမှူးအဖွဲ့က တင်ပြ လိုက်သည့် အချက်များကို အတည်ပြုရန်ဖြစ်ပါကြောင်း၊ ယင်းသဘောတူ စာချုပ်တွင် အပိုင်း ၃ ပိုင်း ပါဝင်ပါကြောင်း၊ အပိုင်း (၁)တွင် NCA အကောင် အထည်ဖော်မှုဆိုင်ရာ သဘောတူညီချက် ၁၅ ချက်၊ အပိုင်း (၂) တွင် ၂၀၂၀ အလွန် အဆင့်လိုက် လုပ်ငန်းစဉ်များနှင့် အဆင့်အလိုက် အကောင်အထည်ဖော် မှုများတွင် အချက် ၈ ချက်ပါဝင်ပြီး အပိုင်း (၃) တွင် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူ သဘောတူညီချက် ၅ ချက် ပါဝင်ပါကြောင်း၊ ယင်းအချက်များကို မိမိတို့ ယခုအစည်းအဝေးတွင် အတည်ပြုပြီး ဩဂုတ် ၂၁ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၌ ပြည်ထောင်စုသဘောတူစာချုပ် အစိတ် အပိုင်း (၃) အဖြစ် ချုပ်ဆိုနိုင်ရန်အတွက် ဝိုင်းဝန်းဆွေးနွေး အတည်ပြုပေးကြရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

## အားလုံးဝိုင်းဝန်းကာကွယ်

ယင်းနောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ ဦးသုဝေက ပြည်ထောင်စုမြန်မာနိုင်ငံသည် နိုင်ငံသား အားလုံးပိုင်ဆိုင်သည့်အတွက် ပြည်ထောင်စုကြီး၏ အသီးအပွင့်များကို အားလုံး မျှမျှတတ ဆွတ်ယူစားသုံးနိုင်ခွင့်ရှိပြီး ပြည်ထောင်စုကြီး၏ အန္တရာယ်ကိုလည်း အားလုံးဝိုင်းဝန်းကာကွယ်ရန် တာဝန်ရှိပါကြောင်း၊ လူ့အခွင့်အရေးမရှိပါက လူဖြစ်ကျိုး မနပ်ပါကြောင်း၊ သို့သော်လည်း မိမိအခွင့်အရေး ရယူချင်သကဲ့သို့ တခြားသူများ၏ အခွင့်အရေးအတွက်လည်း လေးစားရမည်ဖြစ်ပါကြောင်း၊ အခွင့်အရေးနှင့် တာဝန်သည် ခွဲခြား၍မရပါကြောင်း၊ မိမိ၏ အခွင့်အရေးကို ရယူသည့်အခါ အခြားသူများ၏ အခွင့်အရေးကို မထိပါးအောင် ဥပဒေများ ပြဋ္ဌာန်းပေးထားပါကြောင်း။

## ပြည်သူများ ညီညွတ်ကြရမည်

ခေတ်သစ်ကမ္ဘာကြီးတွင် နိုင်ငံအသီးသီးက ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်အောင် ကြိုးပမ်းကြပါကြောင်း၊ နိုင်ငံသားတစ်ဦးချင်းစီကလည်း နိုင်ငံကြီးသား အရည်အချင်းရှိအောင် နေထိုင်ကြပါကြောင်း၊ မည်သည့်နိုင်ငံမဆို ထိပ်တန်းနိုင်ငံဖြစ်ရန်အတွက် ပြည်သူများ ညီညွတ်ကြရမည်ဖြစ်ပါကြောင်း၊ ပြည်သူတစ်ရပ်လုံးတောင့်တနေကြသည့် ပြည်ထောင်စုငြိမ်းချမ်းရေး ရရှိအောင် အားလုံးညီညီညွတ်ညွတ်နှင့် ကြိုးပမ်းကြသည့်အတွက် ငြိမ်းချမ်းရေးအဆင့် တစ်ခုအထိ ပြီးမြောက်အောင်မြင်ခဲ့သည့်အပေါ် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါ ကြောင်း ပြောကြားသည်။

## အထွေထွေဆွေးနွေးခြင်းတို့ ဆောင်ရွက်

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အစည်းအဝေး အစီအစဉ်များ အတည်ပြုခြင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံ စတုတ္ထအစည်းအဝေး၌ ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း (၃)တွင် ထည့်သွင်းချုပ်ဆိုမည့် NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင် သဘောတူညီချက်၊ ၂၀၂၀ အလွန် အဆင့်လိုက်လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများ (ဇယား-၁)၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူ သဘောတူညီချက်များကို အတည်ပြုခြင်း၊ ညီလာခံကိစ္စရပ်များဖြစ်သည့် ညီလာခံတတိယနေ့အစီအစဉ်၊ ညီလာခံတွင် လုပ်ငန်းတာဝန် ခွဲဝေမှုနှင့် သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးမည့် ပုဂ္ဂိုလ်များနှင့်အသိသက်သေ များကိစ္စနှင့် အထွေထွေဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

## ညီညွတ်ရေးသည် အရေးကြီး

ယင်းနောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ ဦးသုဝေက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ညီလာခံဖွင့်ပွဲအခမ်းအနားတွင် ကယားလူငယ်အဖွဲ့က ဂုဏ်ပြုသီဆိုခဲ့သည့် သီချင်း၏ ရည်မှန်းချက်ထဲတွင် ငြိမ်းချမ်းရေးသည် ပြည်ထောင်စုအတွက် များစွာ အရေးပါ အရာရောက်ပြီး အရေးကြီးသည်ဟု ပါဝင်ပါကြောင်း၊ မိမိတို့အနေဖြင့် လည်း ငြိမ်းချမ်းရေးအတွက်ကြိုးပမ်းလျက်ရှိပါကြောင်း၊ ဆက်လက်၍လည်း အားကြိုးမာန်တက်ဖြင့် ကြိုးပမ်းကြရဦးမည်ဆိုသည့် ဖွဲ့၊ သတ္တိများကို တွေ့ရသည့် အတွက် ချီးကျူးဂုဏ်ယူပါကြောင်း၊ ညီညွတ်ရေးသည် အရေးကြီးပါကြောင်း ပြောကြားသည်။

## ပြည်ထောင်စုစနစ် တည်ဆောက်

ယင်းနောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ-UPDJC ဒုတိယဥက္ကဋ္ဌ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက ယနေ့ အစည်းအဝေးတွင် ဩဂုတ် ၂၁ ရက်၌ ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစု ပင်လုံ စတုတ္ထအကြိမ် အစည်းအဝေးတွင် ချုပ်ဆိုမည့် ပြည်ထောင်စုသဘောတူ စာချုပ်အစိတ်အပိုင်း (၃) ကို သဘောတူနိုင်သည့်အတွက် အထူးဂုဏ်ယူမိပါ ကြောင်း၊ UPDJC သည် နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်ကို ဦးဆောင်လမ်းပြ ကြီးကြပ်ရန်အတွက် တာဝန်ပေးထားသည့် အဖွဲ့ဖြစ်ပါကြောင်း၊ နိုင်ငံရေး ဆွေးနွေးပွဲ အဆင့်ဆင့် ကျင်းပရခြင်း ရည်ရွယ်ချက်မှာ ဒီမိုကရေစီနှင့်ဖက်ဒရယ် စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရေးအတွက် ဖြစ်ပါ ကြောင်း။

## စိုးရိမ်စိတ်ဖြင့် အားလုံးစောင့်ဆိုင်းနေ

အချို့က ငြိမ်းချမ်းရေးဖြစ်စဉ်ကြီး ရပ်တန့်သွားသည်၊ တစ်ဆို့သွားသည်၊ ၂၀၁၈ ခုနှစ် 10 Plus 10 အစည်းအဝေး နောက်ပိုင်းတွင် ရပ်သွားပြီဟု ထင်ကြပါ ကြောင်း၊ ၂၀၁၉ ခုနှစ် တစ်နှစ်ပတ်လုံး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ မကျင်းပနိုင်သည့်အတွက် ငြိမ်းချမ်းရေးဖြစ်စဉ် မည်သို့ဖြစ်သွားမည်ဆိုသည်ကို စိုးရိမ်စိတ်ဖြင့် အားလုံး စောင့်ဆိုင်းနေခဲ့ကြပါကြောင်း၊ သို့သော် ယင်းကာလတစ်ခု လုံး မိမိတို့ UPDJC အနေဖြင့် နေ့မအား၊ ညမနား အလုပ်လုပ်နေကြပါကြောင်း၊ ထို့ကြောင့် ယနေ့ကျင်းပသည့် UPDJC အစည်းအဝေးနှင့် ပြည်ထောင်စုငြိမ်းချမ်း ရေးညီလာခံ -(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးတို့ကို အောင်မြင်စွာ ကျင်းပ နိုင်ခြင်းဖြစ်ပါကြောင်း။

## အလွတ်သဘောဆွေးနွေး

၂၀၂၀ ဇန်နဝါရီ ၈ ရက်တွင် ကျင်းပသည့် JICM အစည်းအဝေးဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရန် အလုပ်အဖွဲ့ ဖွဲ့ထားပါကြောင်း၊ မိမိတို့ တိုင်းပြည် အတွက် မျှော်လင့်ချက်များကို ယင်းအလုပ်အဖွဲ့များက ဆွေးနွေးနိုင်ခဲ့ကြပါ ကြောင်း၊ မိမိတို့ လိုလားသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စု ထူထောင်နိုင်ရန်အတွက် အလုပ်အဖွဲ့များနှင့် ဆက်လက်ညှိနှိုင်း မည်ဆိုပါက လိုလားသည့် ငြိမ်းချမ်းရေးကို ရလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ နောက်တစ်ဆင့် လုပ်ဆောင်ရန်လိုအပ်သည်မှာ UPDJC အဖွဲ့ဝင်များ ယခုကဲ့သို့ ဆက်စပ်ညှိနှိုင်းနေခြင်းမျိုးမဟုတ်ဘဲ ခေါင်းဆောင်များအချင်းချင်း အလွတ် သဘောဆွေးနွေးပြီး ရင်းနှီးမှုများဖန်တီးသည့် ပုံသဏ္ဌာန်မျိုး လုပ်နိုင်မည်ဆိုပါက ပိုမို ကောင်းမွန်နိုင်မည်ဟု ထင်မြင်ပါကြောင်း။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

UPDJC ဆက်လက်ခိုင်မာရန်၊ UPDJC အတွင်းရေးမှူးအဖွဲ့၊ အလုပ်အဖွဲ့များနှင့် ကဏ္ဍအလိုက် ကော်မတီများ ဆက်လက်အလုပ်လုပ်နိုင်ရန်အတွက် ဆက်လက်ကြိုးစားကြရမည် ဖြစ်ပါကြောင်း၊ မကြာမီကာလတွင် ရွေးကောက်ပွဲကျင်းပမည်ဖြစ်ပါကြောင်း၊ ယင်းရွေးကောက်ပွဲမှ တက်လာသည့် အစိုးရက ယခုငြိမ်းချမ်းရေးဖြစ်စဉ်ကို ဆက်လက်ဆောင်ရွက်နိုင်မည်ဟု အပြည့်အဝ ယုံကြည်ပါကြောင်း၊ ယခုညီလာခံက ဆုံးဖြတ်မည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃)တွင် ၂၀၂၀ အလွန်၌ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်ရမည်ဆိုသည့် ကဏ္ဍပါဝင်ပါကြောင်း၊ ထို့ကြောင့် ယခုကဏ္ဍကို ဆက်လက်အကောင်အထည်ဖော်နိုင်ရန် ဝိုင်းဝန်းကြိုးစားသင့်ပါကြောင်း။

### ဝိုင်းဝန်းလက်တွဲဆောင်ရွက်

ယနေ့ မိမိတို့တိုင်းပြည်တွင် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ် နှစ်ခုလုံးကို တစ်ပြိုင်နက်တည်း ဆောင်ရွက်နေပါကြောင်း၊ မိမိတို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ရန် အကန့်အသတ်ရှိနေပါကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပြည်သူလူထုတစ်ရပ်လုံး ပါဝင်လာနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ UPDJC လုပ်ငန်းစဉ်များ အရေးကြီးမှုကို လူထုအားရွေးကောက်ပွဲမှတစ်ဆင့် တင်ပြပေးရန် မေတ္တာရပ်ခံလိုပါကြောင်း၊ ငြိမ်းချမ်းရေးတွင် ပြည်သူလူထု၏ ပါဝင်မှုအခန်းကဏ္ဍကို ကြည့်မည်ဆိုပါက အားရမှုမရှိသေးပါကြောင်း၊ တိုင်းပြည်မငြိမ်းချမ်း၍ မဖြစ်ဘူးဆိုသည့် ခံယူချက်ဖြင့် ပြည်သူလူထုတစ်ရပ်လုံးက မိမိတို့နှင့်အတူ ဝိုင်းဝန်းလက်တွဲဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ဩဂုတ် ၂၁ ရက်တွင် ကျင်းပမည့် ညီလာခံ၌တင်သွင်းပြီး လက်မှတ်ရေးထိုးစာချုပ်ချုပ်ဆိုမည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃)သည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားခဲ့သည့်အတိုင်း ၂၀၂၀ ပြည့်နှစ် အလွန်ကာလအတွက် လမ်းသစ်ဖောက်ပေးနိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံရေးဆွေးနွေးပွဲများသည် အမှန်တကယ်ထိရောက်မှုရှိပြီးအလုပ်ဖြစ်ခဲ့ပါကြောင်း၊ ယခင်က မစဉ်းစားခဲ့ဖူးသည့် အကြောင်းအရာများကို ယနေ့ မိမိတို့ ဆွေးနွေးနေကြပြီဖြစ်ပါကြောင်း၊ သဘောတူညီချက်များရရှိအောင်



UPDJC ဒုတိယဥက္ကဋ္ဌ
ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း



UPDJC ဒုတိယဥက္ကဋ္ဌ
ဦးသုဝေ



UPDJC ဒုတိယဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ

ဆွေးနွေးနိုင်သည့်အဆင့်ကို ရောက်ရှိလာသည့်အပြင် လက်တွေ့အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များ ချမှတ်နိုင်သည်အထိ သဘောတူညီချက်များ ရရှိခဲ့ပြီးဖြစ်ပါကြောင်း။

### အထူးအလေးထားဂုဏ်ပြု

“ငြိမ်းချမ်းရေးအတွက် ဘာမှမလိုဘူး၊ စိတ်ရင်းစေတနာမှန်ဖို့ပဲ လိုတယ်” ဆိုသည့် စကားသည် လွန်စွာမှန်ကန်ပါကြောင်း၊ မိမိတို့ UPDJC အဖွဲ့ဝင်အားလုံး၏ မှန်ကန်သည့် စိတ်ရင်းစေတနာကြောင့် ဆွေးနွေးညှိနှိုင်းမှုများ အဆင်ပြေအောင်မြင်လာခြင်းဖြစ်သည်ဟု အခိုင်အမာယုံကြည်ပါကြောင်း၊ ယင်းသည် ပြည်ထောင်စုအကျိုးကို ဦးထိပ်ထားသည့် “UPDJC စိတ်ဓာတ်” ဖြစ်ပြီး မိမိအနေဖြင့် ယင်းစိတ်ဓာတ်ကို အထူးအလေးထား ဂုဏ်ပြုအပ်ပါကြောင်း။

“ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အား ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကိုရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန်”ဆိုသည်မှာ မိမိတို့ UPDJC ၏ ရည်မှန်းချက်တာဝန်ဖြစ်ပါကြောင်း၊ ယင်းရည်မှန်းချက်ပြည့်ဝရန် သမိုင်းနှင့်ချီပြီး တည်ရှိခဲ့သည့် နိုင်ငံရေးပြဿနာများကို ဖြေရှင်းကြရမည်ဖြစ်ပါကြောင်း၊ တစ်ချိန်တည်းတွင် သမိုင်းနှင့်ချီပြီး တည်ရှိနေသည့် သံသယများ၊ မယုံကြည်နိုင်မှုများကို ဖယ်ရှားပေးရန် မိမိတို့အနေဖြင့် ယုံကြည်မှုတည်ဆောက်ရေးကို အလေးအနက်ထားပြီး ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

### နိုင်ငံရေးပြဿနာများကို အဖြေထုတ်

၂၀၂၀ အလွန် နိုင်ငံရေးဆွေးနွေးပွဲများ အရှိန်အဟုန်မြှင့်တင်ရေးသည် အလွန်အရေးကြီးပါကြောင်း၊ ထို့ကြောင့် မိမိတို့ UPDJC ၏ ရည်မှန်းချက်နှင့် တာဝန်သည် အထူးအရေးကြီးသည်ဟု ဆိုနိုင်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းနိုင်ရေးသည်လည်း UPDJC ၏ ကြိုးပမ်းအားထုတ်မှုများပေါ်တွင် တည်မှီနေပါကြောင်း၊ ၂၀၂၀ အလွန် ကာလတွင်လည်း UPDJC သည် ဆက်လက်ရှိနေဦးမည်ဖြစ်ပြီး နိုင်ငံရေးပြဿနာများကို အဖြေထုတ်ပေးနိုင်ရန်အတွက် ဆက်လက်ကြိုးပမ်းနေဦးမည် ဖြစ်ပါကြောင်း၊ UPDJC တွင် ပါဝင်သည့် အစုအဖွဲ့ကိုယ်စားလှယ်တချို့ ပြောင်းလဲကောင်း ပြောင်းလဲသွားနိုင်ပါကြောင်း၊ အဖွဲ့ဝင်များ မည်သို့ပြောင်းလဲသည်ဖြစ်စေ ယနေ့ မိမိတို့ တည်ဆောက်ထားသည့် UPDJC စိတ်ဓာတ်သည် မပြောင်းလဲဘဲ ဆက်လက်တည်ရှိနေဦးမည် ဖြစ်ပါကြောင်း၊ ယင်းစိတ်ဓာတ်ဖြင့် ဆောင်ရွက်မည်ဆိုပါက အောင်မြင်မှု အသေအချာရရှိမည် ဖြစ်ပါကြောင်း၊ မိမိတို့သည် မတူညီသည့် အဖွဲ့အစည်းများ၊ အစုအဖွဲ့များကို ကိုယ်စားပြုပြီး UPDJC တွင် လာရောက်တွေ့ဆုံ အတူတူလက်တွဲပြီး ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ အမြင်မတူသည်များ ရှိသကဲ့သို့ ငြင်းခုံရခြင်းများလည်း ရှိခဲ့ပါကြောင်း၊ သို့သော် မိမိတို့ အပြုံးမပျက်၊ နှုတ်ဆက်မပျက်ဘဲ အစည်းအဝေးတစ်ကြိမ် ရောက်ရှိလာတိုင်း တက်တက်ကြွကြွဖြင့် အဆင်သင့်ရှိနေခဲ့ကြသည်ကို အစဉ်အမြဲတွေ့ရှိခဲ့ရပါကြောင်း၊ (၄)နှစ်ကျော်ကာလအတွင်း UPDJC တွင် အတူလက်တွဲ၍ ပူးပေါင်းဆောင်ရွက်ခွင့်ရရှိခဲ့သည့်အတွက် UPDJC အဖွဲ့ဝင်များ၊ အတွင်းရေးမှူးများ၊ အကျိုးဆောင်များနှင့် အလုပ်အဖွဲ့ဝင်များအားလုံးကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနကိုယ်စား ဂုဏ်ယူလေးစားစွာဖြင့် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း။

### ညီညွတ်သည့်စိတ်ဓာတ်ကို ဆက်လက်ထိန်းသိမ်း

၂၀၂၀ အလွန် ကာလတွင်လည်း UPDJC ၏ ညီညွတ်သည့် စိတ်ဓာတ်ကို ဆက်လက်ထိန်းသိမ်းပြီး UPDJC ၏ ရည်မှန်းချက်၊ မိမိတို့ပြည်ထောင်စုကြီး၏ မျှော်လင့်ချက်ကို ဆတက်ထမ်းပိုး ဆက်လက်ကြိုးပမ်းထမ်းဆောင်နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ လူနာများအား သွေးရည်ကြည်ဖြင့် ကုသခြင်းနှင့်ပတ်သက်၍ သတင်းမီဒီယာများအား ရှင်းလင်း

**ရန်ကုန် ဩဂုတ် ၂၀**

ကိုဗစ်-၁၉ လူနာများအား သွေးရည်ကြည်ဖြင့် ကုသခြင်းနှင့်ပတ်သက်၍ လက်ရှိအခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များအကြောင်း သတင်းမီဒီယာများအား ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဆေးသုတေသနဦးစီးဌာန၌ ရှင်းလင်းတင်ပြခဲ့သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေး၏ မီဒီယာများသို့ ပေးပို့သော သတင်းစကားကို ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ပါမောက္ခဇော်သန်းထွန်းက ပြောကြားခဲ့သည်။ ထို့နောက် ကုသရေး Ad-hoc အကြံပေးအဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခဦးရဲမြက သွေးရည်ကြည်ဖြင့် ကိုဗစ်-၁၉ လူနာများအား ကုသခြင်းကိစ္စအခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များအကြောင်းကို ရှင်းလင်းသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဧပြီလ ၁၆ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါခံစားရပြီး ပြန်လည်ကောင်းမွန်လာသူများ၏ သွေးရည်ကြည်နှင့် လက်ရှိဝေဒနာ ခံစားနေရသူများအား ကုသရန် Ad-hoc ကော်မတီ တစ်ခုကို ပါမောက္ခဦးရဲမြအား ဥက္ကဋ္ဌအဖြစ် ခန့်အပ်၍ အဖွဲ့ဝင် ၁၂ ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

အဆိုပါအဖွဲ့အနေဖြင့် ဆေးပညာအတွေ့အကြုံရင့်ကျက်မှုနှင့် နိုင်ငံတကာလေ့လာမှုများ ပေါင်းစပ်ကာ ရောဂါဖြစ်ပွားပြီး ပြန်လည်ကောင်းမွန်လာသော အချို့သွေးရည်ကြည်အလှူရှင်များ၏ သွေးရည်ကြည်နှင့် ကုသမှုများ ပြုလုပ်ပေးနိုင်ခဲ့သည်။ အဖွဲ့အနေဖြင့် ကုသရေးနှင့်ပတ်သက်သည့် ကျင့်ဝတ်ဆိုင်ရာခွင့်ပြုချက်ကို မေလ ၈ ရက်နေ့တွင် ရရှိခဲ့ပြီး ဝေဘာဂီဆေးရုံတွင် သွေးလှူဘဏ်ခွဲတစ်ခုကို စတင်ထူထောင်ခဲ့သည်။ ယင်းနောက် ရောဂါလက္ခဏာပြင်းထန်ခဲ့ပြီး ပြန်လည်ကောင်းမွန်လာသူများထံမှ သွေးရည်ကြည်ကို အလှူခံခဲ့သည်။ ထို့နောက် မေလ ၂၅ ရက်နေ့မှစ၍ ရောဂါလက္ခဏာ ပြင်းထန်သောလူနာများကို ကုသပေးခဲ့ရာ လူနာရှစ်ဦးအထိ ကုသပေးခဲ့ရသည်။

ထိုသို့ လူနာများအား ကုသမှုပေးခဲ့ရာတွင် သွေးရည်ကြည်တစ်မျိုးတည်းဖြင့် ကုသပေးခြင်းမဟုတ်ဘဲ အခြားဆေးဝါးများ၊ အထူးကုဆရာဝန်ကြီးများ၊ အထူးကြပ်မတ်ကုသခန်းများဖြင့် ပါဝင်ကုသပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယခုအခါ ကုသမှုခံယူခဲ့သော လူနာ ရှစ်ဦးအနက် လေးဦးကို ဆေးရုံမှဆင်းခွင့်ပြုပေးခဲ့ပြီး ကျန် လေးဦးမှာ ပြန်လည်ကျန်းမာလာသော်လည်း အခြေခံရောဂါများကို ဆက်လက်ကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူလူနာများအတွက် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍





သွေးရည်ကြည်ဖြင့် ကိုဗစ်-၁၉ လူနာများအား ကုသရေး Ad-hoc အကြံပေးအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ရဲမြ ရှင်းလင်းပြောကြားစဉ်။ ဓာတ်ပုံ - ထိန်လင်း

ပါမောက္ခဦးရဲမြက “ ကိုဗစ်-၁၉ ကူးစက်ခံရတဲ့လူနာကို ရောဂါပြင်းထန်သည်ဖြစ်စေ၊ မပြင်းထန်သည်ဖြစ်စေ သူတို့ရဲ့သွေးရည်ကြည်ကို တိုင်းကြည့်မယ်။ ဒီသွေးရည်ကြည်မှာ ပဋိပစ္စည်းပမာဏ များတယ်ဆိုရင် သူတို့ကို အလှူခံမှာပါ။ အဲဒီလိုအလှူခံပြီး သိမ်းထားမယ်။ တစ်နှစ်လောက်အထိ သိမ်းထားလို့ရတယ်။ အခုတော့ မလိုသေးဘူး။ မတော်တဆများ လူနာ ၁၀ ယောက်လောက် ရောက်လာခဲ့ရင် သုံးဖို့အဆင်သင့်ဖြစ်အောင် ပြင်ဆင်ထားချင်ပါတယ်” ဟု ပြောသည်။

ဆက်လက်၍ မြန်မာနိုင်ငံ၌ SARS-CoV-2 ဗိုင်းရပ်စ်၏ မျိုးရိုးဗီဇ ပြောင်းလဲလာခြင်းနှင့် ပတ်သက်၍ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ပါမောက္ခဇော်သန်းထွန်းက သတင်းမီဒီယာများအား အသိပေး ပြောကြားသည်။

ဆေးသုတေသနဦးစီးဌာနသည် ဧပြီလ ၂၃ ရက်နေ့မှ စတင်ကာ ကိုဗစ်-၁၉ ရောဂါကို မော်လီကျူးနည်းပညာဖြင့် ဓာတ်ခွဲစစ်ဆေးပေးခဲ့ရာ ဓာတ်ခွဲနမူနာပေါင်း ပျမ်းမျှတစ်နေ့လျှင် ၂၀၀-၃၀၀ ခန့်ကို လက်ခံစစ်ဆေးပေးလျက်ရှိသည်။ ဩဂုတ် ၁၆ ရက်အထိ ဓာတ်ခွဲနမူနာပေါင်း နှစ်သောင်းကျော်ကို စစ်ဆေးပေးခဲ့ပြီး ပိုးတွေ့လူနာ ၁၁၀ ကို ရှာဖွေဖော်ထုတ်ပေးနိုင်ခဲ့သည်။ မျိုးရိုးဗီဇတစ်ခုလုံးကို လေ့လာနိုင်ခြင်းအားဖြင့် ဗိုင်းရပ်စ်၏ ရောဂါကူးစက်ပျံ့နှံ့မှု၊ အခြားနိုင်ငံများတွင် ဖြစ်ပွားသည့်ပိုးနှင့် မျိုးဗီဇဆင်တူမှု၊ ရောဂါပြင်းထန်စေနိုင်မှု ပမာဏတို့နှင့် ဗီဇဆက်နွယ်မှုများကို လေ့လာသိရှိနိုင်သည်။

မြန်မာနိုင်ငံ ဆေးသုတေသနသုတေသီများအနေဖြင့် နိုင်ငံတွင်းတွေ့ရှိသည့် SARS-CoV-2 ပိုး၏ မျိုးဗီဇတစ်ခုလုံးကို စစ်ဆေးနိုင်သည့် နည်းပညာကို မေလမှစတင်ကြိုးစားခဲ့ရာ လေကြောင်းလိုင်း အခက်အခဲကြောင့် ဓာတ်ခွဲပစ္စည်းများ ရရှိမှုနှောင့်နှေးခဲ့ရသည်။

ဓာတ်ခွဲပစ္စည်းများ ရရှိသည်နှင့် ချက်ချင်းလေ့လာဆောင်ရွက်ခဲ့ရာ ပိုးတွေ့ဓာတ်ခွဲနမူနာများထဲမှ ဗိုင်းရပ်စ်ပိုး အရေအတွက်များသည့် နမူနာများကို ရွေးချယ်ကာ ပြည်တွင်းကူးစက်မှုဖြစ်ပေါ်ခဲ့သော လူနာများနှင့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများထံမှ ပိုးတွေ့ဓာတ်ခွဲနမူနာ ၁၀ ခုကို စိစစ်ကာ SARS-CoV-2 ၏ မျိုးဗီဇတစ်ခုလုံးကို အဆင့်မြင့်မျိုးဗီဇစစ်ဆေးစက်ဖြင့် လေ့လာဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ဗိုင်းရပ်စ်၏ မျိုးဗီဇတစ်ခုလုံးကို အောင်မြင်စွာ ဖော်ထုတ်နိုင်ခဲ့သည့်အတွက် နိုင်ငံတကာအသိအမှတ်ပြု (US NCB/NIH) database တွင် တင်သွင်းကာ စိစစ်မှုခံယူနိုင်ခဲ့ကြောင်း သိရသည်။

ဓာတ်ခွဲနမူနာ ၁၀ ခု စစ်ဆေးခဲ့ရာ မြန်မာနိုင်ငံအတွင်း ရောဂါပိုးဇီဝမျိုးကွဲများ ဝင်ရောက်ခဲ့ကြောင်း သိရှိရပြီး ပြည်တွင်းကူးစက်မှု ဖြစ်ပေါ်ခဲ့သော ဓာတ်ခွဲနမူနာ ငါးခုအနက် တစ်ခုတွင်သာ G614 ဗီဇပြောင်းလဲမှုတွေ့ရှိသည့်အတွက် ကျယ်ကျယ်ပြန့်ပြန့် ကူးစက်ပြန့်ပွားခြင်း မရှိခဲ့ခြင်းဖြစ်သည်ဟု သုံးသပ်ရသည်။ သို့သော် ပြည်ပမှ ပြန်ရောက်လာသူများထံမှရသည့် ဓာတ်ခွဲနမူနာ ၅ ခုလုံးတွင် G614 ဗီဇပြောင်းလဲမှုကို တွေ့ရှိခြင်းကြောင့် ထိုကူးစက်မှုမြန်သည့် ပိုးအမျိုးအစားများမှ ပြည်တွင်းကူးစက်မှုများဖြစ်ပေါ်လာပါက ဒုတိယလှိုင်း ဖြစ်နိုင်ချေရှိသည်ကို အထူးသတိပြုရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ UPDJC ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အကြိမ်(၂၀) မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အစည်းအဝေးတွင် ပြောကြားသည့် မိန့်ခွန်း

(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၀ ရက်)

ဒီကနေ့ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ရဲ့ အကြိမ်(၂၀)မြောက် အစည်းအဝေးကို တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်များအားလုံးကို ကြိုဆိုနှုတ်ခွန်းဆက်ပါတယ်။ ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့ပါတယ်။

ယမန်နေ့က ညီလာခံကြီးမှာ တင်သွင်းခဲ့တဲ့ ပြည်ထောင်စုသဘောတူစာချုပ်၊ အစိတ်အပိုင်း(၃)ရဲ့ အပိုင်း(၃)ပိုင်းကို ဒီကနေ့ UPDJC မှာ ဆွေးနွေးအတည်ပြုပြီး ညီလာခံမှာ လက်မှတ်ရေးထိုးချုပ်ဆိုနိုင်အောင် ဆက်လက်ဆောင်ရွက်သွားကြရဦးမှာ ဖြစ်ပါတယ်။

### အကျေအလည်ဆွေးနွေးညှိနှိုင်း

ပထမဦးဆုံးပြောကြားလိုတဲ့ အချက်ကတော့ ကျွန်မတို့ရဲ့ UPDJC မှာ အကျေအလည် ဆွေးနွေးညှိနှိုင်းပြီး (၂၁)ရာစုပင်လုံညီလာခံ၊ ဒုတိယအစည်းအဝေးမှာ ချုပ်ဆိုခဲ့တဲ့ ပြည်ထောင်စုသဘောတူစာချုပ်၊ အစိတ်အပိုင်း(၁)နဲ့ (၂၁)ရာစုပင်လုံ၊ တတိယအစည်းအဝေးမှာ ချုပ်ဆိုခဲ့တဲ့ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၂)တွေမှာ ပါရှိပြီးဖြစ်တဲ့ အခြေခံမူတွေကိစ္စ ဖြစ်ပါတယ်။

ဒီညီလာခံ(၂)ကြိမ်မှာ ချုပ်ဆိုခဲ့တဲ့ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်းတွေထဲက အခြေခံမူ (၅၁)ချက် ကျွန်မတို့ရရှိထားခဲ့ပြီး ဖြစ်ပါတယ်။ ဒီအခြေခံမူတွေကို ဘာလုပ်မှာလဲ၊ အသုံးမပြုတော့ဘူးလားဆိုတဲ့ မေးခွန်းတွေလည်း ရှိနေပါတယ်။ ဒီအတွက်လည်း စိတ်မပူကြဖို့ ပြောကြားလိုပါတယ်။ ဒီညီလာခံမှာချုပ်ဆိုမယ့် ပြည်ထောင်စုသဘောတူစာချုပ်ရဲ့ အပိုင်း(၂) ဖြစ်တဲ့ ၂၀၂၀ အလွန် အဆင့်လိုက် လုပ်ငန်းစဉ်များနဲ့ အဆင့်လိုက် အကောင်အထည်ဖော်မှုတွေမှာ ကျွန်မတို့အနေနဲ့ ခေါင်းစဉ်ကြီး (၈)ခုပဲ သဘောတူညီမှုရရှိထားတာ ဖြစ်ပါတယ်။ ဒီခေါင်းစဉ်ကြီး (၈)ခုလုံးဟာ ကျွန်မတို့ UPDJC က ရေးဆွဲချမှတ်ခဲ့တဲ့ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်မှာ ပါရှိတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ မြေယာသယံဇာတနဲ့ သဘာဝပတ်ဝန်းကျင်စတဲ့ ကဏ္ဍကြီး(၅)ခုနဲ့ အကျုံးဝင်ပါတယ်။ အဆင့်လိုက် ဆွေးနွေးမှုတွေ ဆက်လက်ဆောင်ရွက်ကြတဲ့အခါ မူလရရှိပြီးသား အခြေခံမူ (၅၁)ချက် သဘောတူညီပြီး အခြေခံမူတွေအဖြစ် သက်ဆိုင်တဲ့ ခေါင်းစဉ်ကြီးတွေအောက်ကို ရောက်ရှိလာကြမှာ ဖြစ်ပါတယ်။

ကျွန်မတို့အားလုံး အကျေအလည် ဆွေးနွေးညှိနှိုင်းပြီး သဘောတူညီချက်ရရှိထားတဲ့ အခြေခံမူ(၅၁)ချက်ကို သက်ဆိုင်တဲ့ ခေါင်းစဉ်တွေအောက်မှာ ထည့်သွင်းပြီး အဆင့်လိုက် အကောင်အထည်ဖော်မှုတွေကို အကောင်အထည်ဖော်ဆောင်သွားဖို့ပါပဲ။ ပြောရရင် ခေါင်းစဉ်ခွဲတွေ ဆက်လက်ဆွေးနွေးပြီး အဆင့်လိုက်ဖော်ဆောင်မယ့် ဇယား(၂)ရရှိလာရင် မူလပြည်ထောင်စုသဘောတူစာချုပ်၊ အစိတ်အပိုင်း(၁)နဲ့ အစိတ်အပိုင်း(၂)ရဲ့ အခြေခံမူတွေ အကောင်အထည်ဖော်တဲ့အခြေအနေကို ဆက်လက်ဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

### နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ပြင်ဆင်ရေး

ဒုတိယအချက်အနေနဲ့ ပြောကြားလိုတာကတော့ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ပြင်ဆင်ရေးကိစ္စ ဖြစ်ပါတယ်။ UPDJC ဟာ နိုင်ငံရေးဆွေးနွေးပွဲတွေကို ဦးဆောင်လမ်းညွှန်ကြီးကြပ်ဖို့ တာဝန်ရှိတဲ့အပြင် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ကို ရေးဆွဲဖို့နဲ့ ပိုမိုကောင်းမွန်အောင် ပြင်ဆင်ဖြည့်စွက်ဖို့ အဓိကတာဝန်ရှိပါတယ်။ ပြန်ပြီးသုံးသပ်ကြည့်လိုက်ရင် ကျွန်မတို့ UPDJC က ရေးဆွဲပြီး (၁၀) ကြိမ်ကျော် ပြင်ဆင်ထားပြီးဖြစ်တဲ့ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ဟာ နိုင်ငံရေးဆွေးနွေးပွဲတွေနဲ့ ပတ်သက်ပြီး ဘယ်သူတွေပါဝင်ရမယ်၊ ဘယ်လိုဆွေးနွေးပွဲတွေ လုပ်ရမယ်၊ ဘယ်လိုအကြောင်းအရာတွေ ဆွေးနွေးကြရမယ်ဆိုတဲ့အချက်တွေ အများစုပါဝင်နေတာကို တွေ့ရှိနိုင်ပါတယ်။ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ကို အခြေခံပြီး လုပ်ငန်းလမ်းညွှန် (TOR) (၈)ခုနဲ့ လုပ်ထုံးလုပ်နည်း (SOP) (၁)ခု ရေးဆွဲထားတာ ရှိပါတယ်။

ကျွန်မတို့ရဲ့ လုပ်ငန်းလမ်းညွှန် (TOR) တွေနဲ့ လုပ်ထုံးလုပ်နည်း (SOP) တွေဟာ နိုင်ငံရေးဆွေးနွေးမှု မူဘောင်ကိုအခြေခံပြီး ရေးဆွဲထားတာ ဖြစ်တဲ့အတွက် အစည်းအဝေးနဲ့ ဆွေးနွေးပွဲကျင်းပရေးနဲ့ သက်ဆိုင်တာတွေက ပိုမိုများပြားနေပါတယ်။ ဒါဟာလည်း ပြည်ထောင်စုသဘောတူစာချုပ်မှာ အခြေခံမူတွေ ရယူနိုင်ရေးကို ဦးတည်ခဲ့တဲ့အတွက် ဒီလိုပုံစံမျိုး ဖြစ်နေကြတာပါ။ ရှေ့ဆက်မယ့် UPDJC ရဲ့ လုပ်ငန်းစဉ်တွေကို မျှော်ကြည့်လိုက်ရင် အခုညီလာခံမှာ လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုမယ့် ၂၀၂၀ အလွန် အဆင့်လိုက် လုပ်ငန်းစဉ်တွေနဲ့ အဆင့်လိုက် အကောင်အထည်ဖော်မှုတွေနဲ့ လိုက်လျောညီထွေဖြစ်မယ့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ကို ဦးစားပေးရေးဆွဲရမှာ ဖြစ်ပါတယ်။ အဆင့်လိုက်ဆွေးနွေးမှုတွေ ဆက်လက်ဆောင်ရွက်ရမှာဖြစ်ပြီး UPDJC က ရရှိလာတဲ့ နိုင်ငံရေးသဘောတူညီချက်တွေကို ဘယ်လိုအကောင်အထည်ဖော်မလဲဆိုတာကိုတော့ ကျွန်မတို့ရဲ့ လုပ်ငန်း ကော်မတီတွေမှာ ဆက်လက်ညှိနှိုင်းဆွေးနွေးကြရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် လက်တွေ့ကျပြီး အလုပ်ဖြစ်တဲ့ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်တစ်ခုရရှိလာအောင် ကျွန်မတို့ UPDJC အနေနဲ့ ဆွေးနွေးညှိနှိုင်းမှုတွေ အများကြီး လုပ်ဆောင်ကြရဦးမှာဖြစ်ပါတယ်။



ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ UPDJC ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အကြိမ် (၂၀)မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်။

> **“အရင်ကဆိုရင် အစည်းအဝေးစားပွဲဝိုင်းပေါ်ရောက်မှ တွေ့ဆုံညှိနှိုင်းလေ့ရှိကြတဲ့အတွက် သဘောတူညီချက်ရယူဖို့ ကြန့်ကြာနေတတ်တာတွေရှိခဲ့ပါတယ်။ အခုဆိုရင် ကျွန်မတို့ အချင်းချင်းကြားမှာ ကြိုတင်တွေ့ဆုံ၊ ကြိုတင်ညှိနှိုင်းတဲ့ ချဉ်းကပ်မှုအသစ်တွေ တိုးမြှင့်ဆောင်ရွက်လာတဲ့အတွက် UPDJC စားပွဲဝိုင်းတွေမှာ အကြိတ်အနယ် ငြင်းခုံရတာမျိုးတွေ တစ်စထက်တစ်စ နည်းပါးလာ”**

### အနာဂတ်ခရီး

တတိယအချက်အနေနဲ့ ပြောကြားလိုတာကတော့ UPDJC ရဲ့ အနာဂတ်ခရီးဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ ငြိမ်းချမ်းရေးဆွေးနွေးမှုတွေ ရှိခဲ့ပါတယ်။ လွတ်လပ်ရေးရပြီးနောက် ပထမဦးဆုံး ပေါ်ပေါက်လာတဲ့ နိုင်ငံရေးဆွေးနွေးပွဲဆိုတာကတော့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံနဲ့ နောက်ဆက်တွဲ နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်ပဲ ဖြစ်ပါတယ်။ ဒီနိုင်ငံရေး ဆွေးနွေးပွဲအဆင့်ဆင့်ကို အဓိက တာဝန်ယူဆောင်ရွက်ရတာက ကျွန်မတို့ရဲ့ UPDJC ပဲ ဖြစ်ပါတယ်။ UPDJC ကို အစိုးရ၊ လွှတ်တော်၊ တပ်မတော်ပါဝင်တဲ့ အစိုးရအစုအဖွဲ့၊ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့နဲ့ နိုင်ငံရေးပါတီများ အစုအဖွဲ့တို့နဲ့ အချိုးညီ ဖွဲ့စည်းထားတာဖြစ်ပါတယ်။

နောက်ခံတွေ မတူညီကြသလို ကိုယ်စားပြုအဖွဲ့အစည်းတွေရဲ့ ရပ်တည်ချက်တွေကလည်း မတူညီကြပါဘူး။ ဒီ(၄)နှစ်ကျော်ကာလအတွင်းမှာ ကျွန်မတို့အားလုံး UPDJC ဆိုတဲ့ ကော်မတီတစ်ခုအတွင်းမှာ လက်တွဲပူးပေါင်း ကြိုးပမ်းဆောင်ရွက်ခဲ့တာတွေဟာ ငြိမ်းချမ်းတည်ငြိမ်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေးဆိုတဲ့ ဘုံရည်မှန်းချက်အရပဲ ဖြစ်ပါတယ်။ UPDJC ရဲ့ ဖွဲ့စည်းတည်ဆောက်မှုနဲ့အညီ သုံးပွင့်ဆိုင်၊ သုံးနားညီဟန်ချက်ညီညီ၊ နားလည်မှုရှိရှိ ကြိုးပမ်းဆောင်ရွက်ခဲ့ကြလို့လည်း ဒီကနေ့ ညီလာခံကြီးအထိ ကျွန်မတို့ လျှောက်လှမ်းနိုင်ခဲ့ကြတာ ဖြစ်ပါတယ်။

အားလုံးသိတဲ့အတိုင်း ကျွန်မတို့ရဲ့ ဆွေးနွေးပွဲတွေမှာ အကြိတ်အနယ် ငြင်းခုံရတာတွေရှိပါတယ်။ ညှိနှိုင်းလို့မရတဲ့ အခြေအနေမှာ ခေတ္တရပ်နားပြီး အစုအဖွဲ့အလိုက် ပြန်လည်ညှိနှိုင်းရတာတွေလည်း ရှိပါတယ်။ အားလုံးက အဆင်ပြေပြီလို့ ထင်မှတ်ခဲ့ပေမယ့်လည်း မမျှော်လင့်ဘဲ ညှိနှိုင်းမရခဲ့တာတွေလည်းရှိပါတယ်။ ဒီလိုအခြေအနေအမျိုးမျိုး၊ နိုင်ငံရေးမိုးလေဝသအမျိုးမျိုးကြားမှာ ကျွန်မတို့ရဲ့ UPDJC ဟာ ပိုပြီးရင့်ကျက်၊ ပိုပြီးတည်ငြိမ်လာတဲ့ အနေအထားကို မီးမောင်းထိုးပြီး ပြောလိုပါတယ်။ အရင်ကဆိုရင် အစည်းအဝေးစားပွဲဝိုင်းပေါ်ရောက်မှ တွေ့ဆုံညှိနှိုင်းလေ့ရှိကြတဲ့အတွက် သဘောတူညီချက်ရယူဖို့ ကြန့်ကြာနေတတ်တာတွေရှိခဲ့ပါတယ်။ အခုဆိုရင် ကျွန်မတို့ အချင်းချင်းကြားမှာ ကြိုတင်တွေ့ဆုံ၊ ကြိုတင်ညှိနှိုင်းတဲ့ ချဉ်းကပ်မှုအသစ်တွေ တိုးမြှင့်ဆောင်ရွက်လာတဲ့အတွက် UPDJC စားပွဲဝိုင်းတွေမှာ အကြိတ်အနယ် ငြင်းခုံရတာမျိုးတွေ တစ်စထက်တစ်စ နည်းပါးလာပါတယ်။

### ရလဒ်ကောင်းတွေ ထွက်ပေါ်လာ

ဒါ့အပြင် နားလည်မှုတွေ ပိုရလာပါတယ်၊ ယုံကြည်မှုတွေ ပိုရှိလာပါတယ်၊ တစ်ဦးတစ်ယောက်က ပြောတဲ့စကားကို နားထောင်ပြီး သူ့စိတ်ထဲက ခံစားချက် ဘယ်လိုရှိတယ် ဆိုတာကို ထပ်တူထပ်မျှ နားလည်သိမြင်လာကြပါတယ်။ ဒါဟာ UPDJC ရဲ့ ရှေ့ဆက်ရမယ့် ခရီးအတွက် ကောင်းမွန်တဲ့အလားအလာတွေပဲ ဖြစ်ပါတယ်။ နိုင်ငံရေးဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးစားပွဲဝိုင်းတွေမှာ သူ့လိုလားချက်၊ ကိုယ့်လိုလားချက် မလျှော့တမ်း ဆုပ်ကိုင်ဆွေးနွေးကြတာထက် ပြည်ထောင်စုရဲ့အကျိုး၊ တိုင်းရင်းသား ပြည်သူအားလုံးရဲ့ အကျိုးကို ရှေးရှုဆွေးနွေးကြတာက ပိုပြီးခရီးရောက်ပါတယ်။ စိတ်ရင်းစေတနာ မှန်ကန်ခြင်းကြောင့် ဆွေးနွေးပွဲတွေဟာ ရလဒ်ကောင်းတွေ ထွက်ပေါ်လာတာမျိုး ဖြစ်ပါတယ်။ အဓိကအချက်က ကျွန်မတို့အားလုံး ပူးတွဲပိုင်ဆိုင်ကြတဲ့ ကျွန်မတို့ရဲ့ ပြည်ထောင်စုကြီးရဲ့ အနာဂတ်အတွက် ကျွန်မတို့အားလုံး ပူးတွဲကြိုးပမ်းခွင့်ရရှိနေတာဟာ အဖိုးမဖြတ်နိုင်တဲ့ သမိုင်းပေးအခွင့်အရေးတစ်ခု ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောလိုတာကတော့ ကျေးဇူးတင်စကား ဖြစ်ပါတယ်။ ဒီကျေးဇူးတင်စကားကို အလေးအနက်ထားပြီး ပြောကြားလိုပါတယ်။ ဒီနိုင်ငံကို စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်မှ ပြည်တွင်းငြိမ်းချမ်းရေးရမယ်၊ အမျိုးသားတန်းတူရေးရှိမှ အမျိုးသားညီညွတ်ရေးရမယ်၊ ဒါတွေအားလုံး ကျွန်မတို့အားလုံး သိရှိနားလည်ထားကြပြီး ဖြစ်ပါတယ်။ ဒါဟာ ကျွန်မတို့အားလုံးရဲ့ ပန်းတိုင်ဖြစ်သလို တိုင်းရင်းသားပြည်သူအားလုံးရဲ့ အိပ်မက်လည်း ဖြစ်ပါတယ်။ ဒီကနေ့အထိ စိတ်မပျက်၊ အားမလျှော့ဘဲ စည်းစည်းလုံးလုံး၊ စုစုစည်းစည်းနဲ့ ကြိုးပမ်းဆောင်ရွက်ခဲ့ကြတဲ့ UPDJC

*စာမျက်နှာ ၆ သို့*

> **“နိုင်ငံရေးဆိုင်ရာစေ့စပ်ညှိနှိုင်းရေးစားပွဲဝိုင်းတွေမှာ သူ့လိုလားချက်၊ ကိုယ့်လိုလားချက် မလျှော့တမ်း ဆုပ်ကိုင်ဆွေးနွေးကြတာထက် ပြည်ထောင်စုရဲ့အကျိုး၊ တိုင်းရင်းသားပြည်သူအားလုံးရဲ့အကျိုးကို ရှေးရှုဆွေးနွေးကြတာက ပိုပြီးခရီးရောက်ပါတယ်။ စိတ်ရင်းစေတနာမှန်ကန်ခြင်းကြောင့် ဆွေးနွေးပွဲတွေဟာ ရလဒ်ကောင်းတွေ ထွက်ပေါ်လာတာမျိုး ဖြစ်ပါတယ်။ အဓိကအချက်က ကျွန်မတို့အားလုံး ပူးတွဲပိုင်ဆိုင်ကြတဲ့ ကျွန်မတို့ရဲ့ ပြည်ထောင်စုကြီးရဲ့ အနာဂတ်အတွက် ကျွန်မတို့အားလုံး ပူးတွဲကြိုးပမ်းခွင့်ရရှိနေတာဟာ အဖိုးမဖြတ်နိုင်တဲ့ သမိုင်းပေးအခွင့်အရေး တစ်ခုဖြစ်”**

# မြဲသော တွဲလက်များမှသည် ထာဝရငြိမ်းချမ်းရေးဆီသို့

## မိမိုးအေး (ဘားအံတက္ကသိုလ်)

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစု ပင်လုံစတုတ္ထအစည်းဝေးကို ၁၉. ၈. ၂၀၂၀ ရက်နေ့က နေပြည်တော်မှာရှိတဲ့ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) မှာ စတင်ကျင်းပနေပါပြီ။ ဒီညီလာခံမတိုင်ခင် ၁၃.၈.၂၀၂၀ ရက်နေ့က (၉)ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက် ပူးတွဲအကောင်အထည်ဖော်ရေးဆိုင်ရာ ညှိနှိုင်းရေးအစည်းအဝေး(Joint Implementation Coordination Meeting – JICM) ကိုလည်း ကျင်းပခဲ့ပါတယ်။ ဒီပွဲကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်ခဲ့ပြီး မိန့်ခွန်းပြောကြားခဲ့ပါတယ်။**

> ❒ စစ်ပွဲတွေကြောင့် ငြိမ်းချမ်းသွားတယ်၊ တိုးတက်သွားတယ်ဆိုတာ မရှိပါဘူး။ စစ်ပွဲတွေကြောင့်သာ လူတွေ သေကြတယ်။ မိဘမဲ့ကြရတယ်။ ကျီးလန့်စာစားနေကြရတယ်။ အိုးမဲ့အိမ်မဲ့ဖြစ်ကြရတယ်။
>
> ❒ ကျွန်မတို့နိုင်ငံမှာလည်း တိုင်းရင်းသားတွေဟာ ဘယ်နေရာ ဘယ်ဒေသမှာပဲ နေနေ၊ မတူညီတဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံတွေ ရှိနေပေမယ့်လည်း အပြန်အလှန်လေးစားပြီး ညီညီညွတ်ညွတ်နေကြမှသာ ထာဝရငြိမ်းချမ်းမှုကို ရမှာပါ။

ပြောကြားသွားတဲ့ မိန့်ခွန်းထဲမှာ ‘နားလည်မှုတွေ မျှဝေကြရတယ်။ ယုံကြည်မှုတွေ တည်ဆောက်ကြရတယ်။ ဒီလိုမျိုး နားလည်မှု၊ ယုံကြည်မှုတွေ တည်ဆောက်နိုင်ဖို့အတွက် ကျွန်မတို့ တိုင်းရင်းသားတွေရဲ့ ဒဏ်ရာဒဏ်ချက်တွေ၊ ခံစားချက်တွေ၊ နာကျင်မှုတွေနဲ့ လိုအင်ဆန္ဒတွေကို ထပ်တူခံစားပေးနိုင်ဖို့ အထူးပဲအရေးကြီးပါတယ်’ ဆိုတဲ့အကြောင်း ပြောကြားခဲ့ပါတယ်။ မှန်ပါတယ်ရှင်။ တစ်ဖက်နဲ့ တစ်ဖက် အပြန်အလှန်လေးစားမှုနဲ့ ယုံကြည်မှုကို တည်ဆောက်နိုင်မှာပါ။ တစ်ယောက်နဲ့ တစ်ယောက် လေးစားမှုမရှိရင် ယုံကြည်မှုတည်ဆောက်လို့ မရနိုင်ပါဘူး။ ယုံကြည်မှုမရှိရင် သံသယတွေ ဖြစ်လာပြီး စေ့စပ်ညှိနှိုင်းလို့ရမှာ မဟုတ်ပါဘူး။

**စစ်ရဲ့ အနိဋ္ဌာရုံ**

နှစ်ပေါင်း ၇၀ ကျော် မငြိမ်းချမ်းခြင်းဆိုတဲ့ ပြဿနာကို ကျွန်မတို့ နည်းလမ်းအမျိုးမျိုးနဲ့ ဖြေရှင်းခဲ့ကြပါတယ်။ အဲဒီလို ဖြေရှင်းတဲ့နည်းလမ်းတွေထဲမှာ လက်နက်နဲ့ ဖြေရှင်းခဲ့ကြတာ ခုချိန်ထိပါပဲ။ အောင်မြင်မှုလည်း မရခဲ့ပါဘူး။ လက်နက်ကိုင်တိုက်တိုင်း မအောင်မြင်နိုင်တာကို တစ်ချိန်က စစ်ဘုရင်လို့ သမိုင်းမှာ နာမည်ကြီးခဲ့တဲ့ အသောကမင်းကြီးက သက်သေပါပဲ။ လက်နက်ကိုစွန့်၊ စစ်ပွဲတွေရပ်လိုက်ပြီး တရားဓမ္မနဲ့ အုပ်ချုပ်ခဲ့တာကြောင့် တိုင်းနိုင်ငံတစ်ခုလုံး ငြိမ်းချမ်းခဲ့ရပါတယ်။ စစ်တိုက်လို့ မငြိမ်းချမ်းဘူးဆိုတာကို သိပြီး အမြင်မှန်ရခဲ့တယ်။ စစ်ရဲ့ အနိဋ္ဌာရုံတွေကြောင့် နောင်တရခဲ့တယ်။

စစ်ပွဲတွေဟာ မငြိမ်းချမ်းဘူး၊ မတိုးတက်ဘူး၊ မဖွံ့ဖြိုးဘူး၊ မတည်ငြိမ်ဘူး။ ရုပ်ပိုင်းဆိုင်ရာသာမကဘဲ စိတ်ပိုင်းဆိုင်ရာပါ ချို့ယွင်းစေပါတယ်။ ကျွန်မတို့အားလုံး စိုးရိမ်မှုတွေမရှိဘဲ နေချင်ကြတယ်။ နာကျင်မှုတွေမရှိဘဲ နေချင်ကြတယ်။ ဘေးအန္တရာယ်မရှိဘဲ နေချင်ကြပါတယ်။ ဆွေးနွေးပွဲမှာ တက်ရောက်ကြတဲ့ ခေါင်းဆောင်များလည်း အသောကမင်းကြီးလို စဉ်းစားကြရင် အကျိုးများမှာ အမှန်ပါပဲ။

နှစ်ပေါင်း ၇၀ စစ်ပွဲတွေဟာ ပြည်ပကျူးကျော်စစ်ပွဲတွေလည်း မဟုတ်ဘဲ ကိုယ့်တိုင်းရင်းသားအချင်းချင်း တိုက်ခိုက်နေကြတာကလည်း ဝမ်းနည်းစရာပါပဲ။ လူတွေရဲ့ တန်ဖိုးရှိလှတဲ့အသက်တွေ မရေတွက်နိုင်အောင် ကျွန်မတို့ ဆုံးရှုံးခဲ့ကြရပြီးပါပြီ။ စစ်ပွဲတွေ မရပ်သေးသရွေ့၊ စစ်ပွဲတွေ ရှိနေသေးသရွေ့အသက်တွေ အများကြီး ထပ်ဆုံးရှုံးရဦးမှာပါ။

**လူ့အသက်ဟာ တန်ဖိုးအရှိဆုံး**

ရောဟိဏီမြစ်ရေကြောင့် နှစ်ဖက်ဆွေမျိုးတွေ စစ်တိုက်ပြီးဖြေရှင်းကြဖို့ ပြင်ဆင်နေတာကို ဗုဒ္ဓကသွားပြီး ဖြေရှင်းပေးခဲ့ပါတယ်။ လောကမှာ တခြားအရာတွေထက် လူ့အသက်ဟာ တန်ဖိုးအရှိဆုံး၊ အရေးအကြီးဆုံး ဖြစ်ပါတယ်လို့ ဗုဒ္ဓက ဆုံးမခဲ့တာကြောင့် အသက်ပေါင်းများစွာ ချမ်းသာရာ ရခဲ့ပါတယ်။ တကယ်တော့ စစ်ပွဲဆိုတာ လူ့အသက်တွေနဲ့ မညှာမတာ ကစားကြတဲ့ပွဲလို့ ကျွန်မမြင်မိပါတယ်။ တန်ဖိုးရှိတဲ့ လူ့အသက်တွေကို စစ်ပွဲတွေမှာ မဆုံးရှုံးစေလိုပါဘူး။

ကိုယ့်ဒေသ၊ ကိုယ့်လူမျိုးအတွက်ဆိုပြီး စစ်တိုက်နေကြတယ်ဆိုတဲ့သူတွေကို သာမန်ပြည်သူတစ်ယောက်အနေနဲ့ ကျွန်မ မေးခွန်းလေးတစ်ခု ရိုးရိုးလေးပဲ မေးကြည့်ပါမယ်။ စစ်ပွဲတွေကြောင့် အဲဒီဒေသတွေမှာ တကယ်ငြိမ်းချမ်းသွားပြီလား၊ တိုးတက်သွားပြီလား၊ အဲဒီဒေသက လူမျိုးစုတွေရဲ့ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးတွေ အဆင့်မြင့်သွားပြီလား။

စစ်ပွဲတွေကြောင့် ငြိမ်းချမ်းသွားတယ်၊ တိုးတက်သွားတယ်ဆိုတာ မရှိပါဘူး။ စစ်ပွဲတွေကြောင့်သာ လူတွေ သေကြတယ်။ မိဘမဲ့ကြရတယ်။ ကျီးလန့်စာစားနေကြရတယ်။ အိုးမဲ့အိမ်မဲ့ဖြစ်ကြရတယ်။ ဒုက္ခရောက်ကြရတယ်။ ပြောလို့တောင် မကုန်နိုင်တာတွေ အများကြီးပါပဲ။ စစ်ပွဲတွေကြောင့် ကောင်းကျိုးတစ်ခုမှ မရှိတာကို ဒီနေ့အထိ ထင်ထင်ရှားရှား မြင်တွေ့နေရတာကတော့ အမှန်ပါပဲ။ စစ်တိုက်ပြီးမှ ဖြေရှင်းနိုင်မှာလား။ စစ်မတိုက်ဘဲနဲ့ရော မဖြေရှင်းနိုင်ဘူးလား။

**စစ်ပွဲတွေရပ်လိုက်တဲ့ နောက်ပိုင်း**

ကျွန်မ ဆယ်စုနှစ်လောက် တာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့ ကရင်ပြည်နယ်ဟာ ကျွန်မစပြီး ရောက်တဲ့အချိန်က အခြေအနေနဲ့ ဒီနေ့ အခြေအနေ အများကြီးကွာခြားသွားပါပြီ။ ဒေသတွင်းစစ်ပွဲတွေရပ်လိုက်တဲ့ နောက်ပိုင်းမှာ တစ်စတစ်စ ဖွံ့ဖြိုးတိုးတက်လာတာပါ။ စစ်ပွဲတွေ မရှိတော့လို့ နယ်မြေအေးချမ်းသွားတယ်။ နယ်မြေအေးချမ်းတာကြောင့် သာယာလှပတဲ့ ကရင်ပြည်နယ်ဟာ ပြည်တွင်း ပြည်ပ ခရီးသွားတွေ မျက်စိကျလာတယ်။ ကုန်စည်စီးဆင်းမှုတွေ ကောင်းလာတယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်လာတယ်။ ဒါဟာ စစ်ပွဲတွေ ရပ်လိုက်လို့ပဲဆိုတာ ဘယ်လိုမှ မငြင်းနိုင်တဲ့ အချက်ပါပဲရှင်။

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစု ပင်လုံစတုတ္ထအစည်းဝေးကို သုံးရက်တိုင်ကျင်းပပြီး တွေ့ဆုံဆွေးနွေးကြမယ့်အဖွဲ့အစည်းအသီးသီးက ခေါင်းဆောင်များအနေနဲ့ ထာဝရငြိမ်းချမ်းရေးကို အမှန်တကယ်ရရှိချင်တဲ့ဆန္ဒရှိကြမယ်လို့ ကျွန်မယုံကြည်ပါတယ်။ ဆွေးနွေးကြတဲ့နေရာမှာ ဘာအရေးကြီးဆုံးလဲဆိုရင် စေတနာပါ။ ဒါကြောင့် ဗုဒ္ဓက ‘စေတနာဟံ ဘိက္ခဝေ ကမ္မံဝဒါမိ – ရဟန်းတို့ စေတနာကို ကံလို့ ငါဘုရား ဟောတယ်’ လို့ မိန့်ကြားထားတာပါ။ ဒါကြောင့် ခုဆွေးနွေးကြမယ့် ခေါင်းဆောင်များက ထာဝရငြိမ်းချမ်းရေးရဖို့ စေတနာထားပြီး ညှိနှိုင်းဆွေးနွေးကြမယ်လို့လည်း ယုံကြည်ပါတယ်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–(၂၁) ရာစုပင်လုံစတုတ္ထအစည်းဝေးဖွင့်ပွဲမှာ နိုင်ငံတော်၏အတိုင်ပင်ခံ ပြောကြားခဲ့တဲ့ အဖွင့်မိန့်ခွန်းထဲမှာ ‘အမှန်တကယ်မှာတော့ အပေးအယူအလျှော့အတင်း လုပ်ဆောင်ခြင်းဟာ အကျိုးတရားတွေ သိမြင်လာလေလေ ယုံကြည်မှုတွေဟာလည်း တစ်ဆင့်ချင်း တိုးလာလေလေပဲဖြစ်ပါတယ်။ ပထမတော့ မိမိကိုယ်ကိုယ် ယုံကြည်မှုရှိလာမယ်၊ ဒီနောက်တော့ ဆွေးနွေးဖက်တွေပေါ်မှာ ယုံကြည်မှုရှိလာမယ်။ နောက်ဆုံး အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်အပေါ်မှာ ယုံကြည်မှုရှိလာပြီး ဆွေးနွေးညှိနှိုင်းမှုတွေ အောင်မြင်လာမှာ ဖြစ်ပါတယ်’ လို့ ပါဝင်ပါတယ်။

**ငြင်းခုံနေလို့ မအောင်မြင်နိုင်**

မှန်ပါတယ်ရှင်။ တကယ်တော့ ဆွေးနွေးပွဲဆိုတာ ငြင်းခုံနေဖို့ မဟုတ်ပါဘူး။ တစ်ဖက်နဲ့တစ်ဖက် ငြင်းခုံနေလို့ မအောင်မြင်နိုင်ပါဘူး။ ညှိနှိုင်းစေ့စပ်ဆွေးနွေးမှ အောင်မြင်တာပါ။ အပေးအယူမလုပ်၊ ညှိနှိုင်းစေ့စပ်မှုမရှိရင် ပျက်စီးတတ်တာကို ဗုဒ္ဓက ဒဿပုဖ္ဖဇာတ်တော်မှာ ဆုံးမထားပါတယ်။ သူငယ်ချင်းဖြစ်တဲ့ ဖျံနှစ်ကောင်ဟာ သူတို့ နှစ်ယောက်ပေါင်းပြီး ခက်ခက်ခဲခဲဖမ်းမိတဲ့ ငါးတစ်ကောင်ကို ဝေယူကြပါတယ်။ ဝေတဲ့အခါမှာ နှစ်ကောင်လုံးစဟာ အကောင်းဆုံး အလယ်သားကို လိုချင်ကြတယ်။ တစ်ကောင်နဲ့တစ်ကောင် အလျှော့မပေးကြဘူး။ မင်းလည်း အလယ်အသားနဲ့ ခေါင်းယူ၊ ငါလည်း အလယ်အသားနဲ့ အမြီးယူဆိုတာမျိုးလည်း အပေးအယူမလုပ်ကြဘူး။ ငါကပဲ အလယ်ပိုင်းယူမယ်ဆိုပြီး ငြင်းခုံကြပါတယ်။ ဒါကို အခွင့်အရေးတစ်ရပ်အနေနဲ့ စောင့်နေတဲ့ မြေခွေးက ကူညီ သလိုပုံစံနဲ့ အမြီးနဲ့ ခေါင်းကို တစ်ကောင်စီကို ပေးပြီး အလယ်ပိုင်းကို ကိုက်ချီပြီး ပြေးပါရောတဲ့။ အဲဒီအခါကျမှပဲ မညှိနှိုင်းဘဲ၊ အပေးအယူ မလုပ်ဘဲ ငြင်းခုံနေတာကြောင့် သူတို့ အခွင့်အရေးလက်လွတ်ဆုံးရှုံးတာကို နောင်တရကြတယ်။

**ယုံကြည်မှုဟာ အဓိကသောချက်**

‘ဝိဝါဒကေ သောတ္ထိဘာဝေါ နာမ နတ္ထိ – ငြင်းခုံရာ၌ (ခိုက်ရန်ပြုရာ၌) ချမ်းသာသည့် အဖြစ်မည်သည်မရှိ’ လို့ ဗုဒ္ဓဆုံးမခဲ့တဲ့အတိုင်း လိုက်နာကျင့်သုံးကြရင်တော့ အကျိုးရှိမှာ အမှန်ပါပဲ။ တစ်ဖက်နဲ့ တစ်ဖက်၊ တစ်ဦးနဲ့တစ်ဦး အပြန်အလှန်လေးစားပြီး ဆွေးနွေးညှိနှိုင်း စေ့စပ်ကြရင် ဖြင့် အောင်မြင်မှုရမှာ အသေအချာပါပဲ။ လူတစ်ယောက်နဲ့ တစ်ယောက်ဆက်ဆံတဲ့နေရာမှာ ယုံကြည်မှုဟာ အဓိကသော့ချက်ပါပဲ။ တစ်ဦးနဲ့တစ်ဦး ယုံကြည်မှုမရှိရင် အငြင်းပွားတာတွေ ဖြစ်လာနိုင်ပါတယ်။ ငြင်းခုံနေလို့လည်း အဖြေကောင်း၊ ရလဒ်ကောင်း ထွက်မလာနိုင်ပါဘူး။ စေ့စပ်ညှိနှိုင်းတာဟာ ဖြေရှင်းဖို့ အကောင်းဆုံးနည်းလမ်းဖြစ်ပါတယ်။ ဒါကို တွေ့ဆုံညှိနှိုင်းတဲ့သူတွေ သတိထားရမှာပဲ ဖြစ်ပါတယ်။

**ငြိမ်းချမ်းမှ တိုးတက်မယ်**

အသောကမင်းကြီးရဲ့ ကျောက်စာ အမှတ်–၇ မှာ နေရာဒေသကွဲပြားပြီး အယူဝါဒတွေ မတူညီကြပေမယ့်လည်း ညီညီညွတ်ညွတ်နဲ့ နေထိုင်ကြဖို့ တိုက်တွန်းထားပါတယ်။ ကျွန်မတို့နိုင်ငံမှာလည်း တိုင်းရင်းသားတွေဟာ ဘယ်နေရာ ဘယ်ဒေသမှာပဲနေနေ၊ မတူညီတဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံတွေ ရှိနေပေမယ့်လည်း အပြန်အလှန်လေးစားပြီး ညီညီညွတ်ညွတ်နေကြမှသာ ထာဝရငြိမ်းချမ်းမှုကို ရမှာပါ။ မငြိမ်းချမ်းလို့ မဖြစ်ဘူး သီချင်းလိုပါပဲ။ ကျွန်မတို့ ငြိမ်းချမ်းမှ တိုးတက်မယ်။ ဖွံ့ဖြိုးမယ်။ မငြိမ်းချမ်းမှုဟာ အရာအားလုံးကို ဆုတ်ယုတ်စေတယ် ဆိုတာ ဆွေးနွေးကြမယ့်ပုဂ္ဂိုလ်တွေ သတိပြုစေလိုပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံ ပြောကြားခဲ့သလို ကျွန်မတို့ တိုင်းရင်းသားတွေ ရဲ့ ဒဏ်ရာဒဏ်ချက်တွေ၊ ခံစားချက်တွေ၊ နာကျင်မှုတွေနဲ့ လိုအင်ဆန္ဒတွေကို မမေ့မလျော့ ရှေ့တန်းကထည့်သွင်းစဉ်းစားပြီး ဆောင်ရွက်ဆုံးဖြတ်ပေးစေလိုပါတယ်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံစတုတ္ထအစည်းဝေးကြီးမှာ အောင်အောင်မြင်မြင် စေ့စပ်ညှိနှိုင်းဆွေးနွေးနိုင်ကြမယ်လို့ ကျွန်မတို့ ပြည်သူတွေအားလုံး မျှော်လင့်ထားကြပါတယ်။ နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ ခိုင်ခိုင်မြဲမြဲလက်တွဲပြီး ဆောင်ရွက်နိုင်ကြပြီး ထာဝရငြိမ်းချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ကြပါစေ။ စစ်ပွဲတွေကို အမြန်ဆုံးရပ်ဆိုင်းနိုင်ကြပါစေ။ ကျွန်မတို့အားလုံးမျှော်လင့်ထားတဲ့ ထာဝရငြိမ်းချမ်းရေးရရှိပါစေ။ ကာယစိတ္တနှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သပါတယ်ရှင်။ ။

---

*စာမျက်နှာ ၅ မှ*

အဖွဲ့ဝင်တွေ အားလုံးကြောင့်လည်း (၂၁)ရာစုပင်လုံညီလာခံကို (၄) ကြိမ်မြောက်အထိ ကျင်းပနိုင်ခဲ့တာ ဖြစ်ပါတယ်။ နိုင်ငံရေးပြဿနာတွေကို အဓိကဖြေရှင်းရတာက ကျွန်မတို့ရဲ့ UPDJC ပဲ ဖြစ်ပါတယ်။ လက်နက်ကိုင်ပဋိပက္ခကို စတင်စေခဲ့တဲ့၊ ညီညွတ်ရေးကို ပြိုကွဲစေခဲ့တဲ့ နိုင်ငံရေးပြဿနာတွေဟာ ဆယ်စုနှစ်နဲ့ချီပြီး ပေါ်ပေါက်လာခဲ့တာဖြစ်တဲ့အတွက် လက်တွေ့ဖြေရှင်းကြရမှာ လွယ်ကူလှတဲ့ အလုပ်တော့ မဟုတ်ပါဘူး။ အတက်–အကျ၊ အနိမ့်–အမြင့်တွေကြား ရပ်တန့်မသွားခဲ့ဘဲ ဘယ်လိုအခြေအနေမှာပဲဖြစ်ဖြစ် ရှေ့ကိုရောက်အောင် ဆက်ပြီးလျှောက်နိုင်ခဲ့ပါတယ်။ ဒီလို ကြိုးပမ်းဆောင်ရွက်ချက်တွေအတွက်လည်း ကျွန်မအနေနဲ့ UPDJC အဖွဲ့ဝင်တွေအားလုံး၊ အတွင်းရေးမှူးများနဲ့ အကျိုးဆောင်တွေ၊ အလုပ်အဖွဲ့ဝင်တွေအားလုံးကို ပြည်ထောင်စုကြီးရဲ့ကိုယ်စား ကျေးဇူးအထူးတင်ရှိပါတယ်လို့ ပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

---

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၂၀**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် ဒေသ အလိုက်နှင့် ချင်းပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပ



ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် စိုးတင့်နိုင်



ရေးမဲဆန္ဒနယ်မှ ဒေါက်တာအောင်ထွန်းခိုင်(ခ) ဦးချိန်ဝင်း



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်



တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဦးမင်းသိန်း

**နေပြည်တော် ဩဂုတ် ၂၀**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က လွှတ်တော် အခွင့်အရေးကော်မတီမှ အဖွဲ့ဝင် ဗိုလ်ချုပ် တင်ဆွေဝင်းအစား ဗိုလ်ချုပ် အောင်မျိုးထွန်းအား လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ အဖွဲ့ဝင် ဗိုလ်မှူးကြီး ခင်မောင်စိုးအစား ဗိုလ်မှူးကြီး သန်းလှိုင်အား လည်းကောင်း အစားထိုးလဲလှယ်ဖွဲ့စည်းခြင်းကို လွှတ်တော်အတည်ပြုချက်ရယူသည်။

ထို့နောက် ရေးမဲဆန္ဒနယ်မှ ဒေါက်တာအောင်ထွန်းခိုင်(ခ) ဦးချိန်ဝင်း၏ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရဲအက်ဥပဒေများ သည် လွတ်လပ်ရေးမရမီက ရေးဆွဲပြဋ္ဌာန်းသည့် ဥပဒေများဖြစ်ပြီး ထိုဥပဒေ များသည် လက်ရှိကာလနှင့် မကိုက်ညီတော့သဖြင့် ယခုကာလနှင့် ကိုက်ညီသည့် ရဲတပ်ဖွဲ့ဆိုင်ရာ ဥပဒေကို မည်သည့်အချိန်တွင် ရေးဆွဲပြဋ္ဌာန်းမည်ကို သိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် စိုးတင့်နိုင်က ဥပဒေတစ်ခုပြဋ္ဌာန်းပြီး လိုအပ်ချက်များရှိပါက ပြင်ဆင်ဖြည့်စွက်ရန် အချိန်ယူဆောင်ရွက်ရသည့်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဥပဒေမူကြမ်းကို တင်ပြခဲ့သည့်အခြေအနေနှင့် ညီညွတ်ပြီး ပြီးပြည့်စုံသည့် ဥပဒေတစ်ခု ဖြစ်စေ ရေးအတွက် သုံးသပ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်ပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်

တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း၏ တောင်တွင်းကြီးမြို့နယ်ရှိ ရန်ပယ်ဆည်၏ လက်ယာမြောင်းမကြီးပေါ်မှဖြတ်၍ Flume များကို လိုအပ်သလို ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရန်ပယ်လက်ယာမြောင်းမကြီး အောက်ပိုင်းဧရိယာများ မိုးစပါးစိုက်ပျိုးရေ ရရှိနိုင်ရေးနှင့် ရေကြီးနစ်မြုပ်မှုမှ လျော့ပါးသက်သာစေရေးအတွက် ကွင်းဆင်း စစ်ဆေးပြီး လိုအပ်သည့် ရေပေးအဆောက်အဦများ တည်ဆောက်ပေးနိုင်ရန် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတွင် ထည့်သွင်းလျာထားတင်ပြတောင်းခံ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်ပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

မိုင်းတုံမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး၏ မိုင်းတုံမြို့နယ်အတွင်းရှိ မိုင်းကန် ကျေးရွာမှ ပြည်ထောင်စုလမ်းမကြီးအထိ လမ်းအရှည် မိုင် (၂၀) အား ရာသီ မရွေး လွယ်ကူစွာသွားလာနိုင်သော ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်း ခင်းပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက အဆိုပါလမ်းသည် မြေသားလမ်း ဖောက်လုပ်ရန် စုစုပေါင်း လမ်းအရှည် ၁၂ မိုင် ၂ ဒသမ ၆ ဖာလုံ ကျန်ရှိနေပြီး ကျေးရွာ ၁၄ ရွာ၊ လူဦးရေ ၃၅၀၀ ကျော်တို့အား အကျိုးပြုမည့်လမ်းဖြစ်ပါ ကြောင်း၊ ထို့ကြောင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတွင် မြေသားလမ်းအရှည် လေးမိုင် ဖောက်လုပ်ရန်နှင့် Box Culvert ရှစ်စင်း တည်ဆောက်ရန်အတွက် ရန်ပုံငွေများ တင်ပြတောင်းခံထားပြီးဖြစ်ပြီး ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားသည်။

အလားတူ မိုးကောင်းမဲဆန္ဒနယ်မှ ဦးဝင်းနိုင်၏ မိုးကောင်းမြို့နယ် မြို့သစ် ကြီးကျေးရွာ ကွင်းအမှတ်(၆၁-ဃ)၊ စိုက်ခင်းမြေ ၈၁ ဒသမ ၃၆ ဧက အား မူလပိုင်ရှင် တောင်သူများထံ မည်သို့သော အစီအစဉ်များဖြင့် ပြန်လည်စွန့်လွှတ် ပေးမည်ကို သိလိုခြင်း မေးခွန်း၊ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၏ ကျောက်နွား သိုးဆည်(ခ) မန်းတမံမှ ကျူ့ဆက် ၃၀၀ ခန့် ရေလွှတ်နိုင်သော ရေလွှတ်ပေါက် တစ်ခုကို လာမည့်နွေရာသီတွင် ထပ်မံတည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့် ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း၏ ပင်လယ်ရေတိုက်စားခံ ကျေးရွာ များရှိ ကမ်းပြိုတားတမံများကို ရေရှည်တည်တံ့ခိုင်ခံ့ရန်အတွက် ပညာရှင်များဖြင့် လေ့လာတွေ့ရှိချက်အပေါ် ခေတ်မီနည်းပညာဖြင့် တည်ဆောက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိလိုခြင်း မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဇန်းမောက် မဲဆန္ဒနယ်မှ ဦးကျော်စိုး၏ ဇန်းမောက်မြို့နယ် အတွင်းရှိ ကျေးလက်လမ်းစာရင်းတွင် အမည်ပေါက်မပါဝင်သေးသော လမ်းများ နှင့် နိုင်ငံအဝန်း ကျေးလက်လမ်းများစာရင်းတွင် ထည့်သွင်းရန် ကျန်ရှိသော မြို့နယ်များအား ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက အမည်ပေါက်စာရင်း ထည့်သွင်းပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း၊ ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအုန်းလွင်၏ ရောဝတီတံတား (ညောင်တုန်း)၊ မီးရထားတံတား တည်ဆောက် ခဲ့စဉ် ပျက်စီးကျန်ခဲ့သော လယ်မြေနှင့် ယာမြေများ၌ လုပ်ကိုင်စားသောက်ခဲ့ ကြသော တောင်သူများအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် မြေယာလျော်ကြေး ပေးနိုင်ခြင်း ရှိ၊ မရှိ သိလိုခြင်း မေးခွန်းနှင့် အမရပူရမဲဆန္ဒနယ်မှ ဦးအောင် ဇော်မြင့်(ခ)ဦးစိုးမြင့်၏ အမရပူရမြို့နယ် ဆင်ရွာမြင်းမှူးကျေးရွာရှိ ဝေရောစန ကျောက်စိမ်းစေတီတော် အဝင်လမ်းအား မည်သည့်အချိန်တွင် ဖောက်လုပ်ခွင့် ပေးမည်ကို သိလိုခြင်း မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာ ကျော်လင်းက ရှင်းလင်းဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော အသေးစားငွေရေးကြေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဒေါ်မာမာခိုင်က အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူ သင့်သည့် အချက် ၁၂ ချက်၊ ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ချက် တစ်ချက်၊ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ ယခင်အတည်ပြုထားသည့်အချက် ၁၀ ချက်တို့ကို တင်ပြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီး ဌာန၏ သဘောထားမေးမြန်းပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူသည်။

ထို့နောက် ဥပဒေကြမ်း ကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်းက အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ သဘောကွဲလွဲမှုရှိသည့် အချက် ၁၁ ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူသင့်ကြောင်း အဆိုကို တင်သွင်းသည်။

## အချက် ၁၁ ချက်နှင့် စပ်လျဉ်း၍ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြမည်ဖြစ်

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တင်ပြခဲ့သည့် အချက် ၁၁ ချက်နှင့် စပ်လျဉ်း၍ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ် ရန် တင်ပြမည်ဖြစ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင် ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူ မရှိသည့်အတွက် သဘောတူကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် ရေးမဲဆန္ဒနယ်မှ ဒေါက်တာအောင်ထွန်းခိုင်(ခ) ဦးချိန်ဝင်းက တရားဥပဒေစိုးမိုးရေး တာဝန်တစ်ရပ်အနေဖြင့် အများပြည်သူတို့နှင့် နေ့စဉ် ထိတွေ့ဆက်ဆံပြီး ပြည်သူ့ဝန်ဆောင်မှုကို အချိန်ပြည့်တာဝန်ထမ်းဆောင် နေသော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအား အဆင့်မြှင့်တင် ပြုပြင်ပြောင်းလဲရန် နှင့် အင်အားတိုးမြှင့်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆိုကို တင်သွင်းရာတွင် ရဲတပ်ဖွဲ့ဆိုသည်မှာ ပြည်သူများနှင့် နေ့စဉ်ဘဝ အများဆုံး ဆက်စပ်ပတ်သက်နေသော လုံခြုံရေးအဖွဲ့စည်းတစ်ရပ်ဖြစ်ပါကြောင်း၊ ပြည်သူ့ လုံခြုံရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းရန် အဓိကတာဝန်ရှိသူများဖြစ်ပြီး ပြစ်မှုများ မဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်ရေးတွင်လည်း အဓိက ကျပါကြောင်း၊ ရဲတပ်ဖွဲ့တွင် အရပ်ဘက်ထိန်းချုပ်မှုကို ခိုင်ခိုင်မာမာတည်ဆောက် ရန် လိုအပ်ပါကြောင်း။

ရဲတပ်ဖွဲ့၏ အဓိကကျဆုံး တာဝန်သည် ပတ်ဝန်းကျင်ကို ဖန်တီးထိန်းသိမ်းနိုင် ရန် ဖြစ်ပါကြောင်း၊ ဒီမိုကရေစီနည်းလမ်းကျ ဖွဲ့စည်းထားသော ရဲတပ်ဖွဲ့ဝင် များသည် ဒီမိုကရေစီမူဘောင်များကို လေးစားရမည်ဖြစ်ပါကြောင်း၊ ပြည်သူ များ၏ ယုံကြည်မှုကို ထိုက်တန်သည့် လုပ်ထုံးလုပ်နည်းများ၊ ကျင့်ထုံးများကို လိုက်နာကျင့်ကြံရမည်ဖြစ်ပါကြောင်း၊ ပြည်သူများ၏ လူနေမှုဘဝကို ကာကွယ် စောင့်ရှောက်ရမည်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိက ပိုင်ဆိုင်မှုများနှင့် ပြည်သူများ အပေါ် ဖောက်ဖျက်ကျူးလွန်သော ရာဇဝတ်မှုများကို အဓိကကိုင်တွယ်ရမည် ဖြစ်ပါကြောင်း၊ လူသား၏ ဂုဏ်သိက္ခာကို လေးစားရမည်ဖြစ်ပြီး ခွဲခြားဆက်ဆံမှု မရှိဘဲ ကာကွယ်စောင့်ရှောက်ရမည်ဖြစ်ပါသောကြောင့် အဆိုအား တင်ပြရခြင်း ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဖားကန့်မဲဆန္ဒနယ်မှ ဦးတင်စိုးက အဆိုအား ထောက်ခံ ဆွေးနွေးသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအား လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ ဆန္ဒရယူရာ သဘောတူသဖြင့် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်း နိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း တင်သွင်းသည့် တောင်သူလယ်သမားဘဝ ရေရှည်တည်တံ့နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေး တို့အတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုခဲ့သည့် အရပ်ရပ်သော ကြွေးမြီကိစ္စရပ်များအား ဖြေလျှော့ပေးနိုင်မည့် နိုင်ငံတကာထောက်ပံ့ငွေ သို့မဟုတ် အတိုးမဲ့ နှစ်ရှည်ချေးငွေများ ရရှိနိုင်ရေးကို စီမံကိန်းတစ်ရပ်ချမှတ် ၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး ကြသည်။

လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီက တောင်သူလယ်သမားများအနေဖြင့် အစိုးရမှ ထုတ်ချေးပေးသည့် စိုက်ပျိုးစရိတ်ချေးငွေများနှင့် သီးနှံစိုက်ပျိုးရန် အတွက် ယခုကာလတွင် စျေးနှုန်းမြင့်မားနေသည့်အချိန်ဖြစ်ပြီး လယ်ယာ အလုပ်သမားများ ရှားပါးနေချိန်တွင် မလုံလောက်ပါကြောင်း၊ စိုက်ပျိုးသီးနှံ ထွက်ရှိသော်လည်း ဝယ်ယူမည့်သူများ နည်းပါးပြီး စျေးများများမရရှိသဖြင့် အခက်အခဲများ ဖြစ်နေပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူများ၏ စိုက်ပျိုးသီးနှံများ စျေးကောင်းရရှိရေး ဆောင်ရွက်ပေးရန်နှင့် ပြည်ပမှ လယ်ယာထွက်ကုန်ပစ္စည်းများဝယ်ယူမှု ကျဆင်းနေချိန်တွင် တောင်သူ များ၏ အခက်အခဲများကို ဖြေလျှော့စေရန်၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ကြွေးမြီများကို ဖြေလျှော့ပေးရန်၊ စိုက်ပျိုးရေးတောင်သူများအတွက် နိုင်ငံတကာ မှ ထောက်ပံ့မှုရရှိအောင် ဆောင်ရွက်ပေးရန်နှင့် အတိုးမဲ့နှစ်ရှည်ချေးငွေများ ရရှိအောင် ဆောင်ရွက်ပေးရန်တို့အတွက် တိုက်တွန်းလိုပါကြောင်း ထောက်ခံ ဆွေးနွေးသည်။

အလားတူ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၊ မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာ မောင်သင်း၊ မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်မွန်ထင်၊ ဖာပွန်မဲဆန္ဒနယ်မှ ဦးထွန်းမြအောင်(ခ) ဦးစောထွန်းမြအောင်၊ ဘောလခဲ မဲဆန္ဒနယ်မှ ဦးအေးမောင်၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ဇေယျာမင်းနှင့် တပ်မတော် သားကိုယ်စားလှယ် ဗိုလ်မှူး မိုးဦးကျော်တို့က ဆွေးနွေးကြသည်။

## ကြွေးမြီများဖြေလျှော့ပေးနိုင်ရန်ကိစ္စသည် တည်ဆဲဥပဒေနှင့်အညီသာ ဆောင်ရွက်နိုင်မည်

ယင်းအဆိုနှင့်စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ယခုအဆိုသည် တောင်သူလယ်သမား များအပေါ် ထားရှိသည့်စေတနာကို ဖော်ပြနေပါသော်လည်း ကြွေးမြီများ ဖြေလျှော့ပေးနိုင်ရန်ကိစ္စသည် တည်ဆဲဥပဒေနှင့်အညီသာ ဆောင်ရွက်နိုင်မည် ဖြစ်ခြင်း၊ ပြည်ပကြွေးမြီများကို ကြွေးမြီခံနိုင်ရည်ရှိမှု အတိုင်းအတာအပေါ်တွင် မူတည်ပြီး စိစစ်ရယူရမည်ဖြစ်ခြင်း၊ ကြွေးမြီကို တာဝန်ကျေစွာဖြင့် ပြန်လည် ပေးဆပ်နေသည့် တောင်သူလယ်သမားများကို ငဲ့ညှာထောက်ထားရမည်ဖြစ်ခြင်း၊ ကြွေးမြီကို လျှော်ပေးရန် စဉ်းစားခြင်းထက် ကြွေးမြီပေးဆပ်နိုင်ရေးအတွက် ဝိုင်းဝန်းကူညီ ပံ့ပိုးဆောင်ရွက်ပေးခြင်းကို စဉ်းစားစေခြင်းက ပိုမိုသင့်လျော်ခြင်း စသည့်အကြောင်းများကြောင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့် အခက်အခဲရှိသည့် စီမံကိန်းဖြစ်ပါသဖြင့် အဆိုကို မှတ်တမ်းအဖြစ် ထားရှိသင့် ပါကြောင်း ပြန်လည်ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ သဘောထားမေးမြန်း ရာ အဆိုရှင်က အတည်ပြုပေးပါရန် ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဆိုရှင် သဘောကွဲလွဲသည့်အတွက် အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူရန် မတ်တတ်ရပ်၍ ဆန္ဒပြုသည့်နည်းလမ်းဖြင့် ဆောင်ရွက်ရာ တက်ရောက်သည့် လွှတ်တော်ကိုယ်စားလှယ် ၃၆၄ ဦးအနက် ထောက်ခံဆန္ဒပြုသူ ၁၂၄ ဦး၊ ကန့်ကွက်ဆန္ဒပြုသူ ၂၄၀ ဖြစ်၍ ကန့်ကွက်သည့်ကိုယ်စားလှယ်ဦးရေက များသည့်အတွက် အဆိုအား လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည် ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ဩဂုတ် ၂၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၀**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး၏ မုံရွာ - သာစည် - နောင်ကြီးအိုင် - မူးကမ်းကြီး - ဆိပ်ခွန် - ရွှေဘိုလမ်းပိုင်း မိုင်တိုင်အမှတ် (၈)မိုင်မှ (၁၃) မိုင်အထိ ငါးမိုင်အရှည်အား မူလအကျယ် ၁၂ ပေ ကတ္တရာလမ်းမှ ၁၈ ပေအကျယ်ချဲ့၍ ကတ္တရာထပ်ပိုးလွှာခင်းရန်အတွက် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က မုံရွာ - သာစည် - နောင်ကြီးအိုင် - မူးကမ်းကြီး - ဆိပ်ခွန် - ရွှေဘိုလမ်း၏ မိုင်တိုင်အမှတ် (၈) မှ (၁၃) အထိ လမ်းမိုင်အရှည် ငါးမိုင်အား မူလ ၁၂ ပေအကျယ် ကတ္တရာလမ်းမှ ၁၈ ပေအကျယ်ချဲ့ပြီး ကတ္တရာထပ်ပိုးလွှာ ခင်းရန်အတွက် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံခဲ့သော်လည်း မိုင်တိုင်အမှတ် (၇/၄) မှ (၈/၀)အထိ ၄ ဖာလုံသာ လျာထားနိုင်ခဲ့သည့်အတွက် ကျန်ရှိသည့်လမ်းပိုင်း များကို နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ဆက်လက်ရန်ပုံငွေလျာထား တင်ပြမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

## တရားမဝင် အမဲလိုက်ခြင်း၊ သစ်ခုတ်ခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်းတို့ မရှိစေရေးဆောင်ရွက်လျက်ရှိ

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးလှမြင့် (ခ) ဦးလှမြင့်သန်း၏ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျိုက်ထီးရိုး သဘာဝသစ်တောကြိုးဝိုင်းအတွင်း ကျူးကျော်နေထိုင်သူများနှင့် ပတ်သက်၍ ဥပဒေနှင့်အညီ အရေးယူဖယ်ရှား ရှင်းလင်းပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ရဲမြင့်ဆွေက ကျိုက်ထီးရိုးသဘာဝကြိုးဝိုင်းတောအတွင်း တရားမဝင်ကျူးကျော် နေထိုင်သူများအား ဖယ်ရှားခြင်းသည် အချိန်ယူဆောင်ရွက်ရသည့် ကိစ္စဖြစ်၍ အသိပေး၊ သတိပေးနှင့် ဥပဒေအရ တရားစွဲဆိုခြင်း စသည့်လုပ်ငန်းစဉ် အဆင့်ဆင့်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ကြိုးဝိုင်းတောအတွင်း တရားမဝင် အမဲလိုက်ခြင်း၊ သစ်ခုတ်ခြင်း၊ ကျူးကျော် ဝင်ရောက်ခြင်းတို့မရှိစေရေး ကင်းလှည့်ထိန်းသိမ်းခြင်း၊ ရှောင်တခင်စစ်ဆေးခြင်း၊ ပညာပေးဟောပြောခြင်းနှင့် မြေအသုံးချမှုစစ်ဆေးခြင်းတို့ ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ကြိုးဝိုင်း တောအတွင်း ကျူးကျော်ဝင်ရောက်သူများအား ဥပဒေအရအရေးယူဆောင်ရွက် လျက်ရှိပြီး ထပ်မံကျူးကျော်မှုမရှိစေရေး ပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းထားသည့် သစ်တောဦးစီးဌာန (ကျိုက်ထီးရိုးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော)၊ မြန်မာ နိုင်ငံရဲတပ်ဖွဲ့၊ ကျိုက်ထီးရိုး ဂေါပကအဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ နယ်မြေခံတပ်ရင်း/ တပ်ဖွဲ့တို့ ပူးပေါင်းပါဝင်သည့် ကြီးကြပ်ရေးအဖွဲ့ အနေဖြင့်လည်း ညွှန်ကြားချက်နှင့်အညီ တားဆီးကာကွယ် အရေးယူဆောင်ရွက် လျက်ရှိပါကြောင်း ဖြေကြားသည်။

## ကျောက်တော်မြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာ တိုက်ပွဲရှောင် ပြည်သူများကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှစတင်၍ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၃၀ ရက်အတွင်း ငွေကျပ်သန်း ၃၈၀ ကျော် ထောက်ပံ့ပေးခဲ့

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၏ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်တွင် ခိုလှုံနေကြသည့် တိုက်ပွဲရှောင်ဒုက္ခသည်များအတွက် မိုးမကျမီ အမိုးအကာအောက် ရောက်ရှိရေးနှင့် ဒုက္ခသည်စခန်း (IDPs Camp) များ အမြန်ဆုံး စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးစိုးအောင်က ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနအနေဖြင့် ကျောက်တော်မြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာ တိုက်ပွဲရှောင်ပြည်သူများကို ဆန်ရိက္ခာဖိုးငွေ ထောက်ပံ့ခြင်း၊ အရေးပေါ် ကယ်ဆယ်ရေးပစ္စည်းထောက်ပံ့ခြင်း၊ ဒဏ်ရာရ၊ သေဆုံးသူများ ထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ မှစတင်၍ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၃၀ ရက်အတွင်း ငွေကျပ်သန်း ၃၈၀ ကျော် ထောက်ပံ့ပေးခဲ့ပါကြောင်း၊ တိုက်ပွဲရှောင်ပြည်သူများအတွက် စခန်း များ ဆောက်လုပ်ရာတွင်လည်း စခန်းတစ်ခုချင်းတွင် အခန်း ၂၀ တွဲတန်းလျား၊ စားဖိုဆောင်၊ လုံခြုံရေးတပ်ဖွဲ့အိပ်ဆောင်၊ လုံခြုံရေးတပ်ဖွဲ့ရုံး၊ စခန်းစီမံခန့်ခွဲမှု



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးလှဦး



ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်



ဒုတိယဝန်ကြီး ဦးစိုးအောင်



ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမြင့်နိုင်

ကော်မတီရုံး၊ ကျန်းမာရေးဆေးပေးခန်းနှင့် နှစ်ခန်းတွဲ သန့်စင်ခန်းတို့ ပါဝင်ပါကြောင်း။

ထို့ပြင် ကျောက်တော်မြို့နယ် နေပူခံတိုက်ပွဲရှောင်စခန်းတွင် တိုက်ပွဲရှောင် ပြည်သူများ တိုးပွားလာသည့်အတွက် ထပ်မံဆောက်လုပ်ပေးရန် လိုအပ်သော လူနေအဆောက်အဦတန်းလျား လေးလုံးနှင့် အိမ်သာ ၁၆ လုံးကို ကျောက်တော် မြို့ မြို့သစ်ရပ်ကွက် ကွင်းအမှတ် (၁ - က) မြေရေိယာ ၂ ဒသမ ၆၃၄ ဧကပေါ်တွင် ခန့်မှန်းကုန်ကျငွေ ၈၈ ဒသမ ၇၂၀ သန်းဖြင့် ဆောက်လုပ်ရန် ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းအဆောက်အဦတန်းလျား လေးလုံးဆောက်လုပ်ပြီးပါက တိုက်ပွဲရှောင်ပြည်သူဦးရေ ၅၀၀ မှ ၆၀၀ အကြား နေရာချထားဆောင်ရွက် ပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးဌေးတင်း၏ ချင်း ပြည်နယ် ပလက်ဝမြို့နယ် ကုန်းတော်ကျေးရွာအုပ်စု ချင်းဒေါက်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အဆောက်အဦအသစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးကလည်းကောင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁) မှ ဒေါ်ထုမေ၏ ရခိုင်ပြည်နယ် အမ်းမြို့နယ်မှ တိုက်ပွဲရှောင်ပြည်သူများ စားနပ်ရိက္ခာနှင့် နေထိုင်ရေးအခက်အခဲများ ကြုံတွေ့ နေကြရခြင်းကြောင့် ၎င်းပြည်သူများအတွက် တိုက်ပွဲရှောင်စခန်းများတွင် အခြေခံစားနပ်ရိက္ခာနှင့် နေရာထိုင်ခင်းများ လုံလောက်စွာ စီစဉ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်ကလည်းကောင်း ပြန်လည် ရှင်းလင်းဖြေကြားခဲ့ကြသည်။

ထို့နောက် ဆေးပစ္စည်းကိရိယာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တနင်္သာရီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း (ခ) ဦးမောင်စိုး၊ ပဲခူးတိုင်းဒေသ ကြီး မဲဆန္ဒနယ်အမှတ် (၅) မှ ဒေါက်တာတင်တင်ဝင်းနှင့် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်ကြီးဒေါ်သဇင်လှိုင်တို့က ဆွေးနွေးကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း က ပို့ဆောင်ရေး နှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ပေးပို့သော ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများနှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား အမျိုးသားလွှတ်တော်၏ အဆုံး အဖြတ်ရယူ အတည်ပြုသည်။

## "ကင်ဆာရောဂါဖြစ်ပွားမှု၊ သေဆုံးမှုနှုန်းများ လျှော့ချခြင်းနှင့် ကာကွယ်တားဆီးရေးလုပ်ငန်းများ လေ့လာဖော်ထုတ်ခြင်း စုံစမ်းလေ့လာမှု" အစီရင်ခံစာ ဆွေးနွေး

ဆက်လက်၍ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ၏ "ကင်ဆာရောဂါဖြစ်ပွားမှု၊ သေဆုံးမှုနှုန်းများ လျှော့ချခြင်းနှင့် ကာကွယ်တားဆီးရေးလုပ်ငန်းများ လေ့လာဖော်ထုတ်ခြင်း စုံစမ်းလေ့လာမှု" အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး ကြသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀) မှ နော်လှလှစိုးက အစားအသောက်များ စိုက်ပျိုးထုတ်လုပ်သည်မှစ၍ စားပွဲပေါ်ရောက်သည်အထိ လုပ်ငန်းစဉ်အဆင့်ဆင့်တွင် ကင်ဆာဖြစ်နိုင်သည့် အန္တရာယ်များရှိပါကြောင်း၊ ထို့ကြောင့် အသီးအနှံ အစားအသောက်များကို ထုပ်ပိုးသန့်စင် သယ်ယူပို့ဆောင် ခြင်း အဆင့်တိုင်းတွင် Quality Control ကို တာဝန်ရှိသည့် အဖွဲ့အစည်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA) စသည့် ဌာနများက သေချာကြပ်မတ်ပေးသင့်ပါကြောင်း၊ ကော်မတီအနေဖြင့်လည်း ပြည်သူများ၏ ကျန်းမာရေးအတွက် အရေးကြီးသဖြင့် FDA ၏ လုပ်ဆောင်မှုများအပေါ်တွင် စုံစမ်းလေ့လာမှုများ ပြုလုပ်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦးက အကြံပြုလိုသည်မှာ ဆင်းရဲနွမ်းပါးပြီး ကုသရန် လက်လှမ်းမမီသည့် ကင်ဆာရောဂါသည်များ အတွက် ပရဟိတ ကင်ဆာဖောင်ဒေးရှင်းများ၏ လိပ်စာနှင့် ဖုန်းနံပါတ်များကို အလွယ်တကူ ရှာဖွေရရှိနိုင်ရန်အတွက် နည်းမျိုးစုံဖြင့် ကူညီပေးရန် လိုအပ် နေပါကြောင်း၊ ထို့ပြင် ကင်ဆာရောဂါသည်များ၏ မျှော်လင့်ချက်များကို တစ်နည်းနည်းဖြင့် အားအင်ဖြစ်စေရန်အတွက် ကမ္ဘာကြီးတွင် အောင်မြင်နေသည့် ကင်ဆာရောဂါကုထုံးအသစ်များကိုလည်း ဘာသာပြန်ဆိုပြီး စာတမ်းတွင် ထည့်သွင်း ဖော်ပြပေးစေလိုပါကြောင်း ဆွေးနွေးသည်။

ယင်းအစီရင်ခံစာကို ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃) မှ ဒေါ်ရွှေရွှေစိန်လတ်၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီးဒေါ်ဝင်းသီရိဆွေ၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)မှ ဒေါက်တာဝင်းမြင့်နှင့် မန္တလေး တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဒေါက်တာဦးကြွယ်ကြွယ်တို့က ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ အတွင်းရေးမှူး ဒေါက်တာစန်းမောင်မောင်က လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ကော်မတီ၏ အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ယင်းအဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် ကော်မတီ ၏ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

## ၂၀၁၈ ခုနှစ် မတ် ၁ ရက်မှ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၃၀ ရက်အထိ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ အစီရင်ခံစာဖတ်ကြားတင်သွင်း

ဆက်လက်၍ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာ ကော်မတီဝင် ဦးသက်နိုင်စိုးက ကော်မတီ၏ ၂၀၁၈ ခုနှစ် မတ် ၁ ရက်မှ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၃၀ ရက်အထိ လုပ်ငန်းဆောင်ရွက်မှု အခြေအနေအစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အဆိုပါ ကော်မတီ၏ အစီရင်ခံစာ နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည် စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်း ပြည်ပ အလုပ်သမားဆိုင်ရာကော်မတီဝင် ဒေါ်စန်းစန်းမြင့်က ကော်မတီ၏ ၂၀၁၈ ခုနှစ် မတ် ၁ ရက်မှ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၃ ရက်အထိ လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ဩဂုတ် ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

■ *ကျောဖုံးမှ*

ကြိုတင်ကာကွယ်နိုင်ရန်အတွက် နှာခေါင်းစည်းများကို အထူးဂရုပြုတပ်ဆင်ကြစေရေး၊ စနစ်တကျ တပ်ဆင်အသုံးပြုနိုင်စေရေးတို့အတွက် ပါးစပ်နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးခြင်းများကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီး ဦးဆောင်သော ပူးပေါင်းအဖွဲ့မှ စစ်တွေမြို့ မြို့မဈေးကြီးတွင် ဈေးသူ၊ ဈေးသားများနှင့် ဈေးလာရောက် ဝယ်ကြသည့် ပြည်သူများအား အဝတ်ဖြင့်ပြုလုပ်ထားသော ပါးစပ်နှာခေါင်းစည်းများနှင့် တစ်ခါသုံးပါးစပ်နှာခေါင်းစည်း ၃၀၀၀ ကျော်ကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း (ပြန်/ဆက်)**

✳ *ကျောဖုံးမှ*

ထောက်ပံ့ငွေပေးအပ်ရာတွင် ဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့်အတူ တာဝန်ရှိသူများက ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုဝင်များထံ လက်ဝယ်အရောက် ထောက်ပံ့ပေးခဲ့ကြောင်း လဟယ်မြို့နယ် ခေတ္တမြို့နယ် အုပ်ချုပ်ရေးမှူးက ဆက်လက်ပြောကြားသည်။

**မွေးကြူဇင်**

## လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ) သင်တန်းဖွင့်လှစ်

**ဘီးလင်း ဩဂုတ် ၂၀**

ဘီးလင်းမြို့နယ်အတွင်းရှိ တောင်သူများအနေဖြင့် လယ်ယာသုံးစက်ကိရိယာများကို စနစ်တကျကိုင်တွယ်မောင်းနှင်တတ်စေရန်နှင့် စက်ကိရိယာများကို သက်တမ်းပြည့်သုံးစွဲနိုင်စေရန် ရည်ရွယ်၍ လယ်ယာသုံးစက်ကိရိယာမောင်းနှင်မှု အခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၂၀) ဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက အမှတ် (၃၇)စက်မှုလယ်ယာစခန်း၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် သထုံခရိုင် စက်မှုလယ်ယာဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးဇော်မြင့်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးမျိုးနိုင်ဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက် ပြောကြားသည်။

အဆိုပါသင်တန်းသို့ ရပ်ကွက်နှင့် ကျေးရွာများမှ တောင်သူသင်တန်းသား ၃၀ တက်ရောက်ခဲ့ကြသည်။

**မြို့နယ်( ပြန်/ဆက်)**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၂၀**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း ဥပဒေကြမ်းတို့နှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့တွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများစိစစ်ရေး ပူးပေါင်းအဖွဲ့ (၅)၊ အဖွဲ့ (၁၃)နှင့် အဖွဲ့ (၁၅)တို့မှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွဲဖက်အတွင်းရေးမှူးများ၊ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်တားဆီးရေး နည်းပညာပံ့ပိုးမှုကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၂၀

**ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးနည်းပညာ ပံ့ပိုးမှုကော်မတီ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ကျင်းပသည်။** (အောက်ပုံ)



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုအခါ တစ်ပြည်လုံးတွင် အခြေခံပညာ အထက်တန်းကျောင်းများ တစ်ဆင့်ပြီးတစ်ဆင့် ပြန်လည်ဖွင့်လှစ်လျက်ရှိပြီး တစ်လတာကာလအတွင်း၌ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှု မတွေ့ရှိရသေးသော်လည်း ဝန်ကြီးဌာန နှစ်ခု ပူးပေါင်းပြုစုထားသည့် ဆန်းစစ်အကဲဖြတ်မှုပုံစံကို အသုံးပြု၍ စောင့်ကြည့် ဆန်းစစ်ခြင်းကို အရှိန်အဟုန်မပျက် ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ စောင့်ကြည့်ဆန်းစစ်ခြင်းကို ပိုင်နိုင် သေချာစွာ ဆောင်ရွက်နိုင်မှသာလျှင် ရောဂါလက္ခဏာရှိ ကျောင်းသားကျောင်းသူများကို စောစီးစွာ ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး ကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ယခုအချိန်တွင် စောင့်ကြည့်ဆန်းစစ်ခြင်းများသည် အဓိက လုပ်ငန်းဖြစ်ပါကြောင်း၊ ဆန်းစစ်အကဲဖြတ်မှုပုံစံများကို ဖြည့်စွက်၍ ကျန်းမာရေး၊ ပညာရေးနှင့် အထွေထွေ အုပ်ချုပ်ရေးတို့မှ တာဝန်ယူ လက်မှတ်ရေးထိုးကာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် စုစည်းပြီး ဗဟိုအဆင့်သို့ ပေးပို့လျက်ရှိသည်မှာ ကောင်းမွန်ပါကြောင်း၊ စောင့်ကြည့်ဆန်းစစ်အဖွဲ့များအနက် ကျောင်းတိုင်းရှိ ကျောင်းအုပ်၊ ကျောင်းဆရာ ဆရာမနှင့် ကျောင်းသားကျောင်းသူများ အဓိက ပါဝင်ဖွဲ့စည်းထားသော စောင့်ကြည့်ဆန်းစစ်ရေးအဖွဲ့၏ ဆောင်ရွက်မှုသည် ယခုအချိန်၌ အရေးအကြီးဆုံး ဖြစ်ပါကြောင်း၊ ဤအဖွဲ့၏ ဆောင်ရွက်မှု ပီပြင်မှသာလျှင် ရောဂါတွေ့ရှိပါက စောစီးစွာ ထိန်းချုပ်နိုင်မည်ဖြစ်ပါကြောင်း။

## လမ်းညွှန်ချက်များလိုက်နာ

ရန်ကုန်နှင့် မန္တလေးကဲ့သို့ လူဦးရေထူထပ်သော နေရာများရှိ ကျောင်းများတွင် ရောဂါကူးစက်မှု အန္တရာယ်ပိုများနိုင်သည် ဆိုသည့် အချက်ကို သတိပြုကြရမည်ဖြစ်ပါကြောင်း၊ အချက် ၈၀ ပါဝင်သော ဆန်းစစ်အကဲဖြတ်မှု ပုံစံများကို ပြန်လည်သုံးသပ်ပြီး အရေးအတွက် လျှော့ချကာ အရေးကြီးသည့်အချက်များသာ ပါဝင်သည့် ပုံစံသစ်ကို ပြုပြင်စေလိုပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကိုဗစ်- ၁၉ လူနာများ၏ ဗိုင်းရပ်စ်နမူနာများကို လေ့လာကြည့်ရာတွင် ၃၀ ရာခိုင်နှုန်းသည် D614G ဇီဝမျိုးဗီဇပြောင်းလဲမှုကို တွေ့ရှိရပြီး ၎င်းသည် ယခင်ကထက် ကူးစက်နိုင်စွမ်း (Infectiousness) သိသာစွာ ပိုမိုမြန်ဆန်ပါကြောင်း၊ မြန်မာနိုင်ငံ အပါအဝင် အခြားနိုင်ငံများတွင်လည်း ဗိုင်းရပ်စ်ပိုး၏ ဇီဝမျိုးဗီဇပြောင်းလဲနိုင်သည့်အတွက် မိမိတို့သည် ကျောင်းသားများ စုစည်းရာ ကျောင်းများ၌ စည်းကမ်းလမ်းညွှန်ချက်များလိုက်နာရန် အထူးဂရုစိုက်ကြရမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ဆေးသုတေသနဦးစီးဌာနမှ ပညာရှင်များကို တာဝန်ပေး၍ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုး မျိုးရိုးဗီဇခွဲခြမ်းစိတ်ဖြာမှု (Genomic Sequencing) ပြုလုပ်ခဲ့ရာ ခွဲခြမ်းစိတ်ဆေးသည့် နမူနာ ၁၀ ခု အနက် D614G ဗီဇပြောင်းလဲမှု ခြောက်ခုတွေ့ရှိရပါကြောင်း၊ ၎င်းတွေ့ရှိချက်အရ မိမိတို့နိုင်ငံတွင် ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးသည် ဒုတိယလှိုင်း အသွင်ဖြစ်ပွားရန် အလားအလာရှိသည့်အတွက် လုံးဝပေါ့ဆ၍ မရပါကြောင်း၊ အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် ကူးစက်ပျံ့နှံ့မှုများပြားနေသည့် အချိန်ဖြစ်သဖြင့် မိမိတို့အနေဖြင့် ၎င်းနိုင်ငံများနှင့် နီးစပ်သော တိုင်းဒေသကြီး/ ပြည်နယ်များရှိ ကျောင်းများတွင် အထူးပိုမိုဂရုစိုက်ရန် လိုအပ်ပါကြောင်း၊ ကျောင်းထဲမဝင်မီ တန်းစီချိန်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်- ၁၉ ကာကွယ်ရေးလိုက်နာရမည့်အချက်များကို လက်ကိုင်အသံချဲ့စက်များ အသုံးပြု၍ တိုတိုနှင့်လိုရင်း မဖြစ်မနေ ကြေညာပေးရမည်ဖြစ်ကြောင်း၊ အတန်းတိုင်းတွင် စာမသင်မီ ကိုဗစ်-၁၉ နှင့် ပတ်သက်၍ ငါးမိနစ်ခန့် ပြောကြားခြင်းကိုလည်း ဆက်လက်ပြုလုပ်စေလိုပါကြောင်း။

## နိုးနိုးကြားကြားရှိနေရမည်

ကျောင်းများတွင် ဆရာ ဆရာမ အချင်းချင်း၊ ကျောင်းသား ကျောင်းသူ အချင်းချင်း သတိပေး/ အသိပေးသည့် အစီအစဉ်များ ဆောင်ရွက်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနမှ ဆက်လက် ညွှန်ကြားပေးစေလိုပါကြောင်း၊ မိမိတို့အနေဖြင့် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများကို အမြဲအဆင်သင့် အနေအထားဖြင့် အမြဲနိုးနိုးကြားကြား ရှိနေရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

## လိုအပ်ချက်များ ဖြည့်ဆည်းပေး

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကျောင်းသားကျောင်းသူများ ပညာသင်ကြားခွင့် မဆုံးရှုံးစေရန်အတွက် အခြေခံပညာ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ ပံ့ပိုးကူညီဆောင်ရွက်မှုများကို အထူးအသိအမှတ်ပြု ကျေးဇူးတင်ပါကြောင်း၊ ဇူလိုင် ၂၁ ရက်မှစ၍ အခြေခံပညာ အထက်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်ခဲ့ရာ မနက်ဖြန်ဆိုလျှင် တစ်လ ပြည့်မြောက်ပြီဖြစ်ပါကြောင်း၊ မိမိတို့ ပညာရေးဝန်ကြီးဌာန အနေဖြင့် ကလေးများ၏ ပညာရေးနှင့် ပညာသင်ယူခွင့်သည် အရေးကြီးဆုံး ဖြစ်သော်လည်း ယခုကဲ့သို့ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်ပွားနေသည့် အချိန်တွင် ကျန်းမာရေးရှုထောင့်မှ လုံခြုံဘေးကင်းစေရန်လည်း အလေးထား စဉ်းစားဆောင်ရွက်နေပါကြောင်း၊ ယခုအချိန်အထိ တစ်နိုင်ငံလုံးတွင် ဖွင့်လှစ်ရန် ကျန်ရှိနေသော အခြေခံပညာအထက်တန်းကျောင်း ၆၁၀ အား Checklist နှင့်စစ်ဆေးလျက်ရှိပါကြောင်း၊ ၎င်း Checklist များကို ဗဟိုသို့ အမြန်ဆုံးပေးပို့၍ သတ်မှတ်ချက်နှင့်အညီ "A" အဆင့်ရ ကျောင်းများကို ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ကြီးကြပ်ဆန်းစစ် တွေ့ရှိချက်များအရ လိုအပ်ချက်များကို ပညာရေးဝန်ကြီးဌာနမှ အမြန်ဖြည့်ဆည်းပေးမည် ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကျောင်းများတွင် ဘော်ဒါဆောင် တွဲဖက်ထားခြင်း ရှိ/ မရှိ မြေပြင် အခြေအနေကို သိရှိနိုင်ရန် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများထံ သဘောထားတောင်းခံထားပါကြောင်း၊ ရောဂါကူးစက်မှု အခြေအနေပေါ်မူတည်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုအတိုင်း အချို့ကျောင်းများဖွင့်လှစ်မှုကို ခေတ္တဆိုင်းငံ့သွားမည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ ပါဝင်သော အဖွဲ့သုံးဖွဲ့ဖြင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ ကျောင်းများတွင် နေ့စဉ် စောင့်ကြည့်စစ်ဆေးမှုများ ဆောင်ရွက်နေသကဲ့သို့ ရန်ကုန်နှင့် နေပြည်တော်ရှိ ကျောင်းများတွင် ရိုက်ကူးရေးအဖွဲ့များဖြင့် နေ့စဉ် မှတ်တမ်းတင် ထားပါကြောင်း ဆွေးနွေးပြောကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေး နည်းပညာပံ့ပိုးမှုကော်မတီ ဥက္ကဋ္ဌ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းက "A" အခြေအနေရှိ အခြေခံပညာ အထက်တန်းကျောင်းများ ဖွင့်လှစ်နိုင်ရန်အတွက် ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ကျောင်းများတွင် ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာ ခံစားရသူ ရှိ/မရှိ နေ့စဉ် အစီရင်ခံမှု အခြေအနေ၊ စောင့်ကြည့်ဆန်းစစ်ခြင်း ဆောင်ရွက်မှုအခြေအနေနှင့် ရှေ့ဆက် ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက အထက်တန်းအဆင့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်မှုအခြေအနေ၊ ကျောင်းများတွင် ရိုက်ကူးထားသည့် ဗီဒီယိုမှတ်တမ်းများနှင့် စောင့်ကြည့်ဆန်းစစ်မှုပုံစံဖြင့် စစ်ဆေးထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးအကြံပြုကြပြီး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံမှာ ကိုဗစ် - ၁၉ ကြားကပဲ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ အစိုးရ၊ ပြည်သူ ကြိုးစားဆောင်ရွက်နေတာကို အင်မတန်လေးစားပါတယ်။ ချီးကျူးပါတယ်။ ဂျပန်နိုင်ငံအတွက် မြန်မာနိုင်ငံဟာ တန်ဖိုးရှိ အလေးထားတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်

**မစ္စတာ အိချိရော့မာရုယာမ (မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး)**

## မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာအိချိရော့မာရုယာမနှင့် တွေ့ဆုံမေးမြန်းခြင်း

**တွေ့ဆုံမေးမြန်း- သတင်းအဖွဲ့**

**မေး ။ ။** မြန်မာနိုင်ငံက ဒီမိုကရေစီစနစ်ကို အသွင်ကူးပြောင်းတဲ့နေရာမှာ ငြိမ်းချမ်းရေး၊ ရခိုင်ကိစ္စအပါအဝင် အခက်အခဲတွေကတော့ တည်ရှိနေဆဲပါ။ မြန်မာနိုင်ငံရဲ့ အသွင်ကူးပြောင်းမှုအပေါ် ဂျပန်နိုင်ငံက ဘယ်လိုမျိုးရပ်တည်သွားမလဲဆိုတာ သိပါရစေ။

**ဖြေ ။ ။** မြန်မာနိုင်ငံမှာ ဒီမိုကရေစီအသွင် ကူးပြောင်းရေးဟာ ၂၀၁၅ ခုနှစ်မှာ စတင်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမှာ တရားမျှတတဲ့၊ လွတ်လပ်တဲ့ရွေးကောက်ပွဲကို ကျင်းပနိုင်ခဲ့ပါတယ်။ အဲဒါက မြန်မာနိုင်ငံအတွက် ချီးကျူးဖို့ကောင်းတဲ့အချက်တစ်ခု ဖြစ်ပါတယ်။ အခု မြန်မာနိုင်ငံက တာဝန်ရှိပုဂ္ဂိုလ်တွေ၊ ပြည်သူလူထုအားလုံးက ဒီမိုကရေစီနိုင်ငံဖြစ်အောင် ကြိုးပမ်းနေတာ အင်မတန်ချီးကျူးဖို့ကောင်းပါတယ်။ ကျွန်တော်တို့ ဂျပန်အစိုးရအနေနဲ့၊ ဂျပန်သံရုံးအနေနဲ့ လာမယ့်ရွေးကောက်ပွဲဟာလည်း လွတ်လပ်တဲ့၊ တရားမျှတတဲ့ မြန်မာ့ရွေးကောက်ပွဲအဖြစ် ကျင်းပနိုင်မယ်လို့ ယုံကြည်ပါတယ်။ ဂျပန်နိုင်ငံက မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးကို အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းအားနဲ့ အစွမ်းကုန်ကူညီသွားမယ်ဆိုတဲ့ ရပ်တည်ချက်ကို လုံးဝပြောင်းလဲသွားဖို့ မရှိပါဘူး။ ဒီလိုခိုင်မာတဲ့ ရပ်တည်ချက်ကို တိုက်ရိုက် ထပ်မံပြောကြားဖို့အတွက် ဂျပန်နိုင်ငံခြားရေးဝန်ကြီး Mr. MOTEGI က ဩဂုတ် ၂၄ ရက်ကနေ ၂၅ ရက်နေ့အထိ မြန်မာနိုင်ငံကို အလည်အပတ်လာရောက်မှာဖြစ်ပါတယ်။ ကိုဗစ် – ၁၉ ကူးစက်ရောဂါနဲ့ အခက်အခဲများ ကြုံတွေ့နေရချိန် အလုပ်တာဝန်တွေ မအားလပ်တဲ့အခြေအနေမျိုးမှာ ပထမဆုံးအနေနဲ့ ဂျပန်နိုင်ငံရဲ့နိုင်ငံခြားရေးဝန်ကြီးခရီးစဉ်ကို နွေးထွေးစွာ ကြိုဆိုပေးမယ့် မြန်မာနိုင်ငံသားတွေ၊ မြန်မာအစိုးရရဲ့ မြန်မာ့တပ်မတော်က တာဝန်ရှိပုဂ္ဂိုလ်တွေအားလုံးကို အင်မတန်ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံဟာ စိန်ခေါ်မှုတွေနဲ့တော့ ရင်ဆိုင်နေရဆဲပါ။ အထူးသဖြင့် ငြိမ်းချမ်းရေးကိစ္စပါ။ အင်မတန်မှလည်း ရှုပ်ထွေးတဲ့ကိစ္စ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဂျပန်အစိုးရအနေနဲ့ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ဂျပန်အစိုးရ အထူးကိုယ်စားလှယ်ဆိုပြီး မစ္စတာ ဆာဆာကာဝါကို ခန့်အပ်ထားပါတယ်။ သူကိုယ်တိုင် မြန်မာနိုင်ငံကိုလာပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခေါင်းဆောင်တွေနဲ့ တွေ့ဆုံတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့နဲ့ တွေ့ဆုံဆွေးနွေးတယ်။

ကျွန်တော်တို့ ဂျပန်အစိုးရအနေနဲ့ ဂျပန်အစိုးရ အထူးကိုယ်စားလှယ် မစ္စတာ ဆာဆာကာဝါနဲ့ ပူးပေါင်းပြီး မြန်မာနိုင်ငံမှာ ငြိမ်းချမ်းရေးရအောင်၊ အပစ်အခတ်ရပ်စဲရေးရအောင် ဆက်ပြီး ကြိုးစားသွားမှာပါ။ နောက်တစ်ခု ရခိုင်ပြည်နယ်ကိစ္စဟာလည်း အင်မတန်ရှုပ်ထွေးတဲ့ ကိစ္စပါ။ ကျွန်တော်တို့ ဂျပန်အစိုးရရဲ့ ရပ်တည်ချက်ကတော့ မြန်မာအစိုးရ၊ မြန်မာပြည်သူလူထုနဲ့အတူ ရပ်တည်ပြီး ပူးပေါင်းဆောင်ရွက်သွားပါ့မယ်။ လိုအပ်တဲ့ အကူအညီရှိရင် အကူအညီပေးမယ်။ ဒါက ဂျပန်အစိုးရရဲ့ ရပ်တည်ချက် ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့က မြန်မာအစိုးရ ရင်ဆိုင်နေရတဲ့စိန်ခေါ်မှုတွေ၊ အထူးသဖြင့် ငြိမ်းချမ်းရေးကိစ္စ၊ ရခိုင်ပြည်နယ်ကိစ္စတွေမှာ မြန်မာနိုင်ငံနဲ့အတူ ဆက်ပြီး ရပ်တည်ပူးပေါင်းသွားမယ်။

**မေး ။ ။** ကိုဗစ်– ၁၉ ကြောင့် ဖွံ့ဖြိုးဆဲမြန်မာနိုင်ငံအနေနဲ့ ကိုဗစ်အလွန် စီးပွားရေးတိုးတက်ကောင်းမွန်ဖို့ ပြည်ပကနေ အကူအညီတွေ လိုအပ်နေပါသေးတယ်။ ဂျပန်နိုင်ငံက ရင်းနှီးမြှုပ်နှံသူတွေ မြန်မာနိုင်ငံမှာလာပြီး ရင်းနှီးမြှုပ်နှံဖို့လည်း မျှော်လင့်ကြတယ်။ သံအမတ်ကြီးအနေနဲ့ မြန်မာနိုင်ငံကို ဂျပန်နိုင်ငံက ရင်းနှီးမြှုပ်နှံသူတွေ လာကြဖို့ ဘယ်လိုများ ဆွဲဆောင်ပေးနိုင်မလဲဆိုတာလည်း သိပါရစေ။



မစ္စတာအိချိရော့မာရုယာမ(မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး)

**ဖြေ ။ ။** ကျွန်တော်တို့ ဂျပန်နိုင်ငံက လုပ်ငန်းရှင် အများစုကတော့ မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဖို့ စိတ်ဝင်စားမှုအများကြီး ရှိပါတယ်။ ဇူလိုင်လ ၂၉ ရက်က နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်၊ ပြည်ထောင်စု ဝန်ကြီး ဦးသောင်းထွန်း၊ ဒုတိယဝန်ကြီး ဦးဆက်အောင်တို့နဲ့ ကျွန်တော်တို့ ဂျပန်နိုင်ငံက စီးပွားရေးလုပ်ငန်းရှင်တွေ Video Conference နဲ့ ရင်းနှီးမြှုပ်နှံမှု ဖိုရမ်ကို ကျင်းပခဲ့ပါတယ်။ ဂျပန်ဘက်က ဂျပန်လုပ်ငန်းရှင် ၁၅၀၀ ကျော်လောက် တက်ရောက်ခဲ့ပါတယ်။ ဒီဟာက ဂျပန်လုပ်ငန်းရှင်တွေအနေနဲ့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့ဘယ်လောက် စိတ်ဝင်စားသလဲဆိုတာကို ပြသနေပါတယ်။

နောက်တစ်ခုက ကိုဗစ်– ၁၉ ကြောင့် မြန်မာနိုင်ငံမှာ အလုပ်လုပ်ခဲ့တဲ့ ဂျပန်စီးပွားရေးလုပ်ငန်းရှင်တွေ ဂျပန်နိုင်ငံကို ခဏပြန်သွားတာရှိပါတယ်။ ဒါပေမယ့် အခု မြန်မာနိုင်ငံက ကိုဗစ်– ၁၉ ကို အောင်မြင်စွာ ထိန်းချုပ်နိုင်တဲ့အတွက် ချီးကျူးဖို့လည်း ကောင်းပါတယ်။ ဒါကြောင့်မို့ ဂျပန်ပြန်သွားတဲ့ လုပ်ငန်းရှင်တွေဟာ မြန်မာနိုင်ငံကို မြန်မြန်ဆန်ဆန် ပြန်လာချင်တဲ့သဘော ရှိပါတယ်။ ကိုဗစ်– ၁၉ ကြောင့် ဂျပန်နိုင်ငံမှာ ရှိနေတဲ့ မြန်မာနိုင်ငံသားတွေ မြန်မာနိုင်ငံကို ပြန်လာဖို့အတွက် မြန်မာအစိုးရက ကယ်ဆယ်ရေးလေယာဉ်ကို စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ ဒီကယ်ဆယ်ရေးလေယာဉ်နဲ့ပဲ အချို့ဂျပန်စီးပွားရေးလုပ်ငန်းရှင်တွေ မြန်မာနိုင်ငံကို ပြန်လာကြတာလည်း ရှိပါတယ်။

ဒါကြောင့် မြန်မာအစိုးရအနေနဲ့ ဂျပန်လုပ်ငန်းရှင်တွေ မြန်မာနိုင်ငံကို ပြန်လာနိုင်ဖို့ အကူအညီပေးနေတာကိုလည်း အင်မတန်ကျေးဇူးတင်ပါတယ်။ ကျွန်တော် ပြောချင်တာက မြန်မာနိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့ ကျွန်တော်တို့ ဂျပန်အစိုးရအနေနဲ့ ODA ကို အသုံးပြုပြီးတော့ လိုအပ်တဲ့ အကူအညီတွေ ပေးမှာပါ။

ဒါတင်မကသေးပါဘူး။ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဂျပန်နိုင်ငံက ရင်းနှီးမြှုပ်နှံသူတွေရဲ့ ရင်းနှီးမြှုပ်နှံမှုတွေဟာ အရေးကြီးပါတယ်။ ဒါကြောင့် ရင်းနှီးမြှုပ်နှံမှုတွေကို ဆက်ပြီး ဖိတ်ခေါ်နိုင်အောင် ကျွန်တော်တို့ ဂျပန်သံရုံးအနေနဲ့ ဆက်ပြီးတော့ ကြိုးစားမှာပါ။

**မေး ။ ။** ပြီးခဲ့တဲ့ ၃၆ နှစ်တာကာလအတွင်း ပထမဆုံး မြန်မာနိုင်ငံကို ချစ်ကြည်ရေးခရီး လာရောက်ခဲ့တဲ့ ဝန်ကြီးချုပ်အဖြစ် ဂျပန်ဝန်ကြီးချုပ် အာဘေးရှင်ဇိုဟာ ၂၀၁၃ ခုနှစ် မေလ ၂၄ ကနေ ၂၆ ရက်အထိ လာရောက်လည်ပတ်ခဲ့တယ်။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး၊ တရားဥပဒေစိုးမိုးရေး၊ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်ရေး၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် ဝန်ကြီးချုပ် အာဘေးရှင်ဇိုအစိုးရအဖွဲ့ရဲ့ ကူညီမှုတွေကိုလည်း သိပါရစေ။

**ဖြေ ။ ။** ဝန်ကြီးချုပ် အာဘေးရှင်ဇိုကတော့ မြန်မာနိုင်ငံကို ၁၉၈၃ ခုနှစ်က ပထမဆုံး ရောက်ခဲ့ပါတယ်။ အဲဒီအချိန်က သူ့အဖေက နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အာဘေးရှင်းတရောဆိုတော့ နိုင်ငံခြားရေးဝန်ကြီး ခရီးစဉ်နဲ့ သူလည်း မြန်မာနိုင်ငံကို ရောက်ခဲ့ပါတယ်။ အဲဒီကတည်းက ဝန်ကြီးချုပ် အာဘေးရှင်ဇိုဟာ မြန်မာနိုင်ငံအပေါ်မှာ အင်မတန်သံယောဇဉ် ရှိပါတယ်။

အခုကျွန်တော်တို့ ဂျပန်အစိုးရအနေနဲ့ မြန်မာနိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ၂၀၁၆ ခုနှစ်မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟာ ဂျပန်နိုင်ငံခရီးစဉ် သွားရောက်ခဲ့တဲ့အခါ ကျွန်တော်တို့ ဝန်ကြီးချုပ် အာဘေးရှင်ဇိုနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

ကျွန်တော်တို့ ဝန်ကြီးချုပ် အာဘေးရှင်ဇိုကိုယ်တိုင်ကတိပြုတာက လက်ရှိ NLD ဦးဆောင်တဲ့ အစိုးရသက်တမ်း ငါးနှစ်အတွင်းမှာ ဂျပန်အစိုးရအနေနဲ့ ဂျပန်ယန်း ၈၀၀ ဘီလီယံ အကူအညီပေးဖို့ ရှိတယ်ဆိုပြီး ပြောခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း ပူးပေါင်းဆောင်ရွက်မှာပါ။ မကြာခင်လာရောက်မယ့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး Mr. MOTEGI ရဲ့ အလည်အပတ်ခရီးစဉ် ရလဒ်ကို အခြေခံပြီးတော့ ခုနက ပြောခဲ့တဲ့အတိုင်း ငြိမ်းချမ်းရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစတဲ့ ကဏ္ဍမျိုးစုံအတွက် ပူးပေါင်းဆောင်ရွက်သွားမှာပါ။

**မေး ။ ။** ဂျပန်– မြန်မာနိုင်ငံ ဆက်ဆံရေး ပိုမိုတိုးတက် ခိုင်မြဲအောင် လုပ်ဆောင်သွားမယ့် သံအမတ်ကြီးရဲ့ သဘောထားတွေကိုလည်း သိချင်ပါတယ်။

**ဖြေ ။ ။** အမြဲတမ်းပဲ ကျွန်တော့်ကို ဒီလိုမေးတဲ့အခါ ပြောနေကျ ရှိပါတယ်။ ဒါက ဘာလဲဆိုတော့ ကျွန်တော်တို့ ဂျပန်နိုင်ငံ၊ ဂျပန်လူမျိုးတွေအတွက် မြန်မာနိုင်ငံရဲ့ကျေးဇူး ရှိခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာနိုင်ငံကို ဂျပန်က ဒုက္ခပေးခဲ့ပါတယ်။ ဒါပေမယ့် စစ်ရှုံးပြီး စစ်တပ်တွေ ထွက်ပြေးတဲ့အချိန်မှာ မြန်မာပြည်သူတွေဟာ အများကြီး အကူအညီပေးခဲ့တယ်။ ကျွန်တော်တို့က ဒုက္ခပေးခဲ့တဲ့ မြန်မာပြည်သူတွေက ပြန်ပြီး အကူအညီပေးခဲ့ပါတယ်။ အင်မတန်မှ ထူးဆန်းတဲ့ကိစ္စ ဖြစ်ပါတယ်။

နောက်တစ်ခုက ဒုတိယကမ္ဘာစစ်ကြီးပြီးတော့ ငြိမ်းချမ်းရေးစာချုပ်ကို ကမ္ဘာမှာ ပထမဆုံး လက်မှတ်ထိုးနိုင်ခဲ့တာက မြန်မာနိုင်ငံ ဖြစ်ပါတယ်။ မြန်မာနိုင်ငံက ငြိမ်းချမ်းရေးစာချုပ်မှာ ပထမဆုံး လက်မှတ်ထိုးပေးခဲ့တဲ့အတွက် တခြားနိုင်ငံတွေကလည်း လိုက်ပါဆောင်ရွက်ကြပါတယ်။ ဒီလိုစစ်ပွဲပြီးတဲ့အချိန်မှာ စားနပ်ရိက္ခာက အင်မတန်မှ ရှားပါးပါတယ်။

ဒီလို အချိန်မှာ မြန်မာနိုင်ငံက မြန်မာဆန်ဆိုပြီး ဂျပန်ကို အကူအညီပေးတာ ရှိပါတယ်။ ဒါကြောင့် ဂျပန်နိုင်ငံအတွက် မြန်မာနိုင်ငံဟာ ကျေးဇူးရှိခဲ့တယ်။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံ သံရုံးမှာ တာဝန်ထမ်းဆောင်တာ ငါးကြိမ်ရှိပါပြီ။ အဲဒီ ငါးကြိမ်တာဝန် ထမ်းဆောင်ခဲ့တဲ့အချိန်က ၂၅ နှစ် ရှိပါပြီ။ ကျွန်တော် ပထမဆုံး မြန်မာနိုင်ငံကို ရောက်တဲ့အချိန်နဲ့ လုံးဝမတူတော့ပါဘူး။ အခုက နိုင်ငံရေး၊ စီးပွားရေးအတွက်အင်မတန်မှ အရေးကြီးတဲ့ အချိန်ကို ရောက်နေတယ်။ ဒီအတွက် ဂျပန်အစိုးရ၊ ဂျပန်ပြည်သူတွေက မိတ်ဆွေကောင်းအနေနဲ့ကြိုးစားဖို့ အချိန်တန်ပြီလို့ ခံစားရပါတယ်။ ဩဂုတ်လ ၂၄ ရက်နဲ့ ၂၅ ရက်နေ့မှာ နိုင်ငံခြားရေးဝန်ကြီးအဖြစ်နဲ့ ပထမဆုံး မြန်မာနိုင်ငံခရီးစဉ်ကို လာရောက်လည်ပတ်ပြီး မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးတဲ့အခါမှာ ပိုမိုနီးကပ်စွာ ချိတ်ဆက် လုပ်ကိုင်သွားဖို့ ညှိနှိုင်းလိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။

**မေး ။ ။** မြန်မာနိုင်ငံဟာ ကုန်ထုတ်လုပ်မှု အခြေခံနေရာအဖြစ်၊ ထွန်းသစ်စ ဈေးကွက်နေရာအဖြစ် အလားအလာကောင်းတွေ ရှိနေတာ ဖြစ်ပါတယ်။ နှစ်နိုင်ငံစလုံးအတွက် အကျိုးရှိစေမယ့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးတက်လာစေဖို့ သံအမတ်ကြီးအနေနဲ့ ဘယ်လိုလုပ်ဆောင်နေသလဲဆိုတာ ရှင်းပြပေးစေလိုပါတယ်။

**ဖြေ ။ ။** ၂၀၁၆ ခုနှစ်မှာ ကျွန်တော်တို့ ဝန်ကြီးချုပ်ကိုယ်တိုင် ဂျပန်ယန်း ၈၀၀ ဘီလီယံ အကူအညီပေးမယ်လို့ ကတိပြုခဲ့ပါတယ်။ အဲဒီလို ကတိပြုတဲ့အခါ အဓိကကဏ္ဍသုံးခု သတ်မှတ်လိုက်ပါတယ်။ ပထမက ပို့ဆောင်ရေး၊ ပို့ဆောင်ရေးထဲမှာ ရထား၊ လေဆိပ်၊ ဆိပ်ကမ်း အကုန်ပါပါတယ်။ ဒုတိယက လျှပ်စစ်စွမ်းအင်ကဏ္ဍပါ၊ လျှပ်စစ်မရှိရင် ဘာမှလုပ်လို့မရတဲ့အတွက် ဒီအတွက် အားပေးကူညီမယ်။ တတိယကတော့ ရန်ကုန် စီးပွားရေးမြို့တော် ဖွံ့ဖြိုးရေးအတွက်ပါ။ ရန်ကုန်မြို့ဟာ စီးပွားရေးမြို့တော် ဖြစ်ပါတယ်။ ဒီစီးပွားရေးမြို့တော် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အကူအညီပေးမယ်။ ပိုပြီးအရေးကြီးတာက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လူ့စွမ်းအားအရင်းအမြစ်က အရေးကြီးပါတယ်။ ဒါကြောင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆက်ပြီးအကူအညီပေးဖို့ စဉ်းစားနေပါတယ်။

တစ်ခုက မြန်မာနိုင်ငံအစိုးရနဲ့ ပူးပေါင်းဆောင်ရွက်ပြီး အောင်မြင်မှုရခဲ့တာက သီလဝါ အထူးစီးပွားရေးဇုန် စီမံကိန်းပါ။ အခု သီလဝါ အထူးစီးပွားရေးဇုန်က ပြည်တွင်း ပြည်ပကုမ္ပဏီ အားလုံးပေါင်းလိုက်ရင် ၁၀၀ ကျော်လောက် စက်ရုံဆောက်နေကြပါတယ်။ ကိုဗစ်ကာလအတွင်းမှာလည်း ရပ်ဆိုင်းမှုမရှိဘဲ ဆက်လက်ဆောင်ရွက်နေပါတယ်။ *စာမျက်နှာ ၁၁ သို့*

> **“ဇူလိုင်လ ၂၉ ရက်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ဒုတိယဝန်ကြီး ဦးဆက်အောင်တို့နဲ့ ကျွန်တော်တို့ ဂျပန်နိုင်ငံက စီးပွားရေးလုပ်ငန်းရှင်တွေ Video Conference နဲ့ ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ကျင်းပခဲ့ပါတယ်။ ဂျပန်ဘက်က ဂျပန်လုပ်ငန်းရှင် ၁၅၀၀ ကျော်လောက် တက်ရောက်ခဲ့ပါတယ်။ ဒီဟာက ဂျပန်လုပ်ငန်းရှင်တွေအနေနဲ့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့ ဘယ်လောက်စိတ်ဝင်စားသလဲဆိုတာကို ပြသနေပါတယ်”**

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း လုပ်ငန်းစဉ်နှင့် ရှေ့ပြေးရလဒ်များ ထုတ်ပြန်နိုင်ရေး ညှိနှိုင်းအစည်းအဝေးတက်ရောက်

နေပြည်တော် ဩဂုတ် ၂၀



၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းလုပ်ငန်းစဉ်နှင့် ရှေ့ပြေးရလဒ်များ ထုတ်ပြန်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)

အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊ အမြဲတမ်းအတွင်းဝန် ဦးအေးလွင်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်ကြားကာလရှိ မြန်မာနိုင်ငံ၏လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ အနီးစပ်ဆုံးမှန်ကန်စွာ ခန့်မှန်းနိုင်ရန်၊ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအချက်အလက်များ၏ ပြောင်းလဲမှုများအား နှိုင်းယှဉ်လေ့လာသုတေသနပြုနိုင်ရန်နှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် လိုအပ်သောအညွှန်းကိန်းများ ရရှိနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊

ယင်းလုပ်ငန်းစဉ်သည် တိုင်းဒေသကြီး / ပြည်နယ်အလိုက် ခရိုင်အဆင့်ကိုယ်စားပြု အညွှန်းကိန်းများရရှိအောင် ကောက်ကွက်များ ရွေးချယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ကောက်ကွက်အလိုက် အိမ်တိုင်ရာရောက် တစ်အိမ်တက်ဆင်း Tablet များဖြင့် ကွန်ပျူတာ အထောက်အကူပြု လူတစ်ဦးချင်း ကောက်ယူသည့် (Computer Assisted Personal Interviewing–CAPI) စနစ်ဖြင့် ကောက်ယူခဲ့ခြင်းဖြစ်ရာ ၂၀၂၄ ခုနှစ်တွင်ကောက်ယူမည့် လူဦးရေသန်းခေါင်စာရင်းအတွက်လည်း များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ကောက်ယူရရှိသောအချက်အလက်များကို အချက်အလက်အသုံးပြုသူများသို့ ဖြန့်ဝေနိုင်ခြင်းဖြင့် နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆိုင်ရာ စီမံကိန်းများ ရေးဆွဲချမှတ်ရာတွင် ထိရောက်စွာ အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း။

## နှိုင်းယှဉ်လေ့လာ ဆန်းစစ်

အခြားဌာနများသည်လည်း ၎င်းတို့၏အစီအစဉ်ဖြင့် အချက်အလက်များ ကောက်ယူနေကြသည်ကို သိရှိရပြီး မိမိတို့ဌာနမှ ကောက်ယူရရှိသည့် အချက်အလက်များဖြင့် မျှဝေဖလှယ်သုံးစွဲကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ယင်းစာရင်း ကောက်ယူခြင်း လုပ်ငန်းစဉ်သည် ဌာနအတွက် မှတ်ကျောက်တင်နိုင်သည့် လုပ်ငန်းစဉ်ဖြစ်သကဲ့သို့ နိုင်ငံ့အတွက်လည်း များစွာအကျိုးရှိသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါကြောင်း၊ ယင်းအချက်အလက်များသည် ကိုဗစ်–၁၉ မဖြစ်ပွားမီ နောက်ဆုံးကောက်ယူခဲ့သည့် စစ်တမ်းဖြစ်၍ ကိုဗစ်–၁၉ မတိုင်ခင်နှင့် ကိုဗစ်–၁၉ အလွန်ကာလ ပြောင်းလဲသည့် အချက်အလက်များအား နှိုင်းယှဉ်လေ့လာ ဆန်းစစ်ရာတွင် အရေးပါသည့် အချက်အလက်များအဖြစ် အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း၊ ယခုရှေ့ပြေးရလဒ်များ ထုတ်ပြန်ပြီးပါက ပင်မအစီရင်ခံစာနှင့် သုတေသနစာတမ်းများ ဆက်လက်ထုတ်ပြန်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ယခုခေတ်ကာလသည် IT နည်းပညာခေတ်ဖြစ်ပြီး အချက်အလက် (Data) များ ရယူပိုင်ဆိုင်မှုသည် အလွန်အရေးကြီးပါကြောင်း၊ နိုင်ငံတိုင်းသည် အချက်အလက် (Data) ပိုင်ဆိုင်မှုကို နည်းမျိုးစုံအသုံးပြု ဆောင်ရွက်နေကြပါကြောင်း။

## ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

မိမိတို့၏ လူဦးရေသန်းခေါင်စာရင်း အချက်အလက်များသည်လည်း နိုင်ငံအတွက် အရေးကြီးပြီး များစွာအသုံးဝင်သည့် အချက်အလက်များဖြစ်သဖြင့် အချက်အလက် အရည်အသွေးမြင့်မားပြီး တိကျမှန်ကန်ရေးသည် အလွန်အရေးကြီးပါကြောင်း၊ ယခု ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကို အောင်မြင်စွာ ကောက်ယူဆောင်ရွက်နိုင်သကဲ့သို့ ၂၀၂၄ ခုနှစ် လူဦးရေသန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူနိုင်ရေးအတွက် ယခုလုပ်ငန်းစဉ်၏ အားနည်းချက်၊ အားသာချက်များကို အပြန်အလှန် သုံးသပ်ဆောင်ရွက်ကြရန်နှင့် အားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြမှသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းအမှာစကားပြောကြားသည်။

ထို့နောက် ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဇော်အောင်က ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူခဲ့မှု အခြေအနေ၊ ကောက်ယူရရှိသောအချက်အလက်များအပေါ် အခြေခံ၍ ရှေ့ပြေးရလဒ်ထုတ်ပြန်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ရှေ့ပြေးရလဒ်ထုတ်ပြန်ခြင်း အခမ်းအနားကျင်းပရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ဂရုပြုဆောင်ရွက်နိုင်ရေးနှင့် ထုတ်ပြန်သည့် စာရင်းဇယားရလဒ်များအား ယခင်စာရင်းဇယားများနှင့် နှိုင်းယှဉ်ချိန်ထိုးကာ လက်တွေ့နယ်ပယ်နှင့် နီးစပ်သည့် ကိန်းဂဏန်းအချက်အလက်များဖြစ်စေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

*စာမျက်နှာ ၁၀ မှ*

ဒီသီလဝါအထူးစီးပွားရေးဇုန်ကနေ မြန်မာနိုင်ငံ အကျိုးကျေးဇူး ခံစားနိုင်အောင် ကျွန်တော်တို့ ကြိုးစားနေပါတယ်။ ဘယ်လိုကြိုးစားသလဲဆိုတော့ သီလဝါ အထူးစီးပွားရေးဇုန်နဲ့ ချိတ်ဆက်ပြီးတော့ မြန်မာနိုင်ငံအနေနဲ့ နည်းပညာ၊ အတွေ့အကြုံတွေရရှိပြီး နောက်ပိုင်းမှာ ကိုယ်ထူကိုယ်ထ ဆက်လုပ်သွားနိုင်မယ်။

**မေး ။ ။ မြန်မာအစိုးရ ဆောင်ရွက်နေတဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ အဖွဲ့အစည်းတွေ တိုးတက်ရေး၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးစတဲ့ လုပ်ငန်းစဉ်တွေမှာ ဂျပန်အစိုးရ အကူအညီပေးနေတာတွေကိုလည်း သိပါရစေ။**

**ဖြေ ။ ။** ခုနက ကျွန်တော် ရှင်းပြခဲ့သလိုပါပဲ။ အခုက မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် အရေးကြီးတာက ပို့ဆောင်ရေးကဏ္ဍ ဖြစ်ပါတယ်။ ဥပမာပြောရင် ရန်ကုန်– မန္တလေး ရထားလမ်း စီမံကိန်းကို နှစ်နိုင်ငံအစိုးရ ပူးပေါင်းပြီး အကောင်အထည်ဖော်တယ်။ ဂျပန်နိုင်ငံက ODA ချေးငွေနဲ့ ဆောင်ရွက်နေပါတယ်။ ရန်ကုန်မြို့မှာဆိုရင် ရန်ကုန်မြို့ပတ်ရထားလမ်းကိုလည်း ဆောင်ရွက်နေတာ ရှိပါတယ်။ ကျေးလက်ဒေသမှာ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက်လည်း ပူးပေါင်းဆောင်ရွက်နေတာတွေ ရှိပါတယ်။ နောက်တစ်ခုအရေးကြီးတာက ပညာရေးကဏ္ဍဟာ အရေးကြီးပါတယ်။ ကျေးလက်ဒေသတွေမှာ အခြေခံကျောင်းတွေ မရှိတဲ့ နေရာတွေ ရှိပါတယ်။ ဒါကြောင့် ကျောင်းဆောက်တာတွေကိုလည်း ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးစီမံကိန်းအရ ဆောင်ရွက်နေပါတယ်။

**မေး ။ ။ ကိုဗစ်– ၁၉ ထိန်းချုပ်၊ ကာကွယ်ရေးအတွက် အကူအညီပေးမှုတွေကိုလည်း သိချင်ပါတယ်။**

**ဖြေ ။ ။** ကျန်းမာရေးကဏ္ဍမှာအသုံးပြုမယ့် ဆေးပစ္စည်း ကိရိယာတွေ ထောက်ပံ့လှူဒါန်းခဲ့ပါတယ်။ ဒါအတွက် ဆက်ပြီး ကြိုးပမ်းဆောင်ရွက်သွားမှာပါ။ နောက်တစ်ခုက ကျန်းမာရေးကဏ္ဍအတွက်သာမက ကိုဗစ်– ၁၉ ကြောင့် တစ်ကမ္ဘာလုံးမှာ စီးပွားရေး ထိခိုက်တဲ့အတွက် မြန်မာအစိုးရအနေနဲ့ လိုအပ်တဲ့ဟာ ရှိရင် ဂျပန်ယန်း ဘီလီယံ ၃၀ အကူအညီပေးဖို့ ဆောင်ရွက်နေတာလည်း ရှိပါတယ်။ ဒီတစ်ခေါက် နိုင်ငံခြားရေးဝန်ကြီး Mr. MOTEGI ခရီးစဉ်မှာ နှစ်နိုင်ငံအကြား ခရီးသွားလာမှု ပြန်လည်စတင်ဖို့အတွက် ပူးပေါင်းဆောင်ရွက်ရေးနဲ့ လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019, COVID- 19) စီမံချက်အပါအဝင် အမျိုးမျိုးသော ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်ရေးနဲ့ ပတ်သက်ပြီး ဆွေးနွေးသွားမှာဖြစ်ပါတယ်။

**မေး ။ ။ သီလဝါစက်မှုဇုန်ဟာ အောင်မြင်မှုရရှိခဲ့တဲ့အတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် တခြားစီးပွားရေးဇုန်တွေအနေနဲ့ အတုယူကြဖို့ တိုက်တွန်းထားပါတယ်။ လက်ရှိသီလဝါစက်မှုဇုန် အောင်မြင်မှုအခြေအနေနဲ့ အခက်အခဲတွေရှိခဲ့ရင်လည်း ပြောပြပေးပါ။**

**ဖြေ ။ ။** သီလဝါ အထူးစီးပွားရေးဇုန်ဟာ အောင်မြင်တဲ့ စီးပွားရေးဇုန်တစ်ခု ဖြစ်ပါတယ်။ အဲဒီမှာ စက်ရုံ ၁၀၀ ကျော် ဆောက်နေပါတယ်။ စက်ရုံ ၁၀၀ ကျော်ဟာ တစ်ဝက်လောက်က ဂျပန်စက်ရုံတွေ ဖြစ်ပါတယ်။ ဥပမာပြောရရင် ဆူဇူကီးကားကုမ္ပဏီက ကားတွေ ထုတ်လုပ်နေပါပြီ။ တိုယိုတာကား ကုမ္ပဏီကနေ ကားတွေ နောက်နှစ်မှာ စပြီး ထုတ်လုပ်ဖို့ အစီအစဉ်ရှိပါတယ်။ ဒီအစီအစဉ်က ကိုဗစ်– ၁၉ ကြောင့် အပြောင်းအလဲတော့ မရှိပါဘူး။ ဆက်ပြီးဆောင်ရွက်မယ့် စီမံကိန်းတွေပါ။ သီလဝါအထူးစီးပွားရေးဇုန်က ဂျပန်ကုမ္ပဏီတွေရဲ့ နည်းပညာနဲ့ စီမံခန့်ခွဲမှုတွေကို မြန်မာကုမ္ပဏီတွေကို မိတ်ဆက်ပေးပြီး ကိုယ်ထူကိုယ်ထ နိုင်သလောက် စီးပွားရေး လုပ်ဆောင်တဲ့အဆင့်ကို ရောက်စေချင်ပါတယ်။ နောက်တစ်ခုက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဇူလိုင် ၂၉ ရက်က ဦးစီးကျင်းပခဲ့တဲ့ Video Conferenceနဲ့ ဂျပန်–မြန်မာ ရင်းနှီးမြှုပ်နှံမှုဖိုရမ်မှာ ပြောကြားတာ ရှိပါတယ်။ မွန်ပြည်နယ်မှာ အထူးစီးပွားရေးဇုန်တစ်ခု စတင်အကောင်အထည်ဖော်စေချင်တဲ့သဘောကို ပြောပါတယ်။ ကျွန်တော်တို့ကလည်း အထူးစိတ်ဝင်စားပြီး အလေးအနက်ထား စဉ်းစားနေပါတယ်။ အဲဒီ စီမံကိန်းက အရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ East–West Corridor နဲ့ နီးစပ်တယ်၊ ထိုင်းနိုင်ငံနဲ့ နီးစပ်တယ်၊ ရန်ကုန်နဲ့နီးတယ်၊ လမ်းပန်းဆက်သွယ်ရေး ကောင်းတယ်၊ ဒီစီမံကိန်းကို မြန်မာအစိုးရအနေနဲ့ဆောင်ရွက်ဖို့ ဆန္ဒရှိရင်ကျွန်တော်တို့ ဂျပန်အစိုးရ၊ ဂျပန်ကုမ္ပဏီတွေနဲ့အတူ ပူးပေါင်း အကောင်အထည်ဖော်သွားဖို့ အလေးအနက်ထား စဉ်းစားနေပါတယ်။ ဒီတစ်ခေါက် နိုင်ငံခြားရေးဝန်ကြီး Mr. MOTEGI ခရီးစဉ်ကို အကြောင်းပြုပြီး သီလဝါ အထူးစီးပွားရေးဇုန် ဆက်လက်အောင်မြင်ဖို့အတွက် ဘယ်လိုမျိုး ပူးပေါင်းဆောင်ရွက်နိုင်မလဲဆိုတာကို မြန်မာနိုင်ငံအစိုးရနဲ့အတူတူ ဆက်လက်စဉ်းစား သုံးသပ်သွားလိုပါတယ်။

**မေး ။ ။ သံအမတ်ကြီးအနေနဲ့ဖြည့်စွက်ပြောကြားချင်တာ ရှိရင်ပြောကြားပေးပါ။**

**ဖြေ ။ ။** မြန်မာနိုင်ငံမှာ ကိုဗစ် – ၁၉ ကြားကပဲ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ အစိုးရ၊ ပြည်သူကြိုးစားဆောင်ရွက်နေတာကို အင်မတန်လေးစားပါတယ်။ ချီးကျူးပါတယ်။ ဂျပန်နိုင်ငံအတွက် မြန်မာနိုင်ငံဟာ တန်ဖိုးရှိ အလေးထားတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် နှစ်နိုင်ငံ စီးပွားရေး၊ လူမှုရေး စတဲ့ပူးပေါင်းဆက်ဆံရေး အားလုံးတိုးတက်အောင် ကျွန်တော်တို့ ဂျပန်သံရုံးအနေနဲ့၊ ဂျပန်အစိုးရအနေနဲ့ ကြိုးစားသွားပါ့မယ်။

ကျေးဇူးတင်ပါတယ်။

---

## သီပေါမြို့နယ်မှ တောင်သူများ၏ မြေပဲဆန်များအား သမဝါယမအသင်းစုက ချိတ်ဆက်ဝယ်ယူ

ညောင်ဦး ဩဂုတ် ၂၀

ယနေ့ကာလတွင် တောင်သူလယ်သမားများ၏ စိုက်ပျိုးသီးနှံများ ပြည်တွင်းဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများကို ကူညီဖြေရှင်းပေးမည်ဖြစ်ကြောင်းနှင့် တောင်သူလယ်သမားများအနေဖြင့် မိမိတို့၏ စိုက်ပျိုးထုတ်ကုန်များ ရောင်းချလိုပါက ဆက်သွယ်ပါရန် သမဝါယမဦးစီးဌာနက သတင်းစာများတွင် အသိပေးတင်ပြချက်အရ ရှမ်းပြည်နယ် သီပေါမြို့နယ်မှ တောင်သူများ စိုက်ပျိုးထွက်ရှိသည့် မြေပဲဆန် (အဖြူ၊ အနီ) များအား ရောင်းချလိုကြောင်း သမဝါယမဦးစီးဌာနသို့ ဆက်သွယ်လာခြင်းအပေါ် ညောင်ဦးမြို့နယ် သမဝါယမအသင်းစုနှင့် ချိတ်ဆက်ပေးခဲ့ရာ ညောင်ဦးမြို့နယ် သမဝါယမအသင်းစုပိုင် အနော်ရထာဆီစက်က မြေပဲဆန် ပိဿာ ၄၀၀၀ ဝယ်ယူခဲ့ကြောင်း သိရှိရသည်။

အဆိုပါဝယ်ယူခဲ့သည့် မြေပဲဆန်များကို ကြိတ်ခွဲရာမှ ထွက်ရှိလာသည့် မြေပဲဆီစစ်စစ်များကို ပြင်ပပေါက်ဈေး တစ်ပိဿာငွေကျပ် ၆၀၀၀ ရှိသော်လည်း တစ်ပိဿာငွေကျပ် ၅၆၀၀ နှုန်းဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချပေးမည်ဖြစ်ကြောင်းနှင့် ညောင်ဦးပဲဆီသန့်များ လက်လီ၊ လက်ကားဝယ်ယူလိုပါက သမဝါယမဦးစီးဌာန (ရုံးချုပ်) ဖုန်း–၀၆၇–၄၁၀၃၄၁၊ ညောင်ဦးမြို့နယ် သမဝါယမအသင်းစုပိုင်၊ အနော်ရထာဆီစက် ဖုန်း–၀၉–၄၃၁၀၄၅၂၉၊ ၀၉–၇၇၂၂၆၀၂၃၄ တို့သို့ ဆက်သွယ်၍ ဝယ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်း

## ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃) ချုပ်ဆိုရန် သဘောတူညီအတည်ပြုနိုင်



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကျင်းပစဉ်။ ဓာတ်ပုံ - ဖိုးထောင်

**နေပြည်တော် ဩဂုတ် ၂၀**

အကြိမ် (၂၀) မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၁ (MICC-1) ပတ္တမြားခန်းမတွင် ကျင်းပခဲ့ပြီး အစည်းအဝေးတွင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) ချုပ်ဆိုရန် သဘောတူညီ၍ အတည်ပြုချက်ရရှိခဲ့ကြောင်း သိရသည်။

အစည်းအဝေးအပြီး မွန်းလွဲပိုင်းတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ဝင်များ ဖြစ်ကြသည့် တာလုဖေ၊ ဦးဇော်ဌေးနှင့် နိုင်အောင်မငေးတို့က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး၌ ချုပ်ဆိုသွားမည့် အပိုင်းသုံးပိုင်းပါဝင်သည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) ချုပ်ဆိုမည့် ပုံစံနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ ကျင်းပခဲ့သည်။

### ညီလာခံပထမနေ့မှာ တင်သွင်းခဲ့

ပြည်ထောင်စုသဘောတူစာချုပ် အပိုင်း-(၃) ချုပ်ဆိုမည့် ပုံစံနှင့်ပတ်သက်၍ UPDJC အတွင်းရေးမှူး အဖွဲ့ဝင် ဦးဇော်ဌေးက “ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) မှာချုပ်ဆိုမယ့် အချက်အလက်တွေကို ညီလာခံ ပထမနေ့မှာ တင်သွင်းခဲ့ပြီး ဖြစ်ပါတယ်။ ညီလာခံမှာ တင်သွင်းခဲ့တဲ့ အဆိုပြုချက်တွေကို ဒီကနေ့ UPDJC အစည်းအဝေးက အတည်ပြုတာဖြစ်ပါတယ်။ အတည်ပြုပြီးရင် မနက်ဖြန်မှာ ပြည်ထောင်စု သဘောတူစာချုပ် အပိုင်း - (၃)မှာ ထည့်သွင်းချုပ်ဆိုမှာ ဖြစ်ပါတယ်။ အခုကတော့ မနက်ဖြန်ညီလာခံမှာ လက်မှတ်ရေးထိုး အတည်ပြုမယ့် အနေအထားကို ရောက်ရှိသွားပါပြီ” ဟု ပြောသည်။

ချုပ်ဆိုသွားမည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) တွင် အပိုင်း (၁) တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (National Ceasefire Agreement-NCA) အကောင်အထည်ဖော်မှုဆိုင်ရာသဘောတူညီချက်၊ အပိုင်း(၂) ၂၀၂၀ အလွန် အဆင့်လိုက် လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများ၊ အပိုင်း (၃) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူများ ပါဝင်မည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲမှ သိရသည်။

### မူဘောင်သဘောတူညီချက်ကို အဆိုပြု

UPDJC အတွင်းရေးမှူး အဖွဲ့ဝင် နိုင်အောင်မငေးက “မနက်ဖြန်အတွက် အဆိုပြုချက် (၃) ချက်မှာဆိုရင် အပိုင်းတစ်မှာ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်ကို အဆိုပြုမယ်။ ထောက်ခံကြမယ်။ အပိုင်းနှစ်မှာ ၂၀၂၀ ပြည့်နှစ်အလွန် အဆင့်လိုက်လုပ်ငန်းစဉ်နဲ့ အဆင့်လိုက်အကောင်အထည်ဖော်မှုကို အဆိုပြုမယ်။ ထောက်ခံကြမယ်။ အပိုင်းသုံးမှာ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူတွေကို အဆိုပြုမယ်။ ထောက်ခံမယ်။ ဒီသုံးခုကို မနက်ဖြန် အစီအစဉ်မှာ ထည့်သွင်းသွားပါမယ်” ဟု ပြောသည်။

ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) ချုပ်ဆိုရာတွင် အခမ်းအနား အစီအစဉ်(၁၁)ရပ်နှင့် ညီလာခံကို ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲမှ သိရသည်။

### နှစ်ဖက်စလုံးက တွေ့ဆုံဖို့ ညှိနေ

အစိုးရအနေဖြင့် NCA လက်မှတ်ရေးထိုးထားခြင်း မရှိသေးသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်လာနိုင်ရေး အစိုးရ ဆောင်ရွက်နေမှုများနှင့်ပတ်သက်သည့် မေးမြန်းမှုအပေါ် ဦးဇော်ဌေးက “နှစ်ဖက်စလုံးက တွေ့ဆုံဖို့ ညှိနေတာရှိတယ်။ နောက်ဆုံးလာတဲ့ KIA+3 လေးဖွဲ့ရဲ့ Position နဲ့ သူတို့ရဲ့ သဘောထားကို ကျွန်တော်တို့ဘက်ကို တင်သွင်းလာတဲ့ အခါမှာ ကျွန်တော်တို့ဘက်မှာလည်း အစိုးရ၊ တပ်မတော်၊ လွှတ်တော် ပြန်ထိုင်ဖို့လိုတယ်။ အဲဒီအတွက်လည်း ကျွန်တော်တို့ စီစဉ်နေတယ်။ အထူးသဖြင့် ဒီအဖွဲ့တွေထဲမှာ ထူးခြားချက်တွေ ပါနေတဲ့အတွက် ညီလာခံကို ဖိတ်ကြားတာကအစ အကန့်အသတ်တွေလုပ်ရတဲ့ အနေအထားလေးတွေ ရှိလာတယ်။ ဒါကြောင့် ဒီလေးဖွဲ့နဲ့ ဆွေးနွေးဖို့က ဘယ်ပုံဘယ်နည်း သွားမယ်ဆိုတာကို အထူးသဖြင့် တပ်မတော်နဲ့ အစိုးရကြားမှာပြန်ညှိရမယ့် သဘောရှိပါတယ်။ အဲဒါတွေ ပြီးသွားရင် သူတို့ကို တရားဝင်အကြောင်းပြန်ပြီးတော့ ဆောင်ရွက်သွားမှာဖြစ်တယ်။

### အကျေအလည် ပြန်ညှိရမယ့်အပိုင်းတွေရှိ

“နောက်တစ်ချက်က MoU ညှိနှိုင်းနေတဲ့ အနေအထားလေးတွေရှိတယ်။ ဒီအပိုင်းမှာလည်း တစ်ခါတလေကျတော့ EAO တွေဘက်မှာလည်း နီးကပ်လာတဲ့ ရွေးကောက်ပွဲ အနေအထား၊ ရွေးကောက်ပွဲအလွန် အခြေအနေ စသဖြင့် တွက်ချက်နေတဲ့သဘောလည်း ရှိနိုင်ပါတယ်။ ဒါတွေကလည်း ထည့်သွင်းစဉ်းစားရမယ့်အချက်တွေ ဖြစ်ပါတယ်။ ဒီကြားမှာတော့ တွေ့ဆုံဖို့က ကိုဗစ်-၁၉ လက်ရှိအခြေအနေ၊ အခုဆိုရင် ရခိုင်ပြည်နယ်မှာ ကူးစက်မှုအနေအထားက သတိတော်တော်ထားရမယ့်အနေအထား လေးတွေ ဖြစ်လာတယ်။ ဒါကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း Second Wave ဖြစ်လာမှာ စိုးတဲ့အတွက် ညွှန်ကြားချက်တွေလည်း ထပ်ပြီးထွက်ထားတယ်။ ကိုဗစ်-၁၉ ကြောင့် လက်ရှိအနေအထားအရ ခရီးသွားလာရတာအခက်အခဲရှိတယ်။ ဥပမာ- တရုတ်နိုင်ငံမှာ သွားတွေ့ရမယ်ဆိုပါစို့၊ တရုတ်မှာလည်း သူ့နိုင်ငံရဲ့ စည်းမျဉ်းစည်းကမ်းအရ Quarantine စည်းကမ်းတွေရှိမယ်။ အလားတူ အဲဒီကပြန်လာရင်လည်း ဒီမှာပြန်ပြီး Quarantine ဝင်ရမှာဆိုတဲ့ စည်းကမ်းတွေရှိတယ်။ နံပါတ် (၃) ညှိနှိုင်းနေတဲ့ကိစ္စတွေမှာ အစိုးရပိုင်းမှာလည်း တပ်မတော်နဲ့ အကျေအလည် ပြန်ညှိရမယ့်အပိုင်းတွေရှိတယ်။ အဲဒီအချက် ၃ ချက်ကြောင့် လောလောဆယ်ဖြစ်နိုင်ဖို့ ခက်မယ်” ဟု ဖြေကြားသည်။

### ဦးဆောင်တဲ့ အခန်းကဏ္ဍမှာရှိ

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အစိုးရ၏ ပါဝင်မှုအခန်းကဏ္ဍနှင့်ပတ်သက်၍ UPDJC အတွင်းရေးမှူးအဖွဲ့ဝင် တာလုဖေက “ ကျွန်တော် နားလည်သလောက်ကတော့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ UPDJC အခန်းကဏ္ဍ၊ JICM အခန်းကဏ္ဍ၊ JMC အခန်းကဏ္ဍ၊ နောက် NRPC နဲ့ PC ပေါ့။ အစိုးရ၊ လွှတ်တော်၊ တပ်မတော် က အနားတစ်နား၊ တိုင်းရင်းသား လက်နက်ကိုင် EAO တွေက တစ်နား၊ ကျွန်တော်တို့ နိုင်ငံရေးပါတီက တစ်နားဆိုပေမယ့် အစိုးရရဲ့ အခန်းကဏ္ဍကတော့ ခေါင်းတွဲပါပဲ။ နိုင်ငံတကာနဲ့ ချိတ်ဆက်ရာမှာလည်းကောင်း၊ ပြည်ထောင်စုအဆင့် အခမ်းအနားတွေ ကျင်းပရာမှာလည်းကောင်း အစိုးရရဲ့ ပါဝင်အားစိုက်မှု မပါရင် မလွယ်ကူတဲ့ အနေအထားမှာ ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ တန်းတူရည်တူ ညှိနှိုင်းဆွေးနွေးနေပေမယ့် အကောင်အထည်ဖော်တဲ့ နေရာမှာတော့ အစိုးရက ဦးဆောင်တဲ့ အခန်းကဏ္ဍမှာရှိတယ်လို့ မြင်ပါတယ်။ ကျွန်တော် တစ်ဦးတည်းရဲ့ သဘောထားပါ” ဟု ဖြေကြားသည်။

အဆိုပါအကြောင်းအရာနှင့်ပတ်သက်၍ ဦးဇော်ဌေးက “ ကျွန်တော်တို့ ငြိမ်းချမ်းရေးဖြစ်စဉ် (Peace Process) က ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ် (Local Process) ပါ။ ဒါကြောင့် နိုင်ငံတကာက ဝင်ပြီးတော့ ဦးဆောင်ပေးတာတို့၊ ညှိနှိုင်းပေးတာတို့ မရှိဘူး။ ဒါကြောင့် အစိုးရက ဦးဆောင်ရတယ်။ ဘယ်အချိန်မှာဖြစ်ဖြစ် ရှိနေတဲ့အစိုးရက ဦးဆောင်ရတယ်။ NCA လက်မှတ်မထိုးရသေးတဲ့ အဖွဲ့တွေနဲ့ ညှိနှိုင်းတာလည်း အစိုးရပဲ။ NCA လက်မှတ်ထိုးထားပြီးသား အဖွဲ့တွေနဲ့ ညှိနှိုင်းလည်း အစိုးရကပဲ ဦးဆောင်ရတယ်။ နိုင်ငံရေးဆွေးနွေးရေး အပိုင်းတွေ၊ အပစ်အခတ်ရပ်စဲရေး (ceasefire) အပိုင်းတွေဆိုလည်း အစိုးရကပဲ ဦးဆောင်ရတာပဲ။

### ဘုံသဘောတူညီချက်ရအောင် ညှိရ

“သို့သော် ကျွန်တော်တို့မှာ ထူးခြားချက်ရှိတယ်။ EAO တွေထဲမှာလည်း NCA ထိုးပြီးသား (၁၀) ဖွဲ့ရှိတယ်။ (၁၀) ဖွဲ့လုံးက သဘောတစ်ခုတည်းမဟုတ်ဘူး။ သူ့အထဲမှာ ဘုံသဘောတူညီချက်ရအောင် ညှိရတယ်။ အလားတူ ရွေးကောက်ပွဲ အနိုင်ရ နိုင်ငံရေးပါတီ (၂၁) ပါတီမှာလည်း ပါတီအလိုက် မူဝါဒတွေ မတူဘူး။ အဲဒါကို UPDJC စားပွဲဝိုင်းကို ရောက်လာရင် ပြန်ပြီးညှိရတယ်။ ဘုံရပ်တည်ချက် ရှာရတယ်။ အဲဒီလိုပဲ ကျွန်တော်တို့ အစိုးရ အစုအဖွဲ့ထဲမှာလည်း အစိုးရ၊ လွှတ်တော်၊ တပ်မတော်ရှိတယ်။ ဘယ်လိုပုံ ပြန်ခွဲရသလဲဆိုတော့ အစိုးရ၊ လွှတ်တော်၊ တပ်မတော် ပြန်ညှိရတယ်။ အစိုးရကလည်း အစိုးရ သဘောထား၊ လွှတ်တော်ကလည်း လွှတ်တော် သဘောထား၊ အလားတူ တပ်မတော်ကလည်း တပ်မတော် သဘောထားရှိတယ်။ အဲဒီသဘောထားတွေပေါ်မှာ တူအောင်ညှိပြီးမှ EAO နဲ့ စားပွဲဝိုင်း၊ နိုင်ငံရေးပါတီတွေနဲ့ စားပွဲဝိုင်း အဲဒီလို ညှိရတယ်။ ကျွန်တော်တို့ထဲမှာ အဲဒီလို ညှိထားပေမယ့် မပါတဲ့အကြောင်းအရာ ကိစ္စရပ်တွေ ပါလာရင် တပ်မတော်နဲ့ ပြန်ပြီးညှိရတာရှိတယ်။ ကျန်တဲ့နိုင်ငံတွေရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ် တော်တော်များများမှာက အစိုးရပိုင်းမှာ ဒီလိုမျိုး အစုအဖွဲ့ သုံးဖွဲ့နဲ့ သွားတာမရှိဘူး။ ဒါကြောင့် ကျွန်တော်တို့ မူဘောင်တွေရေးဆွဲတဲ့အခါမှာ အစိုးရ၊ လွှတ်တော်က အစုအဖွဲ့တစ်ဖွဲ့ ၊ တပ်မတော်က အစုအဖွဲ့တစ်ဖွဲ့ပါ။ ဒီလိုမျိုး တပ်မတော်နဲ့ EAO က ချိန်ညှိတဲ့သဘောရှိတယ်။ ဒီလိုပဲ ညှိနှိုင်းပြီးသွားရမယ်လို့ မြင်ပါတယ်” ဟု ပြောသည်။

### တပ်မတော်နဲ့ အစိုးရ ညှိနှိုင်းကြေညာထား

အစိုးရအနေဖြင့် တပ်မတော်၏ ဩဂုတ် ၃၁ ရက်နေ့အထိ အပစ်အခတ်ရပ်စဲမှု ကြေညာထားသည့်အပေါ် သက်တမ်းထပ်တိုးပေးရန် တောင်းဆိုဖို့ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်၍ ဦးဇော်ဌေးက “ကိုဗစ်-၁၉ ဖြစ်တဲ့အချိန်မှာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က တစ်ကမ္ဘာလုံးကို အပစ်ရပ်ဖို့ တောင်းဆိုချက်ရှိတယ်။ ပန်ကြားတယ်။ အဲဒီမှာ ပဋိပက္ခ ဖြစ်နေတဲ့ နိုင်ငံတွေကတုံ့ပြန်ကြတယ်။ တချို့က နိုင်ငံအဆင့်ကြေညာတယ်။ တချို့က ရက်အကန့်အသတ်နဲ့ ကြေညာတယ်။ တချို့က ဒေသအကန့်အသတ်နဲ့ ကြေညာတယ်။ လုံခြုံရေးကောင်စီမှာ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံ ငါးနိုင်ငံကဆွေးနွေးတော့ ခြွင်းချက်အနေနဲ့ အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာထားတဲ့ အဖွဲ့တွေကလွဲလို့ ကျန်တာတွေမှာ အပစ်အခတ်ရပ်စဲဖို့ ကြေညာပေးတယ်။ တပ်မတော်ရဲ့ ကြေညာချက်မှာ အဲဒီလိုအလားတူကလွဲလို့ ကျန်တာတွေမှာ အပစ်ရပ်ဖို့ ကြေညာထားတယ်။ ဒါကလည်း တပ်မတော်နဲ့ အစိုးရ ညှိနှိုင်းကြေညာထားတာဖြစ်တယ်။ အပစ်ရပ်သက်တမ်းကို ဘယ်ကာလအထိလဲဆိုတော့ ကိုဗစ်-၁၉ ဖြစ်ပွားမှု ကမ္ဘာ့အခြေအနေကို ပြန်ကြည့်ရပါမယ်” ဟုပြောသည်။

### ပါဝင်လက်မှတ်ရေးထိုးမည်

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေး၌ အပိုင်းသုံးပိုင်းပါဝင်သည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) ချုပ်ဆိုရာတွင် အစိုးရအစုအဖွဲ့တွင် အစိုးရကိုယ်စားလှယ်အနေဖြင့် UPDJC ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ လွှတ်တော်အစုအဖွဲ့တွင် ဒေါက်တာမေဝင်းမြင့်၊ တပ်မတော်အစုအဖွဲ့တွင် ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း ၊ EAO အစုအဖွဲ့တွင် ဒေါက်တာလျန်မှုန်းဆာခေါင်းနှင့် နိုင်ငံရေးပါတီအစုအဖွဲ့တွင် ဦးသုဝေတို့ ပါဝင်လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ယနေ့ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

### လုပ်ငန်းစဉ် ချမှတ်ထားတဲ့ (၈) ချက်ရှိ

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင် ရရှိလာမည့် သတင်းစကားအဖြစ် NCA-S EAO အစုအဖွဲ့၏ UPDJC အတွင်းရေးမှူး အဖွဲ့ဝင် နိုင်အောင်မငေးက “ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးညီလာခံက နှစ်နှစ်ကြာ တုံ့ဆိုင်းမှု ဖြစ်ခဲ့ပါတယ်။ (၈) ကြိမ်မြောက် JICM အစည်းအဝေးဆုံးဖြတ်ချက်အရ အကောင်အထည်ဖော်မှု အသစ်တစ်ရပ် ကျွန်တော်တို့ လုပ်ခဲ့တယ်။ အခု အစိတ်အပိုင်း တစ်၊ နှစ်၊ သုံးခု ပါဝင်တဲ့ ပြည်ထောင်စု သဘောတူစာချုပ်အပိုင်း-(၃) မှာ အစိတ်အပိုင်း သုံးက နည်းနည်းထူးခြားတယ်။ ထူးခြားတာက ကျွန်တော်တို့ နိုင်ငံရဲ့ ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်ပြုလုပ်မယ့် အစိတ်အပိုင်းတစ်ခုဖြစ်လာတယ်။ ၂၀၂၀ အလွန် အဆင့်လိုက်အကောင်အထည်ဖော်မှုနဲ့ အဆင့်လိုက် လုပ်ငန်းစဉ် ချမှတ်ထားတဲ့ (၈) ချက်ရှိတယ်။ ဒီ (၈) ချက်အပေါ်မှာလည်း ဆွေးနွေးဖို့အတွက် ခေါင်းစဉ်တွေရယ်၊ နောက်ဆက်လက်ဆွေးနွေးဖို့အတွက်လည်း မူအားဖြင့် သဘောတူညီမှုရှိကြတယ်။ နောက်တစ်ခုက ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ ပြည်နယ်အခြေခံဥပဒေကို ပြေပြေလည်လည်ဖြစ်အောင် ဆက်လက်ဆွေးနွေးနိုင်ဖို့ လမ်းဖွင့်ပေးတယ်။

*စာမျက်နှာ ၁၃ သို့*

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂၀**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားနည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

**မိုး/ဇလ**

## နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်ရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ ဆန်၊ ဆီ၊ ကျောင်းသုံးဗလာစာအုပ်များ၊ လက်သန့်ဆေးရည်များနှင့် အလှူငွေများ လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၀**

Coronavirus Disease 2019(COVID–19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နေစဉ် ကာလအတွင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် ဆွမ်းကွမ်းကိစ္စရပ်များ အခက်အခဲမရှိစေရန်အတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့် သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇာနည်ဝင်းတို့သည် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ နုဂ္ဂဟအသင်း(ဗဟို)မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ်ရှိ ချမ်းမြေ့သိင်္ဂီသီလရှင်သင်ပညာရေးကျောင်း၊ အေးမေတ္တာစံ (တောင်နီကလေး) ဘုန်းတော်ကြီး သင်ပညာရေးကျောင်း၊ ပြင်ကြီးသာသနဝေပုလ္လ သီလရှင်သင် ပညာရေးကျောင်း၊ အဝါရောင်မျိုးဆက်သစ် ပရဟိတ(YGW) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ဇေယျာသီရိမြို့နယ်ရှိ သီရိရတနာဒုန်တော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ သွားရောက်၍ ဆန်၊ ဆီ၊ ကျောင်းသုံးဗလာစာအုပ်များ၊ လက်သန့်ဆေးရည်များနှင့် အလှူငွေများ လှူဒါန်းသည်။ **(ယာပုံ)**

လှူဒါန်းမှု စုစုပေါင်းမှာ ငွေကျပ်သိန်း ၈၀၊ ဆန် အိတ်၅၀၊ ဆီပိသာ ၁၀၀၊ ကျောင်းသုံး ဗလာစာအုပ်များနှင့် လက်သန့်ဆေးရည်များဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် ဩဂုတ် ၂၀**

ယူအေအီးနိုင်ငံ အိုမန်နိုင်ငံနှင့် ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသော မြန်မာနိုင်ငံသားများအား မြန်မာသံရုံး၊ ရီယာဒ်မြို့၏ (၆)ကြိမ်မြောက် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ အိုမန်မှ ၂၈ ဦး၊ ဘာရိန်းမှ တစ်ဦး၊ ယူအေအီးမှ ၈၂ ဦး၊ အီဂျစ်မှ ကိုးဦး၊ ဘယ်လ်ဂျီယံမှ လေးဦး၊ မော်လ်ဒိုက်မှ နှစ်ဦး၊ အစ္စရေးမှ ခုနစ်ဦး၊ ဘင်္ဂလားဒေ့ရှ်မှ သုံးဦး၊ ဘရာဇီးမှ ၁၀ ဦး၊ ပြင်သစ်မှ ရှစ်ဦး၊ စပိန်မှ နှစ်ဦး၊ တောင်အာဖရိကမှ နှစ်ဦး၊ ပနားမားမှ သုံးဦး၊ နိုင်ဂျီးရီးယားမှ နှစ်ဦး၊ အမေရိကန်ပြည်ထောင်စုမှ တစ်ဦး၊ ဂျပူတီမှ တစ်ဦး စုစုပေါင်း မြန်မာနိုင်ငံသား ၁၆၅ ဦး လိုက်ပါလာခဲ့သည်။ အဆိုပါ မြန်မာနိုင်ငံသားများအနေဖြင့် ယနေ့ ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာ ကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူ ဆောင်ရွက်ပေးခဲ့သည်။



ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အချိန်ထိ မြန်မာနိုင်ငံသားစုစုပေါင်း ၁၁၅၇၇ ဦးအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဩဂုတ် ၂၀**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မောင်တောမြို့တွင် ၆ ဒသမ ၁၀ လက်မ၊ စစ်တွေမြို့တွင် ၅ ဒသမ ၂၈ လက်မ၊ ကျောက်တော်မြို့တွင် ၃ ဒသမ ၉၀ လက်မ၊ ကျောက်ဖြူမြို့တွင် ၃ ဒသမ ၀၄ လက်မ၊ မြောက်ဦးမြို့တွင် ၂ ဒသမ ၉၅ လက်မ၊ ငါးသိုင်းချောင်းမြို့တွင် ၂ ဒသမ ၆၄ လက်မ၊ တမူးမြို့တွင် ၂ ဒသမ ၅၂ လက်မ၊ မာန်အောင်မြို့တွင် ၂ ဒသမ ၄၈ လက်မ၊ ဟားခါးမြို့နှင့် ပလက်ဝမြို့တို့တွင် ၂ ဒသမ ၄၀ လက်မစီ၊ လပွတ္တာမြို့တွင် ၂ ဒသမ ၁၇ လက်မ၊ ပုသိမ်မြို့တွင် ၂ ဒသမ ၁၃လက်မ၊ တီးတိန်မြို့တွင် ၂ ဒသမ ၀၉ လက်မနှင့် သံတွဲမြို့တွင် ၂ ဒသမ ၀၅ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

## ရပ်နားထားသည့် MNL ပြိုင်ပွဲ ဩဂုတ် ၂၂၊ ၂၃ ရက် စတင်ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၀**

ကိုဗစ်–၁၉ ရောဂါကြောင့် ရပ်နားထားသည့် ၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို ယခုတစ်ပတ်တွင် ပြန်လည်ကျင်းပတော့မည်ဖြစ်ပြီး ပွဲစဉ် (၁၀)ကို ဩဂုတ် ၂၂၊ ၂၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ပွဲစဉ် (၁၀) တွင် လေးပွဲသာ ပါဝင်မည်ဖြစ်ပြီး ဩဂုတ် ၂၂ ရက်တွင် သုဝဏ္ဏကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် Southern အသင်း၊ YUSC ကွင်း၌ မကွေးအသင်းနှင့် ရန်ကုန်အသင်း၊ ဩဂုတ် ၂၃ ရက်တွင် သုဝဏ္ဏကွင်း၌ ရတနာပုံအသင်းနှင့် အား/ကာသိပ္ပံအသင်း၊ YUSC ကွင်း၌ ရောဝတီအသင်းနှင့် ရခိုင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ MNL အမှတ်ပေးပြိုင်ပွဲတွင် ဇွဲကပင်နှင့် ချင်းယူနိုက်တက်အသင်းတို့ နုတ်ထွက်သွားသောကြောင့် ၁၀ သင်းသာ ကျန်ရှိတော့ပြီး ဟံသာဝတီနှင့် စစ်ကိုင်းအသင်းမှာ ပြိုင်ပွဲမရပ်နားမီ ကစားထားသောကြောင့် ယခုတစ်ပတ်တွင် မကစားရဘဲ ပွဲစဉ်(၁၁)မှ ကစားရမည်ဖြစ်သည်။ အမှတ်ပေးဇယားထိပ်ဆုံးတွင် တစ်ပွဲပို ၂၁ မှတ်ဖြင့် ဦးဆောင်နေသည့် ဟံသာဝတီအသင်းကို ဆက်လက်ဖိအားပေးနိုင်ရန် ရန်ကုန်၊ ရောဝတီ၊ ရှမ်းယူနိုက်တက်အသင်းတို့ အမှားခံ၍မရဘဲ မဖြစ်မနေအနိုင်ရရန် ကြိုးပမ်းရမည်ဖြစ်သည်။ ပြိုင်ပွဲကို ငါးလဝန်းကျင်ရပ်နားပြီး ပြန်လည်ကျင်းပမည်ဖြစ်သောကြောင့် အသင်းများအနေဖြင့် အနည်းငယ်ရှန်းကန်ရနိုင်ကာ မထင်မှတ်သည့်ရလဒ်များလည်း ထွက်ပေါ်နိုင်ရန် စိတ်ဝင်စားဖွယ်ဖြစ်နေသည်။ ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များအတိုင်း MNL ပြိုင်ပွဲကို ကျင်းပခွင့်ပေး ထားသော်လည်း ပရိသတ်မပါဘဲ ကွင်းပိတ်ကျင်းပမည်ဖြစ်သောကြောင့် ပရိသတ်များအနေဖြင့် ရုပ်သံမှသာ အားပေးနိုင်မည်ဖြစ်သည်။

ပြိုင်ပွဲခေတ္တရပ်နားချိန်တွင် ဟံသာဝတီအသင်းက ရှစ်ပွဲကစား ၂၁ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရောဝတီအသင်းက ခုနစ်ပွဲကစား ၁၇ မှတ်၊ ရန်ကုန်အသင်းက ခုနစ်ပွဲကစား ၁၄ မှတ်၊ ရခိုင်အသင်းက ခုနစ်ပွဲကစား ၁၃ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ခုနစ်ပွဲကစား ၁၁ မှတ်၊ စစ်ကိုင်းအသင်းက ရှစ်ပွဲကစား ၁၀ မှတ်၊ မကွေးအသင်းက ခုနစ်ပွဲကစား ခြောက်မှတ်၊ ရတနာပုံအသင်းက ခုနစ်ပွဲကစား လေးမှတ်၊ အား/ကာသိပ္ပံအသင်းက ခုနစ်ပွဲကစား သုံးမှတ်၊ Southern အသင်းက ခုနစ်ပွဲကစား တစ်မှတ် ရရှိထားသည်။ ရာသီအစတွင် ပြိုင်ပွဲဝင် ၁၂ သင်းရှိသော်လည်း ကိုဗစ်–၁၉ ရောဂါကြောင့် ပြိုင်ပွဲရပ်နားသည့်ကာလတွင် ဇွဲကပင်နှင့် ချင်းယူနိုက်တက်အသင်း နုတ်ထွက်သွားသောကြောင့် ယင်းနှစ်သင်း ကစားထားသည့် ရလဒ်အားလုံး ပယ်ဖျက်ခဲ့ရကာ အမှတ်ပေးဇယားကို ပြန်လည်အတည်ပြုထားခြင်းဖြစ်သည်။

**ညီမြတ်သော်တာ**

*စာမျက်နှာ ၁၂ မှ*

ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်တဲ့အခါမှာ လမ်းညွှန်အခြေခံမှုတွေ တိတိကျကျ ရထားတယ်။ ဆက်လက်ဆွေးနွေးဖို့ ခေါင်းစဉ်မှာလည်း ကျန်တဲ့အဖွဲ့တွေ ပါဝင်ဖို့ လမ်းစရသွားပါတယ်” ဟုပြောကြားသည်။

နိုင်ငံရေးပါတီများအစုအဖွဲ့၏ UPDJC အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင် တာလုဖေက “ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁)၊ အစိတ်အပိုင်း(၂) မှာ (၅၁) ချက်သော ပြည်ထောင်စုသဘောတူစာချုပ်ရထားတယ်။ စုထားတဲ့သဘောဖြစ်ပြီး အခုညီလာခံမှာ ချုပ်ဆိုမယ့် ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း (၃)ဟာ သက်ဝင်လှုပ်ရှားနိုင်အောင် ဆောင်ရွက်လိုက်တာပါ။ ပြည်ထောင်စုသဘောတူစာချုပ်ကို အကောင်အထည်ဖော်သွားမယ်ဆိုတဲ့ ကတိကဝတ်တွေ ဒီအထဲမှာ အကုန်ပါပါတယ်။ ပိုထူးခြားတာက ၂၀၂၀ အလွန်မှာ ဘယ်အစိုးရတက်တက် ငြိမ်းချမ်းရေးဖြစ်စဉ်ကို အကောင်အထည်ဖော်သွားမယ်ဆိုတဲ့ ကတိကဝတ်ရတယ်။ ရပ်ဆိုင်းမသွားဘူး။ တရွေ့ရွေ့လှုပ်ရှား သက်ဝင်နေတယ်ဆိုတဲ့အကြောင်း ပြည်သူကို သတင်းစကားပါးချင်ပါတယ်” ဟု ဖြေကြားသည်။

အစိုးရအစုအဖွဲ့ UPDJC အတွင်းရေးမှူးအဖွဲ့ဝင် ဦးဇော်ဌေးက “အချို့နိုင်ငံတွေက အပစ်ရပ် (Ceasefire) ပြီးရင် DDR ၊ SSR သွားတယ်။ ကျွန်တော်တို့က ပဏာမ အပစ်ရပ်လိုက်တယ်။ အပစ်ရပ်ပြီး နိုင်ငံရေးကို သွားမယ်ဆိုတဲ့သဘော။ NCA သဘောက တစ်ဖက်က အပစ်ရပ်လိုက်တာကို ထိန်းမယ်။ နိုင်ငံရေးဆွေးနွေးမယ်။ နောက်ဆုံးကျရင် ဖက်ဒရယ်ပြည်ထောင်စုပေါ့။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ပါ့မယ်လို့ ကတိကဝတ်ပေးတာ NCA စာချုပ်မှာပဲ ရှိတယ်။ ဘယ်မှာမှ မရှိဘူး။ ကျန်တဲ့လမ်းကြောင်းတွေ ရှိနိုင်ပေမယ့် တပ်မတော်က ကတိကဝတ်ပေးထားတာက NCA သဘောတူစာချုပ် ၂၂(ဃ) မှာပါတယ်။ အခုပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း(၃) မှာပါမယ့် ၂၀၂၀ အလွန် အဆင့်လိုက်လုပ်ငန်းစဉ်တွေနဲ့ အဆင့်လိုက် အကောင်အထည်ဖော်မှု ဆိုတာ ဒီအရာကို ပြောတာဖြစ်ပါတယ်။

“နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ပြောတဲ့ မိန့်ခွန်းမှာ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ဖက်ဒရယ် အသွင်ကူးပြောင်းရေးတွေလည်း ပါတယ်။ တစ်ချိန်တည်းမှာပဲ ငြိမ်းချမ်းရေးလည်း ပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးလည်း ပါတယ်။ ပြောရရင် အခုပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃) မှာပါမယ့် ၂၀၂၀ အလွန် အဆင့်လိုက် လုပ်ငန်းစဉ်များနဲ့အဆင့်လိုက် အကောင်အထည်ဖော်မှုက အရေးကြီးသလို အပိုင်းတစ်ဖြစ်တဲ့ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်ကလည်း အရေးကြီးပါတယ်။ NCA မှာ အားနည်းချက်တွေ ရှိကောင်းရှိပေမယ့် အခုရှိနေတဲ့ အားနည်းချက်တွေ မဖြစ်ပွားအောင် ဖြေရှင်းဖို့ သဘောတူညီချက်တွေ ယူလိုက်တယ်။ အဲ့ဒီအပိုင်းမှာ ရလဒ်ကောင်းရခဲ့တယ်။

“နိုင်ငံရေးပိုင်းဆိုလည်း အဆင့်လိုက်သွားမယ်။ အဆင့်သုံးဆင့်နဲ့ သွားမယ်။ ဒါက နောက် ဘယ်အစိုးရတက်တက် ဒီပုံစံသွားမယ်ဆိုပြီး လုပ်လိုက်တာဖြစ်တယ်။ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီကူးပြောင်းရေး၊ ဖက်ဒရယ်တည်ဆောက်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးတွေအားလုံးနဲ့ အကျုံးဝင်တဲ့ ၂၀၂၀ အလွန် အဆင့်လိုက် လုပ်ငန်းစဉ်များနဲ့ အဆင့်လိုက်အကောင်အထည်ဖော်မှု ရတဲ့အတွက် ဒါဟာကြီးမားတဲ့ အောင်မြင်မှုပါ။ ပြောရရင် ဒီညီလာခံပြီးသွားရင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ကောင်းမွန်တဲ့ အနေအထားတစ်ခု ရောက်လာမယ်လို့ သတင်းစကားပါးချင်ပါတယ်” ဟု ဖြေကြားခဲ့သည်။

**ရဲခေါင်ညွန့်**

# ရုရှားအတိုက်အခံခေါင်းဆောင် သံသယဖြစ်ဖွယ် အဆိပ်သင့်မှုဖြစ်ပွား



ရုရှားအတိုက်အခံခေါင်းဆောင် အလက်ဇီနာဗယ်နီ (လယ်)။

မော်စကို ဩဂုတ် ၂၀

**ရုရှားအတိုက်အခံခေါင်းဆောင် အလက်ဇီနာဗယ်နီသည် သံသယဖြစ်ဖွယ်အဆိပ်သင့်မှုဖြင့် ဆိုက်ဘေးရီးယားဒေသရှိ ဆေးရုံတစ်ခု၏ အထူးကြပ်မတ်ကုသဆောင်တွင် ဩဂုတ် ၂၀ ရက်က ဆေးကုသမှုခံယူလျက်ရှိကြောင်း ၎င်း၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားလိုက်သည်။**

နာဗယ်နီသည် အသက် ၄၄ နှစ်ရှိ ရှေ့နေတစ်ဦးဖြစ်ပြီး အကျင့်ပျက်ခြစားမှုကို ဆန့်ကျင်သူဖြစ်ကာ သမ္မတ ဗလာဒီမာပူတင်ကို ပြင်းထန်စွာ ဝေဖန်သူတစ်ယောက်ဖြစ်သည်။ နာဗယ်နီသည် မော်စကိုသို့သွားသော လေယာဉ်ပေါ်တွင် အသိလွတ်ခဲ့သောကြောင့် ၎င်း၏ လေယာဉ်ကို အရေးပေါ်ဆင်းသက်ခဲ့ရပြီး ဆိုက်ဘေးရီးယားဒေသ အွမ့်မြို့ရှိ ဆေးရုံတွင် ဆေးကုသမှုခံယူခဲ့သည်။

၎င်း၏ပြောရေးဆိုခွင့်ရှိသူ ကီရာယာမက်တ်က နာဗယ်နီသည် သတိလစ်မေ့မြောနေပြီး အသက်ရှူအထောက်အကူပြုကိရိယာတပ်ဆင်ထားရကာ စစ်ဆေးမှုများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း တွစ်တာပေါ်တွင် ရေးသားဖော်ပြခဲ့သည်။

အလက်ဇီသည် ပြင်းထန်သောအဆိပ်မိထားကြောင်း၊ အလက်ဇီကို အထူးကြပ်မတ်ကုသဆောင်တွင် ကုသလျက်ရှိကြောင်း ၎င်း၏ပြောရေးဆိုခွင့်ရှိသူက ပြောကြားထားသည်။ ယင်းဖြစ်စဉ်မှာ ရည်ရွယ်ချက်ရှိရှိ လုပ်ကြံမှုဖြစ်မည်ဟု မိမိအနေဖြင့် ယုံကြည်ကြောင်း ၎င်းက မော်စကို ရေဒီယိုအသံလွှင့်ရုံသို့ ပြောကြားခဲ့သည်။

နိုင်ငံပိုင်သတင်းအေဂျင်စီဖြစ်သည့် တက်စ်သတင်းအေဂျင်စီက နာဗယ်နီသည် အထူးကြပ်မတ်ကုသဆောင်တွင် ဆေးကုမှုခံယူလျက်ရှိကြောင်းဖော်ပြထားပြီး သူ၏ အခြေအနေမှာ စိုးရိမ်ရကြောင်း ဆေးရုံ၏အကြီးအကဲ ဒေါက်တာ အက်ဇန်ဒါမူရာကော့ဗ်စကီက တက်စ်သို့ ပြောကြားလိုက်သည်။

ဆေးရုံ၏ဒုတိယလက်ထောက်ဖြစ်သူ အန်တိုလီကာလီနီချန်ကိုက သတင်းထောက်များကို နာဗယ်နီသည် အသက်ရှူအထောက်အကူပြုကိရိယာ တပ်ဆင်ထားရကြောင်း ပြောကြားလိုက်သည်။ ထို့အပြင် စမ်းသပ်စစ်ဆေးမှုများကို လုပ်ဆောင်လျက်ရှိကြောင်း၊ သို့သော်လည်း ယနေ့တွင် ၎င်းအဆိပ်သင့်သည့် အခြေအနေနှင့် ပတ်သက်ပြီး ထုတ်ပြန်ပြောကြားရန် မပြည့်စုံသေးကြောင်း ပြောကြားလိုက်သည်။

**အေအက်ဖ်ပီ**

## ဒီမိုကရက်များက ဟားရစ်ကို ဒုတိယသမ္မတလောင်းအဖြစ် ရွေးချယ်

ဝါရှင်တန် ဩဂုတ် ၂၀

အမေရိကန် ဒီမိုကရက်ပါတီက လွှတ်တော်အမတ် ကမ်မလာဟားရစ်ကို ဒုတိယသမ္မတလောင်းအဖြစ် တရားဝင်ရွေးချယ်ခဲ့ကြသည်။ ဒီမိုကရက်များက လေးရက်ကြာအွန်လိုင်းအမျိုးသားညီလာခံ တတိယရက်တွင် ကယ်လီဖိုးနီးယား လွှတ်တော်အမတ်ကို ဒုတိယသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခဲ့ကြသည်။ ကမ်မလာဟားရစ်သည် ရွေးချယ်ခံသမ္မတလောင်း ဂျိုးဘိုင်ဒင်နှင့်အတူတူ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဟားရစ်၏အဖေသည် ဂျမေကာမှဖြစ်ကာ အမေမှာ အိန္ဒိယနွယ်ဖွားဖြစ်သည်။ ၎င်းသည် ပထမဆုံး လူမည်းအမျိုးသမီးနှင့် အာရှ-အမေရိကန်တစ်ဦးအဖြစ် ဒုတိယသမ္မတလောင်းနေရာတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ၎င်း၏မိန့်ခွန်းတွင် ဟားရစ်က ကိုဗစ် -၁၉ ကူးစက်ရောဂါတုံ့ပြန်မှုနှင့်ပတ်သက်၍ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ကို ပြင်းထန်စွာဝေဖန်ထားပြီး ထရမ့်၏ခေါင်းဆောင်မှုပိုင်းဆိုင်ရာ ကျဆုံးမှုသည် ပြည်သူများ၏ အသက်ပေါင်းများစွာကို ပေးဆပ်လိုက်ရကြောင်း ပြောကြားထားသည်။

ထို့အပြင် ၎င်းက နိုင်ငံကိုတစုတစည်းတည်းဖြစ်အောင် စွမ်းဆောင်နိုင်သူကို သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ရမည်ဖြစ်ကြောင်းနှင့် အနာဂတ်အမေရိကန်ပြည်ထောင်စုကြီး စုစည်းညီညွတ်ရန် ဘိုင်ဒင်သည် မိမိတို့အားလုံး လူမည်း၊ လူဖြူ၊ လက်တီနို၊ အာရှ၊ ဒေသခံ၊ တိုင်းရင်းမည်သူမဆို အတူတကွ ဖြစ်အောင် ဆောင်ကြဉ်းပေးလိမ့်မည်ဖြစ်ကြောင်းပြောကြားလိုက်သည်။

ဒီမိုကရက်များအကြား ထင်ရှားကျော်ကြားခဲ့သော ယခင်သမ္မတဟောင်း ဘားရက်အိုဘားမားသည်လည်း သမ္မတအဖြစ်အုပ်ချုပ်ခဲ့သော ရှစ်နှစ်ကြာ သက်တမ်းတစ်လျှောက်တွင် ဒုတိယသမ္မတအဖြစ် အားဖြည့်ကူညီခဲ့သော ဂျိုးဘိုင်ဒင်ကို ကျေးဇူးတင်ရှိနေကြောင်း ပြောကြားလိုက်သည်။

အိုဘားမားက ဘိုင်ဒင်သည် အမေရိကန်ကို အကောင်းဆုံးနိုင်ငံတစ်ခုဖြစ်အောင် စွမ်းဆောင်ပေးနိုင်သည့် အရည်အချင်းနှင့် ဗီဇလက္ခဏာများရှိကြောင်း ထောက်ခံသူများကို ပြောကြားလိုက်သည်။

အိုဘားမားက အစိုးရကိုပြောင်းလဲရန် တိုက်တွန်းပြောကြားလိုက်ပြီး အမေရိကန်ဒီမိုကရက်တစ်အဖွဲ့အစည်းကြီးသည် ယခင်က မကြုံဖူးခဲ့သည့် ခြိမ်းခြောက်မှုများနှင့် ကြုံတွေ့နေကြောင်း သတိပေးပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**



ဒုတိယသမ္မတလောင်းအဖြစ် တရားဝင်ရွေးချယ်ထားသော အမေရိကန် ဒီမိုကရက်ပါတီ လွှတ်တော်အမတ် ကမ်မလာဟားရစ်ကိုတွေ့ရစဉ်။

## ကိုဗစ် - ၁၉ ကြောင့် ကွမ်တက်စ်လေကြောင်းလိုင်း၏ တစ်နှစ်စာဝင်ငွေဆုံးရှုံးမှု အမေရိကန်ဒေါ်လာ နှစ်ဘီလီယံနီးပါးရှိ

ကင်ဘာရာ ဩဂုတ် ၂၀

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် ဖြစ်ရသည့် နောက်ဆက်တွဲ အခြေအနေများကြောင့် ကွမ်တက်စ်လေကြောင်းလိုင်း၏ တစ်နှစ်စာဝင်ငွေဆုံးရှုံးမှုမှာ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံနီးပါးအထိရှိကြောင်း သိရသည်။

ကွမ်တက်စ်လေကြောင်းလိုင်း၏ နှစ်ပေါင်းတစ်ရာ ဖြတ်သန်းလာသည့် သမိုင်းကြောင်း တစ်လျှောက်တွင် ကုန်သွယ်ရေးဆိုင်ရာ အခြေအနေမှာ အဆိုးရွားဆုံးဖြစ်ကြောင်း ဩစတြေးလျ လေကြောင်းလိုင်းတစ်ခုဖြစ်သည့် ကွမ်တက်စ်၏ အကြီးအကဲက ပြောကြားသည်။ လာမည့် လကုန်ပိုင်းလောက်တွင် လေကြောင်းလိုင်းမှ အလုပ်အကိုင်ပေါင်း ၆၀၀၀မှ ၄၀၀၀ ဝန်းကျင်ခန့်ကို လျှော့ချမှုပြုလုပ်ရန် စီစဉ်ထားကြောင်း ကုမ္ပဏီက ပြောသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားပြီးနောက် ရောဂါထိန်းချုပ်ရန် ကမ္ဘာတစ်ဝန်း၌ ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ချက်များ ချမှတ်လိုက်သည့်အတွက် တစ်ကမ္ဘာလုံးရှိလေကြောင်း ကုမ္ပဏီများ အပြင်းအထန် ထိခိုက်နစ်နာခဲ့သည်။ ကိုဗစ်-၁၉ ၏ ရိုက်ခတ်မှုဒဏ်ကို လေကြောင်းလိုင်းများအားလုံး ထိခိုက်ခံစားကြရသည်မှာ အထင်အရှား ဖြစ်ကြောင်းနှင့် ထိတ်လန့်တုန်လှုပ်စရာ အခြေအနေတစ်ခုဖြစ်ကြောင်း ကွမ်တက်စ်ဂရုအမှုဆောင်ချုပ် အလန်ဂျွိုက်စီက ပြောကြားခဲ့သည်။

လာမည့် ဘဏ္ဍာနှစ်တွင်လည်း လုပ်ငန်းအရှုံးပေါ်မှု ဖြစ်ပေါ်နိုင်ဖွယ်ရှိသေးကြောင်း ၎င်းက သတိပေးခဲ့သည်။

**အေအက်ဖ်ပီ**

## အီရန်အပေါ် ကုလသမဂ္ဂအရေးယူပိတ်ဆို့မှုများ ပြန်လည်ပြုလုပ်ရန် အမေရိကန်တောင်းဆို

ဂျီနီဗာ ဩဂုတ် ၂၀

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ၎င်း၏အစိုးရသည် အီရန်နိုင်ငံအပေါ် ၎င်း၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်ပြီး ကုလသမဂ္ဂက အရေးယူ ပိတ်ဆို့မှုများ ပြန်လည်ပြုလုပ်ရန် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်လျက်ရှိကြောင်း ဩဂုတ် ၁၉ ရက်က ကြေညာလိုက်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အိမ်ဖြူတော်တွင် သတင်းထောက်များကို ပြောကြားရာ၌ သူ့အနေဖြင့် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုကို ကုလသမဂ္ဂလုံခြုံရေးကောင်စီအား အီရန်နိုင်ငံအပေါ် ရပ်ဆိုင်းထားသည့် အရေးယူပိတ်ဆို့မှုများကို အမေရိကန်နိုင်ငံအနေဖြင့် ပြန်လည်ပြုလုပ်စေချင်သည့် ဆန္ဒရှိကြောင်း အသိပေးရန် မှာကြားထားကြောင်း ပြောကြားလိုက်သည်။

ယင်းနေ့တွင်ပင် နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့ပြီး အဆိုပါကြေညာချက်တွင် မိုက်ပွန်ပီအိုအနေဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီကို အသိပေးရန် နယူးယောက်သို့ထွက်ခွာမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ထရမ့်အစိုးရသည် ၂၀၁၅ နျူကလီးယားစာချုပ်ပါ အချက်အလက် လုပ်ငန်းစဉ်များကို အသုံးပြုပြီး အရေးယူပိတ်ဆို့မှုများကို ပြန်လည်ပြုလုပ်စေချင်သည်။

အမေရိကန်ပြည်ထောင်စုသည် အဆိုပါစာချုပ်မှ ၂၀၁၈ ခုနှစ်တွင် နုတ်ထွက်ခဲ့သည်။ အဆိုပါစာချုပ်တွင် ပါဝင်သောနိုင်ငံအများစုက အဆိုပါစာချုပ်ကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရန် ဆန္ဒရှိနေသည်။

အရေးယူပိတ်ဆို့မှုများကို ပြုလုပ်မည်လား မပြုလုပ်ဘူးလားဆိုသည်ကို ရှင်းရှင်းလင်းလင်း မသိရသေးချေ။ ရုရှား၊ တရုတ်နှင့် တချို့နိုင်ငံများက အမေရိကန်နိုင်ငံသည် ၂၀၁၅ အီရန်နျူကလီးယားစာချုပ်မှ နုတ်ထွက်ခဲ့ပြီး စာချုပ်ပါအဖွဲ့ဝင်နိုင်ငံတစ်ခု မဟုတ်သည့်အတွက် ထိုသို့လုပ်ဆောင်ရန် သင့်မသင့်နှင့်ပတ်သက်ပြီး အငြင်းပွားလျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**

## ကယ်လီဖိုးနီးယားပြည်နယ်တွင် ပြင်းထန်သည့်တောမီးလောင်မှုကြောင့် အရေးပေါ်အခြေအနေကြေညာ

ကယ်လီဖိုးနီးယား ဩဂုတ် ၂၀

အမေရိကန် အနောက်ဘက်ကမ်းခြေ ပြည်နယ်တစ်ခုဖြစ်သည့် ကယ်လီဖိုးနီးယား ပြည်နယ်တစ်ဝန်းတွင် တောမီးလောင်မှုအများအပြား ဖြစ်ပွားလျက်ရှိရာ အာဏာပိုင်များက အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

မီးတောက်များကို ငြိမ်းသတ်ရန်နှင့် အများပြည်သူဘေးကင်းလုံခြုံစေရေး ကာကွယ်ရန် လိုအပ်သည့် အရင်းအမြစ်များကို များများ အသုံးပြုကြရန် အစိုးရအဖွဲ့အေဂျင်စီများကို ခွင့်ပြုချက်ပေးလိုက်ကြောင်း အရေးပေါ်အခြေအနေ ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။ ကယ်လီဖိုးနီးယားပြည်နယ်အတွင်း ပြင်းထန်သည့် အပူလှိုင်းကျရောက်မှုနှင့် ခြောက်သွေ့သည့် ရာသီဥတုအခြေအနေက တောမီးလောင်မှုကို ပိုမိုအရှိန်အဟုန် ပြင်းထန်လာစေခဲ့သည်။

တောမီးလောင်မှုပေါင်း ၃၀ ကျော်အထိ ဆက်လက်ဖြစ်ပွားနေကြောင်း လော့အိန်ဂျလိစ် တိုင်းမ်သတင်းစာက ဖော်ပြထားသည်။ နေအိမ်များကို တောမီးကူးစက်လောင်ကျွမ်းနေသည့် မြင်ကွင်းနှင့် တောမီးလောင်ရာမှ ထွက်ပေါ်လာသည့် အနက်ရောင်မီးခိုးလုံးများ ကောင်းကင်တစ်ခွင် ပျံ့လွင့်နေသည့် မြင်ကွင်းကို သတင်းဓာတ်ပုံအချို့တွင် ဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ**



ကယ်လီဖိုးနီးယားပြည်နယ်၌ အဆောက်အအုံတစ်ခု တောမီးကူးစက်လောင်ကျွမ်းနေသည်ကို တွေ့ရစဉ်။

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံး တစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှု စစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့် မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၇၉ ရက်သာ**

**လိုတော့သည်။**

## ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာန တည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက် အရောက်ပေးပို့သွားရန်၊
- ✤ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲ လက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက် အရောက်ပေးပို့ရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊
- ✤ ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

## မြန်မာသတင်းမီဒီယာသမားများအတွက် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲလမ်းညွှန်စာအုပ်များ ပေးအပ်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၀

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ မြန်မာသတင်းမီဒီယာသမားများအတွက် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ လမ်းညွှန်စာအုပ်များ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းကြိုင် (ဟံသာဝတီဦးအုန်းကြိုင်)၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌတို့က အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာသတင်းမီဒီယာသမားများအတွက် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ လမ်းညွှန်စာအုပ် အုပ်ရေ ၁၀၀၀ကို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌက ပေးအပ်ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လက်ခံရယူခဲ့ပြီး **(အပေါ်ပုံ)** ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။




**ပုံနှိပ်ထုတ်ဝေ**

မြန်မာသတင်းမီဒီယာသမားများအတွက် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ လမ်းညွှန်စာအုပ်ကို ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲတွင် မြန်မာသတင်းမီဒီယာ သမားများအနေဖြင့် သတင်းရယူရာ၌ အဆင်ပြေချောမွေ့စေရန်အတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီတို့ ပူးပေါင်းပြုစုခဲ့ပြီး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ပုံနှိပ် ထုတ်ဝေခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ( ဆ ) အရ ရွေးကောက်ပွဲတစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။**

**ရွေးကောက်ပွဲများသည်-**

- ➤ ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ➤ ဒီမိုကရေစီ ရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ➤ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။

**ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့ . . .**



# ပြည်သူ၏ ပူးပေါင်းဆောင်ရွက်မှုသည် အဓိကကျ

ပြည်သူ၏ ပူးပေါင်းဆောင်ရွက်မှုသည် အဓိကကျပါကြောင်း၊ ထို့ကြောင့် "ပြည်သူသာလျှင် အဓိက" ဟု တစ်ချိန်လုံး ပြောနေခြင်းဖြစ်ပါကြောင်း၊ ပြည်သူများက စည်းကမ်းမလိုက်နာလျှင် မည်မျှကောင်းသည့် စည်းကမ်းများ ထုတ်ထုတ် အဟောသိကံ ဖြစ်ကုန်မည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ကျေးဇူးတင်သောအားဖြင့် စည်းကမ်းများကို လိုက်နာကြစေလိုပါကြောင်း၊ ယခု COVID ကိစ္စသည် မပြီးသေးပါကြောင်း၊ မည်သည့်အချိန်တွင် ပြီးသွားမည်ဟုပြောရန် ခက်ခဲပါကြောင်း၊ ကာကွယ်ဆေးများကို ယခုစတင်စမ်းသပ်နေပြီဟု သိရပါကြောင်း၊ စမ်းသပ် အောင်မြင်မှု မည်မျှမြန်မည်ဟု မသိပါကြောင်း၊ ပုံမှန်အားဖြင့် ကာကွယ်ဆေးအသစ်တစ်ခုကို စမ်းသပ်ပြီဆိုလျှင် နှစ်နှစ်ခန့် အချိန်ယူရပါကြောင်း၊ ယခု COVID သည် အရေးပေါ်ကိစ္စဖြစ်နေသည့်အတွက် ရေတိုကာလအတွင်း စမ်းသပ်နေပါကြောင်း၊ ရေတိုကာလအတွင်း စမ်းသပ်မည်ဆိုပါက သူ့အန္တရာယ်နှင့်သူ ရှိနိုင်ပါကြောင်း၊ သေသေချာချာ အန္တရာယ်ကင်းလားဆိုသည်ကို စောင့်ကြည့်ရန် အချိန်သည်လုံလောက်ချင်မှ လုံလောက်မည်ဖြစ်ပါကြောင်း၊ မလုံလောက်ဘူးဆိုလျှင် ဆိုးကျိုးများ ရှိနိုင်ပါကြောင်း။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁၄-၇-၂၀၂၀ ရက်နေ့က COVID-19 ကပ်ရောဂါကာလတွင် နိုင်ငံတကာရောက် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ယူခြင်းနှင့်စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)

# ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ငါးဦးထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၉၉ ဦးရှိသွားပြီ

နေပြည်တော် ဩဂုတ် ၂၀

ယနေ့တွင် ကိုဗစ် - ၁၉ ရောဂါပိုးရှိသူ ငါးဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၉၉ ဦး ရှိသွားပြီဖြစ်ပြီး ပိုးတွေ့ရှိသူ ငါးဦးမှာ ပြည်ပသို့ ခရီးသွားရာဇဝင် မရှိသူများဖြစ်ကြောင်း သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၃၉၉ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ ၃၃၃ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၃၃၁ ဦးနှင့် ဩဂုတ် ၁၉ ရက် မွန်းတည့် ၁၂ နာရီမှ ဩဂုတ် ၂၀ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာ အသစ် ၂၄ ဦး ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၄၁၀၄၄ | ၃၉၉ |
| **ရောဂါပိုးကင်းစင်လာသူ** | **သေဆုံးသူ** |
| ၃၃၃ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၇၁၄၁

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၃၃၁ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၃၀၂ | ၅ |
| ၂ | ရခိုင် | ၂၅ | |
| ၃ | ချင်း | ၁၇ | |
| ၄ | ပဲခူး | ၉ | ၁ |
| ၅ | စစ်ကိုင်း | ၉ | |
| ၆ | မွန် | ၇ | |
| ၇ | ကရင် | ၅ | |
| ၈ | ရှမ်း(တောင်) | ၄ | |
| ၉ | မန္တလေး | ၄ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ရှမ်း(ရှေ့) | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၂ | |
| | စုစုပေါင်း | ၃၉၉ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၀-၈-၂၀၂၀ ရက်၊ ည (၈) နာရီ

## ၂၀-၈-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၇၀၃၀၁၈ | ၃၀၆၃၃၈၃ | ၁၇၆၃၉၆ |
| ၂။ | ဘရာဇီး | ၃၄၆၀၄၁၃ | ၂၆၁၅၂၅၄ | ၁၁၁၁၈၉ |
| ၃။ | အိန္ဒိယ | ၂၈၅၈၃၄၆ | ၂၁၁၅၀၅၄ | ၅၄၂၄၅ |
| ၄။ | ရုရှား | ၉၄၂၁၀၆ | ၇၅၅၅၁၃ | ၁၆၀၉၉ |
| ၅။ | တောင်အာဖရိက | ၅၉၆၀၆၀ | ၄၉၁၄၄၁ | ၁၂၄၂၃ |
| ၆။ | ပီရူး | ၅၅၈၄၂၀ | ၃၇၇၄၅၃ | ၂၆၈၃၄ |
| ၇။ | မက္ကဆီကို | ၅၃၇၀၃၁ | ၃၆၇၅၃၇ | ၅၈၄၈၁ |
| ၈။ | ကိုလံဘီယာ | ၅၀၂၁၇၈ | ၃၂၆၂၉၈ | ၁၅၉၇၉ |
| ၉။ | ချီလီ | ၃၉၀၀၃၇ | ၃၆၄၂၈၅ | ၁၀၅၇၈ |
| ၁၀။ | စပိန် | ၃၈၇၉၈၅ | စိစစ်ဆဲ | ၂၈၇၉၇ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၀ - ၈ - ၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၁၇၈၀၂၂ | ၁၁၄၁၁၄ | ၂၈၈၃ |
| အင်ဒိုနီးရှား | ၁၄၇၂၁၁ | ၁၀၀၆၇၄ | ၆၄၁၈ |
| စင်ကာပူ | ၅၆၀၉၉ | ၅၂၈၁၀ | ၂၇ |
| မလေးရှား | ၉၂၄၀ | ၈၉၃၂ | ၁၂၅ |
| ထိုင်း | ၃၃၈၉ | ၃၂၁၈ | ၅၈ |
| ဗီယက်နမ် | ၁၀၀၇ | ၅၄၂ | ၂၅ |
| မြန်မာ | ၃၉၉ | ၃၃၃ | ၆ |
| ကမ္ဘောဒီးယား | ၂၇၃ | ၂၅၃ | ၀ |
| ဘရူနိုင်း | ၁၄၃ | ၁၃၉ | ၃ |
| လာအို | ၂၂ | ၁၉ | ၀ |

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၀-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

၁။ (၁၉-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၉၅)ခုတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၅၆၄) ခုတွင်-
  - COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၂) ဦးတွေ့ရှိရပါသည်။

၂။ သို့ဖြစ်ရာ (၂၀-၈-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၉၆)ဦး ရှိပြီဖြစ်ပါသည်။

၃။ (၁၉-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၁၁၂၄) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၃၇) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၀၈) ခု
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၉၅) ခု စုစုပေါင်း (၁,၆၆၄) ခုအား စစ်ဆေးခဲ့ပြီးဖြစ်ပါသည်။
- (၁၉-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် ဓာတ်ခွဲအတည်ပြု လူနာသစ် စုစုပေါင်း (၁၇) ဦး တွေ့ရှိရပါသည်။ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁၅) ဦး သတင်းအား ယမန်နေ့ ည(၈) နာရီသတင်းတွင် ဖော်ပြပြီးဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**

**(၂၀-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၁၉-၈-၂၀၂၀) ရက်နေ့အတွက် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၉၅) ခု |
| (၁၉-၈-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၅၆၄) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၂) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၂၀-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၂) ဦး | (၃၉၆) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၃၃၃) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**(၂၀-၈-၂၀၂၀) ရက်နေ့ COVID-19 ဓာတ်ခွဲစစ်ဆေးမှုများတွင် ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု**

**(၂၀-၈-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| လူနာ အမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါ အတည်ပြု လူနာများ နှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 395 | ၄၀နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ Case (375) | မရှိ | ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 396 | ၂၉ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ |

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၀-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂၀-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၂၈၅)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၆၀) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၇၉) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၁၇၆) ခု၊
- စုစုပေါင်း (၈၀၀)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
  - COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃) ဦး တွေ့ရှိရပါသည်။

၂။ (၂၀-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၉၉) ဦး ရှိပြီဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ စုစုပေါင်း (၃၃၃) ဦး ရှိပါသည်။ ၎င်းတို့အနက် (၃၃၁) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၉-၈-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၀-၈-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၄) ဦးရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၂၀-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂၀-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၈၅) ခု |
| (၂၀-၈-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၆၀) ခု |
| (၂၀-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၇၉) ခု |
| (၂၀-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၇၆) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၃) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၂၀-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၃) ဦး | (၃၉၉) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၃၃၃) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**(၂၀-၈-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု**

**ည (၈:၀၀) နာရီ**

| လူနာ အမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါ အတည်ပြု လူနာများ နှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 397 | ၃၈ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ |
| 398 | ၂၈ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-395) | မရှိ | ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 399 | ၈၃ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ |

၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)



# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၃၄)

# လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး၏အခွင့်အရေးနှင့် ဆောင်ရန်၊ ရှောင်ရန်များ

မောင်စာဂ

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းရမည့် နောက်ဆုံးနေ့ရက်သည် ပြည့်မြောက်သွားပြီဖြစ်သည်။ အမည်စာရင်းတင်သွင်းမှုအခြေအနေကို လေ့လာကြည့်ရာ လွှတ်တော်မဲဆန္ဒနယ်အသီးသီးတွင် နိုင်ငံရေးပါတီပေါင်း ၉၃ ခု က ကိုယ်စားလှယ်လောင်း ၆၇၄၂ ဦး၊ တစ်သီးပုဂ္ဂလအမည်စာရင်း တင်သွင်းသူ ၂၈၁ ဦး စုစုပေါင်း ၇၀၂၃ ဦး အမည်စာရင်းတင်သွင်းထားသည်။

သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက အမည်စာရင်းတင်သွင်းလာမှုအပေါ် ရွေးကောက်ပွဲဥပဒေများနှင့်အညီ စိစစ်မှုများ ပြုလုပ်ကြမည်။ ပြီးလျှင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းများကို သတ်မှတ်ထားသော ပုံစံ(၁၀)ဖြင့် အတည်ပြုကြေညာသွားမည်။ ပုံစံ(၁၀) ဖြင့် အတည်ပြုကြေညာချက်တွင်ပါရှိသော လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးခြင်း လုပ်ငန်းမှစတင်၍ ရွေးကောက်ပွဲပြီးစီးသည်အထိ မိမိတို့ ဆောင်ရွက်ရန်ရှိသည်များကို ဆက်လက်လှုပ်ရှား ဆောင်ရွက်ကြရတော့မည်ဖြစ်သည်။ ဤတွင် ကိုယ်စားလှယ်လောင်းတစ်ဦး မည်သည့်အခွင့်အရေးများ ရှိသနည်း။ မည်သည်ကိုဆောင်၍ မည်သည်ကိုရှောင်ရမည်နည်း။ ရွေးကောက်ပွဲဥပဒေများတွင် မည်သို့ပြဋ္ဌာန်းထားသနည်း။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မည်သို့ညွှန်ကြားထားသနည်း။ အရေးပါသည့် အချက်အလက်အနှစ်ချုပ်ကို ကောက်နုတ်ဖော်ပြပါရစေ။

**အခွင့်အရေးများ**

- အတည်ပြုပြီး မဲစာရင်းတစ်စုံကို အခမဲ့ကူးယူခွင့်ရှိသည်၊
- မိမိ ကိုယ်ကိုယ်တိုင်ဖြစ်စေ၊ အခြားသူတစ်ဦးဦးကိုဖြစ်စေ မိမိ၏ ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် ခန့်ထားခွင့်ရှိသည်၊
- မဲရုံအသီးသီး၌ မိမိ၏ကိုယ်စားဆောင်ရွက်ရန် မဲရုံကိုယ်စားလှယ်တစ်ဦးနှင့်အကူ ကိုယ်စားလှယ်တစ်ဦး ခန့်ထားခွင့်ရှိသည်၊
- လွှတ်တော်ရွေးကောက်ပွဲဥပဒေများ၊ နည်းဥပဒေများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ သတ်မှတ်ကာလအတွင်း မဲဆွယ်စည်းရုံးဟောပြောခွင့်နှင့် ရေးသားပုံနှိပ်ထုတ်ဝေစည်းရုံးခွင့်ရှိသည်၊
- မဲဆွယ်စည်းရုံးရာတွင် သတ်မှတ်ထားသည့်အတိုင်း ငွေကျပ်သိန်းတစ်ရာအထိ သုံးစွဲခွင့်ရှိသည်။ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက် ငွေကျပ်သိန်းတစ်ရာ့ငါးဆယ်အထိ သုံးစွဲခွင့်ရှိသည်။
- ကြိုတင်ဆန္ဒမဲပေးခြင်း၊ မဲရုံတွင် ဆန္ဒမဲပေးခြင်း၊ ဆန္ဒမဲလက်မှတ်များကို ရေတွက်ခြင်းစသည့် လုပ်ငန်းစဉ်အားလုံး ကြည့်ရှုခွင့်ရှိသည်၊
- ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့် စပ်လျဉ်း၍ သတ်မှတ်ထားချက်များနှင့်အညီ တိုင်တန်းလျှောက်ထားခွင့်ရှိသည်၊
- ရွေးကောက်တင်မြှောက်ခံရသူအား ကန့်ကွက်လိုလျှင် သတ်မှတ်ထားချက်များနှင့်အညီ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်လွှာတင်သွင်းနိုင်ခွင့်ရှိသည်။

**ဆောင်ရန်အချက်များ**

- လွှတ်တော်ကိုယ်စားလှယ်လောင်း အတည်ပြုပြီးသည့်အခါ ကိုယ်စားလှယ်လောင်း စိစစ်ရေးကတ်ပြားကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲမှ ထုတ်ယူရပါမည်။
- မဲဆွယ်စည်းရုံးခြင်း အသုံးစရိတ်ငွေများနှင့်စပ်လျဉ်း၍ ငွေစာရင်းစာအုပ်စနစ်တကျထားရှိပြီး မှန်ကန်စွာ ရေးသွင်းရပါမည်။
- ရွေးကောက်ပွဲပြီးစီးသည့်အခါ ရွေးကောက်ပွဲကုန်ကျငွေစာရင်းကို ပုံစံ (၂၀) ဖြင့် ရေးသွင်း၍ ရွေးကောက်တင်မြှောက်ခံရသည့် ကိုယ်စားလှယ်၏အမည်ကို ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ တွင်း သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းရပါမည်။
- ရွေးကောက်ပွဲကျင်းပပြုလုပ်ပြီးနောက် ဆန္ဒမဲများ စာရင်းဖြည့်သွင်းသည့် လွှတ်တော်အလိုက် သတ်မှတ်ထားသည့် မဲစာရင်းပုံစံများတွင် မိမိနှင့်သက်ဆိုင်သည့် မဲစာရင်းရေတွက်မှုပုံစံများ၌ လက်မှတ်ရေးထိုးရပါမည်။
- နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိပါးစေမည့် အန္တရာယ်ကြုံလာပါက သက်ဆိုင်ရာအုပ်ချုပ်ရေးနှင့် လုံခြုံရေးအဖွဲ့များက တည်ဆဲဥပဒေများနှင့်အညီ စီမံဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရပါမည်။
- နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ်ကို လေးစားလိုက်နာရပါမည်။

**ရှောင်ရန်အချက်များ**

- လူမျိုးရေး၊ ဘာသာရေး၊ လူတစ်ဦးချင်း သို့မဟုတ် လူအများနှင့်ပတ်သက်၍ ပဋိပက္ခဖြစ်ပေါ်စေနိုင်သည့် ရေးသားဟောပြောမှု၊ စည်းရုံးလှုံ့ဆော်မှုများ မပြုရပါ။
- ပြိုင်ဘက်ပါတီများနှင့် ကိုယ်စားလှယ်လောင်းများ၏ ဂုဏ်သိက္ခာညှိုးနွမ်းစေသော ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှု၊ အကြမ်းဖက်မှု၊ အမုန်းပွားမှုများကို ဖြစ်ပေါ်စေသည့် အပြောအဆို အပြုအမူအသွင်အပြင်များ ပြုမူဆောင်ရွက်ခြင်း မပြုရပါ။
- ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစား မပြုရပါ။
- ငြိမ်းချမ်းစွာပညာသင်ကြားရေးကို ထိခိုက်ပျက်ပြားစေရန် သွေးထိုးလှုံ့ဆော်ဟောပြောခြင်း၊ ရေးသားပုံနှိပ်ထုတ်ဝေခြင်း မပြုရပါ။
- လွှတ်တော်ရွေးကောက်ပွဲဥပဒေများ၏ အခန်း (၁၃) ပါ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရပါ။
- လွှတ်တော်ရွေးကောက်ပွဲဥပဒေများ၏ အခန်း (၁၄) ပါ တရားမဲ့ပြုကျင့်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရပါ။

**"ယခုကျင်းပမည့် အထွေထွေရွေးကောက်ပွဲသည် ကိုဗစ် - ၁၉ ရောဂါ ကျရောက်နေသည့် အချိန်ကာလအတွင်းကျင်းပမည့် ရွေးကောက်ပွဲဖြစ်သည်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် မဲဆွယ်စည်းရုံးခြင်းမှ အစပြု၍ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ကြရာ၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီက ချမှတ်ထားသော မူဝါဒများ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်ထားသည့် ထုတ်ပြန်ချက်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဤကိစ္စအတွက် ထုတ်ပြန်မည့် ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များကိုလည်း အထူးသတိပြု၍ လိုက်နာကြရန် လိုအပ်မည်ဖြစ်"**

**အထူးသတိပြုလိုက်နာရန်အချက်**

ယခုကျင်းပမည့် အထွေထွေရွေးကောက်ပွဲသည် ကိုဗစ် - ၁၉ ရောဂါ ကျရောက်နေသည့် အချိန်ကာလအတွင်း ကျင်းပမည့် ရွေးကောက်ပွဲဖြစ်သည်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် မဲဆွယ်စည်းရုံးခြင်းမှ အစပြု၍ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ကြရာ၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီက ချမှတ်ထားသော မူဝါဒများ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်ထားသည့် ထုတ်ပြန်ချက်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဤကိစ္စအတွက် ထုတ်ပြန်မည့် ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များကို လည်း အထူးသတိပြု၍ လိုက်နာကြရန် လိုအပ်မည်ဖြစ်သည်။

**မြင့်မြတ်သောပြိုင်ပွဲ**

ရွေးကောက်ပွဲတစ်ခုတွင် မဲဆန္ဒနယ်တစ်နယ်၌ ပါဝင်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းစီသည် ပြိုင်ပွဲတစ်ခုတွင် ပါဝင်ယှဉ်ပြိုင်ရပါတော့မည်။ သာမန်ရိုးရိုးပြိုင်ပွဲမျိုးမဟုတ်၊ ပြည်သူ့ဆန္ဒကိုအဆုံးအဖြတ်ခံယူရမည့် မြင့်မြတ်သော ပြိုင်ပွဲတစ်ခုပင်ဖြစ်သည်။ မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲကို အများဆုံးရရှိအောင် ကြိုးစားကြရမည်။ မိမိနှင့်ယှဉ်ပြိုင်သူ ကိုယ်စားလှယ်လောင်းသည် အနည်းဆုံး ၂ ဦးမှ အများဆုံး ၁၀ ဦး၊ ၁၅ ဦး စသည်ဖြင့် ဖြစ်နိုင်သည်။ ပြိုင်ပွဲ၏ရလဒ်မှာ ရွေးကောက်ခံရခြင်းနှင့် ရွေးကောက်မခံရခြင်းသာရှိမည်။ ပါဝင်ယှဉ်ပြိုင်သူတစ်ဦးချင်းစီသည် ပြည်သူကိုကိုယ်စားပြုသည့် ပြည်သူ့ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံရလိုသူများသာ ဖြစ်ကြသည်။

**တရားသဖြင့်အနိုင်ယူခြင်းဖြစ်ပါစေ**

ရွေးကောက်ပွဲတစ်ခုတွင် ပါဝင်ယှဉ်ပြိုင်ကြရာ၌ မိမိအနိုင်ရရှိရေးအတွက် ဥပဒေနှင့်အညီ သတ်မှတ်ပြဋ္ဌာန်းထားသည့် မူဘောင်အတွင်းမှ နည်းလမ်းပေါင်းစုံဖြင့် ကြိုးစားကြရသည်။ မဲဆန္ဒရှင်များအား ဟောကြ၊ ပြောကြ၊ စည်းရုံးကြရသည်။ မိမိ၏သဘောထား၊ ယုံကြည်ချက်၊ ခံယူချက်များ၊ မဲဆန္ဒရှင်ပြည်သူများအပေါ် မိမိတို့ထားရှိသည့် စေတနာ၊ မေတ္တာများကို ထုတ်ဖော်ကြရသည်။ ပါတီကိုယ်စားပြုဖြစ်လျှင် မိမိပါတီ၏ မူဝါဒသဘောထား လမ်းစဉ်တို့ကို ရှင်းပြကြရသည်။ ဤသို့စည်းရုံးဟောပြောကြရာတွင် တရားသော နည်းလမ်းများဖြင့် တရားသောလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းကြသူများရှိသကဲ့သို့ လုပ်နည်းလုပ်ဟန်လွဲမှားမှုများ၊ ဥပဒေပြဋ္ဌာန်းချက်များနှင့် မညီမှုများ၊မမှန်မကန်လုပ်ဆောင်ချက်များလည်း ရှိနိုင်သည်။ ရှိတတ်သည်။ တရားသော နည်းလမ်းများဖြင့်သာ တရားသော လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းကာ စစ်မှန်သည့် ပြည်သူ့ကိုယ်စားလှယ်အဖြစ် ဂုဏ်ယူနိုင်ကြပါမည်။

**လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲ**

ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲများရှိနေမည်။ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ရှိနေမည်။ ပြည်သူတို့က မိမိကြိုက်နှစ်သက်သူကို ဆန္ဒမဲပေး၍ ရွေးကောက်တင်မြှောက်ကြရသည်။ ရွေးကောက်ပွဲများကို ကြီးကြပ်၍ ကျင်းပပေးသည့် ရွေးကောက်ပွဲကော်မရှင်နှင့် အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲများက ဥပဒေနှင့်အညီ သမာသမတ်ကျစွာ၊ တရားမျှတမှန်ကန်စွာ ကျင်းပပေးဖို့ လိုအပ်သည်။ ပါဝင်ယှဉ်ပြိုင်သူ လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးကလည်း သတ်မှတ်ချက်များနှင့်အညီ တရားသဖြင့် ယှဉ်ပြိုင်ကြရန်လိုအပ်သည်။

မဲဆန္ဒရှင်ပြည်သူများသည်လည်း လွတ်လပ်စွာနှင့် လျှို့ဝှက်စွာ မိမိကြိုက်နှစ်သက်သူကို ဆန္ဒမဲပေး၍ ရွေးကောက်တင်မြှောက်နိုင်သည့် အခွင့်အရေးများ ရရှိကြရန်လိုအပ်သည်။ မဲဆန္ဒရှင်များ၏ ဆန္ဒမဲပေးမှုရလဒ်အစစ်အမှန်ကို ဖော်ထုတ်ကြေညာပေးဖို့ လိုအပ်သည်။ ပွင့်လင်းမြင်သာမှု၊ ပြည်သူအများ ယုံကြည်လက်ခံနိုင်မှု ရှိစေရမည်။ သို့မှသာ လွတ်လပ်မျှတသော၊ ပွင့်လင်းမြင်သာသော၊ အများယုံကြည်လက်ခံနိုင်သော ရွေးကောက်ပွဲအဖြစ် တွေ့နိုင်၊ မြင်နိုင်၊ ခံစားသွားနိုင်ကြပေလိမ့်မည်ဟု ယုံကြည်မိကြောင်းပါ။

❖ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ ဖြစ်ထွန်းပေါ်ပေါက်နိုင်ပါစေ၊

❖ ဥပဒေနှင့်အညီ တရားသဖြင့် မှန်မှန်ကန်ကန် ပါဝင်ယှဉ်ပြိုင်နိုင်ကြပါစေ၊

❖ ဆောင်သင့်သည်ကိုဆောင်၍ ရှောင်သင့်သည်ကို ရှောင်ပြီး မိမိတို့၏အခွင့်အရေးကို မှန်ကန်စွာ အသုံးပြုနိုင်ကြပါစေ။

## မိတ္ထီလာခရိုင်တွင် ၂၀၂၀ ရွေးကောက်ပွဲအတွက် အထူးရဲ ၁၀၆၉ ဦး ခန့်အပ်မည်

**မိတ္ထီလာ ဩဂုတ် ၂၀**

မိတ္ထီလာခရိုင်တွင် မဲရုံပေါင်း ၁၀၆၉ ခုရှိသည့်အတွက် အထူးရဲ ၁၀၆၉ ဦးခန့်အပ်ပြီး ၂ ရာခိုင်နှုန်း အပိုစုဆောင်းထားရှိကြောင်း ယမန်နေ့က ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အုန်းဟန်ဦးက ပြောသည်။

"လောလောဆယ် ၁၃၂၇ ဦး စုဆောင်းထားတာပါ။ အားလုံးကို သတ်မှတ်အရည်အချင်းနဲ့ ပြည့်မီမှု ရှိ/မရှိ စစ်ဆေးထားပြီး အထက်က ညွှန်ကြားချက်ရတာနဲ့ သင်တန်းပို့ချပေးသွားမှာပါ။ ရွေးကောက်ပွဲကာလမှာ ခန့်အပ်မယ့် အထူးရဲတပ်ဖွဲ့ဝင်တွေက စတင်ရွေးချယ် ခန့်အပ်တဲ့နေ့ကစပြီး အခြေခံရဲတပ်သား လစာခံစားရမယ့်အပြင် စားစရိတ် ငွေကျပ် ၁၈၀၀ နဲ့ နိုင်ငံတော်က ထပ်မံ ထောက်ပံ့တဲ့ တစ်ရက် ငွေကျပ် ၁၀၀၀ ရရှိမှာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

"အထူးရဲတွေကို ရွေးကောက်ပွဲဆိုင်ရာ သိသင့်သိထိုက်သော အချက်အလက်တွေ / ကျင့်ဝတ်စည်းကမ်းတွေနဲ့ အခြေခံစစ်ရေးပြဘာသာရပ်တွေ ပို့ချသွားမှာပါ။ ရွေးကောက်ပွဲကာလပြီးရင်တော့ အထူးရဲတာဝန်ကနေ ရပ်စဲသွားမှာပါ။ အထူးရဲတပ်ဖွဲ့ဝင်ထဲက သတ်မှတ်ချက်နဲ့ ကိုက်ညီပြီး သန္ဓေရဲတပ်ဖွဲ့ဝင်အဖြစ် စိတ်ပါဝင်စားရင်လည်း သန္ဓေရဲတပ်ဖွဲ့ဝင်ဖြစ်အောင် ဆောင်ရွက်ပေးသွားမှာပါ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အထူးရဲတပ်ဖွဲ့ဝင် ရွေးချယ်ရာတွင် အသက် ၁၈ နှစ် နှင့် ၆၀ ကြားရွေးချယ်ခွင့်ရှိသော်လည်း ခရိုင်အတွင်း အထူးရဲတပ်ဖွဲ့ဝင်အဖြစ် ရွေးချယ်ရာတွင် အသက် ၁၈ နှစ်နှင့် ၂၅ နှစ်ဝန်းကျင်များကို ပိုမိုရွေးချယ်ထားပြီး ဖျတ်ဖျတ်လတ်လတ် လုပ်ကိုင်နိုင်ရန်နှင့် သန္ဓေရဲတပ်ဖွဲ့ဝင်အဖြစ် စိတ်ပါဝင်စားပါက ခန့်ထားနိုင်ရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

ဘိုဘို(မလှိုင်)

# ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ဘိုင်ယန်တို့ လိုင်ယွန်ကို ဂိုးပြတ်အနိုင်ယူပြီး ဗိုလ်လုပွဲတက်

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် အကြို ဗိုလ်လုပွဲကြီးမှ နောက်ဆုံးပွဲစဉ် ပြင်သစ်ကလပ် လိုင်ယွန်နှင့် ဂျာမန် ကလပ် ဘိုင်ယန်မြူးနစ်ပွဲကို ဩဂုတ် ၂၀ ရက် နံနက်က ယှဉ်ပြိုင်ကစားခဲ့ရာ သုံးဂိုး - ဂိုးမရှိဖြင့် ဘိုင်ယန်မြူးနစ်အသင်း ဂိုးပြတ်အနိုင် ရရှိခဲ့သည်။

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲသို့ လိုင်ယွန်အသင်းသည် နာမည်ကြီး ဂျူဗင်တပ်စ်နှင့် မန်စီးတီးတို့ကို ဖြတ်ကျော်ပြီး တက်ရောက်လာခဲ့သလို ဘိုင်ယန်မြူးနစ်အသင်းသည်လည်း ချယ်လ်ဆီးနှင့် စပိန်ထိပ်သီးကလပ် ဘာစီလိုနာတို့ကို အနိုင်ယူပြီး တက်ရောက်လာခြင်းဖြစ်သည်။ လိုင်ယွန်သည် ယနေ့ပွဲတွင်လည်း တန်ပြန်တိုက်စစ်ဖြင့် ဘိုင်ယန်အသင်းကို ပွဲစစချင်းခြိမ်းခြောက်ခဲ့ပြီး တိုက်စစ်မှူးများ အဆုံးသတ် မသေချာမှုကြောင့် ဂိုးမရရှိခဲ့ဘဲ ဘိုင်ယန်အတွက် သွင်းဂိုးများကို ပွဲချိန် ၁၈ မိနစ်တွင် ဂနာဘရီ၏ တစ်ကိုယ်တော်စွမ်းရည်ဖြင့် အဖွင့်ဂိုးသွင်းယူခဲ့ပြီး ၃၃ မိနစ်တွင် ဂနာဘရီက ဘိုင်ယန်အတွက် ဒုတိယဂိုးကို အနီးကပ် ပိတ်သွင်းယူကာ ပထမပိုင်းကို ဦးဆောင်ခဲ့ပြီး ဘိုင်ယန်အတွက် တတိယမြောက်ဂိုးကို တိုက်စစ်မှူး လီဝမ်ဒေါ်စကီးက ပွဲချိန် ၈၈ မိနစ်တွင် ခေါင်းတိုက်သွင်းယူပေးခဲ့သည်။ ယင်းပွဲတွင် ဘိုင်ယန်မြူးနစ်မှ ဂနာဘရီသည် အကောင်းဆုံးခြေစွမ်းပြသည့် ကစားသမားဖြစ်ခဲ့ပြီး ယခုနှစ်ရာသီ ချန်ပီယံလိဂ် သွင်းဂိုး ကိုးဂိုးထိသွင်းယူထားနိုင်ခဲ့ရာ လီဝမ်ဒေါ်စကီးက ၁၅ဂိုးဖြင့် ဦးဆောင်နေသည်။ လီဝမ်ဒေါ်စကီးသည် ယနေ့ပွဲ သွင်းဂိုးကြောင့် ချန်ပီယံလိဂ် ကိုးပွဲဆက်ဂိုးသွင်းယူနိုင်ခဲ့ပြီး မန်ယူကစားသမားဟောင်း နစ္စတယ်ရွိုင်းစံချိန်ကို လိုက်မီခဲ့ရာ အများဆုံးသွင်းယူထားသည့် စီရော်နယ်ဒိုက ၁၁ ပွဲဆက်ဖြင့် ဦးဆောင်နေသည်။ လိုင်ယွန်အသင်းသည် တန်ပြန်တိုက်စစ်ဖြင့် ဂိုးကန်သွင်းခွင့် ကိုးကြိမ်အထိရရှိကာ သုံးကြိမ်ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့ပြီး ဘိုင်ယန်မြူးနစ်သည် ဘောလုံးပိုင်ဆိုင်မှု အသာစီးဖြင့် ပွဲကို ထိန်းချုပ်ကစားနိုင်ခဲ့ရာ ဂိုးကန်သွင်းခွင့် ၁၉ ကြိမ်အနက် ရှစ်ကြိမ်ဂိုးပေါက် ခြိမ်းခြောက်နိုင်ခဲ့သည်။

ချန်ပီယံလိဂ် ဗိုလ်လုပွဲတွင် ဘိုင်ယန်မြူးနစ်သည် ပီအက်စ်ဂျီနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဘိုင်ယန်သည် ဗိုလ်လုပွဲကြီးကို ၁၁ ကြိမ်မြောက် တက်ရောက်လာခြင်းဖြစ်ပြီး ပီအက်စ်ဂျီက ပထမဦးဆုံးအကြိမ် တက်ရောက်လာခြင်း ဖြစ်သည်။ ချန်ပီယံလိဂ်ဗိုလ်လုပွဲကြီးကို ဩဂုတ် ၂၄ ရက် တနင်္လာနေ့ နံနက် ၁ နာရီခွဲတွင် ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့ ဒါလပ်ဇ်ကွင်းကြီး၌ ယှဉ်ပြိုင်မည်ဖြစ်ပြီး ကွင်းလယ်ဒိုင်အဖြစ် အီတလီနိုင်ငံသား ဒန်နီလီအော်ဆာတိုက တာဝန်ယူကိုင်တွယ်မည်ဖြစ်သည်။

**သီဟ**

◆ *ကျောဖုံးမှ*

၆၇ ဂိုးသွင်းယူပေးဖူးထားကြောင်း သိရသည်။ ကိုးမန်းသည် ဘာစီလိုနာအသင်းတွင် ကစားခဲ့စဉ်က ၁၉၉၀-၉၁ ခုနှစ်၊ ၁၉၉၁-၉၂ ခုနှစ်၊ ၁၉၉၂-၉၃ ခုနှစ်နှင့် ၁၉၉၃-၉၄ ခုနှစ်တို့တွင် စပိန်လာလီဂါ အမှတ်ပေးဖလားကို ဆွတ်ခူးရရှိခဲ့သည်။ ထို့အပြင် ၎င်းသည် ဘာစီလိုနာအသင်းနှင့်အတူ ကိုပါဒယ်ရေးဖလား၊ စပိန် စူပါဖလားနှင့် ဥရောပစူပါဖလားတို့ကို ဆွတ်ခူးရရှိထားသူဖြစ်သည်။

ကိုးမန်းသည် ကစားသမားဘဝတွင် နယ်သာလန်ကလပ်များဖြစ်သော ဂရိုနင်ဂန်အသင်း၊ အိုင်းယက်စ်အသင်း၊ ပီအက်စ်ဗွီအသင်းနှင့် ဖီယင်နူအသင်းတို့အပြင် စပိန်ကလပ် ဘာစီလိုနာအသင်းတွင်လည်း ကစားခဲ့ကာ အောင်မြင်မှုများစွာ ဆွတ်ခူးထားသူဖြစ်သည်။ ၎င်းသည် ကစားသမားဘဝတွင် ပြိုင်ပွဲအရပ်ရပ် ၆၈၅ ပွဲ ပါဝင်ကစားထားပြီး ၂၃၉ ဂိုး သွင်းယူပေးထားနိုင်သူဖြစ်သည်။ ထို့အပြင် နည်းပြဘဝတွင်လည်း ၁၉၉၇ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ နယ်သာလန် အသင်းနှင့် ဘာစီလိုနာအသင်းတို့တွင် လက်ထောက်နည်းပြအဖြစ် လုပ်ကိုင်ခဲ့ဖူးသူဖြစ်သည်။ ၎င်းသည် ဘာစီလိုနာအသင်း နည်းပြအဖြစ် မခန့်အပ်မီတွင် နည်းပြအဖြစ် ဗစ်တပ်စ်၊ အိုင်းယက်စ်၊ ဘင်ဖီကာ၊ ပီအက်စ်ဗွီ၊ ဗလင်စီယာ၊ AZ အယ်လ်ခမာ၊ ဖီယင်နူ၊ ဆောက်သမ်တန်၊ အဲဗာတန်၊ နယ်သာလန်အသင်းတို့တွင် နည်းပြခဲ့ဖူးကြောင်း မှတ်တမ်းများအရ သိရသည်။ ကိုးမန်းသည် ကစားသမားဘဝတွင် ဆုဖလားများစွာ ရယူဖူးသလို နည်းပြဘဝတွင်လည်း အောင်မြင်မှုသရဖူ စိုက်ထူနိုင်ခဲ့သည့် နည်းပြတစ်ဦးဖြစ်သည်။

ဘာစီလိုနာအသင်းသည် အသင်းတွင် လစ်လပ်လျက်ရှိသော နည်းစနစ်ဒါရိုက်တာသစ်အဖြစ် ရော်နယ်ပလိန်းကို ခန့်အပ်ခဲ့ကြောင်းလည်း ကြေညာချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ ဘာစီလိုနာအသင်းသည် ရော်နယ်ပလိန်းကို အသင်းနှင့် ချန်ပီယံလိဂ်နှစ်ကြိမ်ရဖူးသော အဲရစ်အဘီဒယ်၏ နေရာကို အစားထိုးခန့်အပ်ခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

ထို့ကြောင့် ကိုးမန်းသည် ဘာစီလိုနာအသင်းတွင် ကစားသမားအဖြစ်ရော၊ လက်ထောက်နည်းပြအဖြစ်ရော ကျင်လည်ခဲ့သည့်အတွက် ယခုအကြိမ် နည်းပြအဖြစ် အတည်ပြုခန့်အပ်ပြီးနောက်တွင် ဘာစီလိုနာအသင်းကို ဆုဖလားများစွာရယူပေးနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။

**အောင်ဇော်**




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၀ - ၈ - ၂၀၂၀

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၇၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၀၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၇၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၀၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၄၅/၅၉၀ | ကျပ် | ၅၇၅/၅၉၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၅၅/၆၀၀ | ကျပ် | ၅၉၀/၆၀၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၉၅/၅၃၀ | ကျပ် | ၅၅၅/၅၇၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၂၀/၆၅၀ | ကျပ် | ၆၈၀/၇၁၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၆၂ . ၆ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၁၃ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၄ . ၆၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၈၆ . ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၈၆ . ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၇၅ . ၂၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၆ . ၉၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၁၅၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၇၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၆ . ၅၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၃၆၇ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၉၉၀၀ | ၂၈၄၂ | ၂၈၃၂၀၀၀၀ |
| MTSH | ၃၈၀၀ | ၃၈၀၀ | ၁၅၄၆ | ၅၈၇၄၈၀၀ |
| MCB | ၈၀၀၀ | ၇၉၀၀ | ၂၅ | ၁၉၉၇၀၀ |
| FPB | ၂၂၀၀၀ | ၂၁၅၀၀ | ၂၂၁ | ၄၇၅၂၀၀၀ |
| TMH | ၂၇၅၀ | ၂၈၀၀ | ၇ | ၁၉၃၀၀ |
| EFR | ၃၁၀၀ | ၃၀၅၀ | ၃၈ | ၁၁၆၃၀၀ |

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ကုန်အမှတ်တံဆိပ်နှင့် လမ်းညွှန်ဆေးအရောင်ကုတ်နံပါတ်များ သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ ပြည်လမ်း၊ အမှတ် (၂၃၇) ရှိ United Paints Group Co.,ltd. က အောက်ဖော်ပြပါ UNITEX EMULSION PAINT ကုန်အမှတ်တံဆိပ်ကို မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

## ကုန်အမှတ်တံဆိပ်

မှတ်ပုံတင်အမှတ် - ၄ပို/၇၀၉၅/၂၀၁၇




လက်ရှိဆေးပုံး

အထက်ပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် UNITEX EMULSION PAINT သဘော်ဆေး(ရေဆေး)ကို ၁၉.၆.၁၉၉၆ ရက်နေ့တွင် ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ်- ၄/၂၅၈၀/၁၉၉၆မှတ်ပုံတင်ခဲ့ပြီး ၁၅.၆.၂၀၁၇ရက်နေ့တွင် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်- ၄ပို/၇၀၉၅/၂၀၁၇ ဖြင့် သက်တမ်းတိုး မှတ်ပုံတင်ခဲ့ပါသည်။ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် အလှဆင်ရေဆေးအမျိုးမျိုးကို ထုတ်လုပ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝန်းတွင် ထုတ်လုပ်ဖြန့်ချိ ရောင်းချ လျက်ရှိပါသည်။

အဆိုပါကုန်အမှတ်တံဆိပ်အမှတ်အသားကို အသုံးပြု၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ လုပ်ကိုင်ရာတွင် အဆိုပါ ကုန်အမှတ်တံဆိပ်အား အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုး တို့ဖြင့် ဖန်တီးပြုလုပ်ပြီး အလှဆင်ရေဆေးထုတ်ကုန်ပစ္စည်းများပေါ်တွင်ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍၊ အသားတံဆိပ်လုပ်၍ မိမိတို့ကုမ္ပဏီ၏ ကုန်အမှတ်တံဆိပ်အဖြစ် သုံးစွဲလျက်ရှိပါသည်။ UNITEX EMULSION PAINT ကုန်အမှတ်တံဆိပ်ဖြင့် အရောင်အမျိုးမျိုးဖန်တီးပြုလုပ်၍ အရောင်များနှင့် လိုက်လျောညီထွေသည့် ကုတ်နံပါတ်များကို အောက်ပါအတိုင်းသတ်မှတ်အသုံးပြုထားပါသည်။




ထိုလမ်းညွှန်ဆေးအရောင်ကုတ်နံပါတ်တို့ကို UNITEX EMULSION PAINT ဆေးအရောင်များနှင့်ယှဉ်တွဲ၍ ယခင်နှစ်များစွာကတည်းကပင် ယနေ့ထိတိုင် UPG ကုမ္ပဏီနှင့် သုံးစွဲသူများအကြား မှတ်သားခေါ်ဝေါ်သုံးစွဲလျက်ရှိပါသည်။ ယခုအခါ မသမာသူအချို့က အထက်ပါ UNITEX EMULSION PAINT နာမည်ကောင်းသတင်းကို အမှီပြုလျက် ကုန်အမှတ်တံဆိပ်၊ ဒီဇိုင်းပုံစံ၊ အရောင်များနှင့် အရောင်ကုတ်နံပါတ်များအား ဆင်တူယိုးမှားတုပအသုံးပြု၍ United Paints Group Co.,ltd.မှ တရားဝင်ထုတ်လုပ်ရောင်းချသည့် ကုန်ပစ္စည်းများအတိုင်း ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိကြောင်း တွေ့မြင်ကြားသိရပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ UNITEX EMULSION PAINT ကုန်အမှတ်တံဆိပ်နှင့် လမ်းညွှန်ဆေးအရောင်ကုတ်နံပါတ်များကို တစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားတုပပြုလုပ်သုံးစွဲ၍ ထုတ်လုပ်ဖြန့်ချိရောင်းချခြင်း၊ မပြုလုပ်ကြပါရန် နှင့်လိုက်နာခြင်းမရှိပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးမြင့်ကြိုင်
B.A (Law)., LL.B., Diploma in English.
တရားလွှတ်တော်ရှေ့နေ (စဉ် –၂၁၅၆ /၂၆.၁၁.၁၉၈၁)
ဖုန်း- 09 89 8444577

ဒေါ်စုမွန်သန်း
LL.B.
အထက်တန်းရှေ့နေ (စဉ် –၄၇၈၅၄ /၃၁.၈.၂၀၁၆)
ဖုန်း- 09 45100 6856

အမှတ် (A-8/202)၊ ရွှေကမ္ဘာအိမ်ရာ၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။




အပုအကျိတ်ဆို ပေါင်ဒါဘူးထဲထည့်လို့ရအောင် မှုန့်သွားမယ်
**ဒေဝယက္ခ အကျိတ်ကြေအဏုမြူမှုန့်ဆေး**
အပုအကျိတ်အမျိုးမျိုးကို မခွဲမစိတ်ရဘဲ နုရင်ကြေ၊ ရင့်ရင်ပေါက်
အမြစ်ပါမကျန်ပျောက်ကင်းသည် မိုးဦးကျဖြစ်တတ်သော ရောဂါများအတွက်
ဤဆေးဖြင့် ကြိုတင်ကာကွယ်ထားကြပါ။
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်- ၁၂၁၁ YR ၄၀၆၈
ထုတ်လုပ်ခွင့်လိုင်စင်အမှတ်-၁/၂၀၀၉၊ တဆထလ/တိုး(၄၇၅)
အမြို့မြို့ဆိုင်တိုင်းတွင် ရနိုင်ပါသည်။
ဒေဝယက္ခဆေးတိုက်၊ ပဲခူးမြို့။ Ph- 052 222 14 22, 09 5300 141

## အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့နယ်၊ တောင်ပြုံးကြီးရွာ၊ တောင်ပြုံးမင်းနှစ်ပါး၏(၂၀၂၀ပြည့်နှစ်၊ ၁၃၈၂ ခုနှစ် ဝါခေါင်လ) ပွဲတော်ကို COVID-19 ရောဂါကူးစက်ပြန့်ပွားခြင်းအား ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် ကျင်းပခြင်းမရှိပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**နန်းထိန်းမိသားစု**
**တောင်ပြုံးမင်းနှစ်ပါးနန်း**
**တောင်ပြုံးကြီးရွာ၊ မတ္တရာမြို့နယ်**

## ပိုးသတ်ဆေး ကုန်သွယ်မှုအမည်ပြောင်းလဲကြောင်း ကြော်ငြာခြင်း

OUR FARM Co.,LTD မှ တင်သွင်းဖြန့်ချိနေသော အောက်ဖော်ပြပါ ပိုးသတ်ဆေးအား ကုန်သွယ်မှုအမည်ပြောင်းလဲသတ်မှတ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်းရပ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့သို့ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ OUR FARM CO., LTD ဖုန်း- ၀၉-၇၉၈၀၉၇၃၈၅

| Sr | Old Trade Name | New Trade Name | Active Ingredient | Registration Number |
|---|---|---|---|---|
| 1 | Multi Ngwe Toe 25 WDG | OMI 25 WDG | Thiamethoxam 25%WDG | P 2018–4316 |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1N/1629 Mitsubishi Canter FE 72 D Light Truck (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုပိုင် ၉/မဟမ(နိုင်)၀၂၂၄၄၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4L/8234 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ဒီကရီအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)**
**မဟာအောင်မြေမြို့နယ် တရားမရုံး၌**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၁၂နှင့် ဆက်စပ်သည့်**
**၂၀၂၀ ပြည့်နှစ် တရားမဇာရီမှုအမှတ် -၁၇**

| | | |
|---|---|---|
| ဒေါ်ဥမ္မာခင် | **နှင့်** | ဦးစိန်အောင် |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ် (န-၂/၆၈)နေ ဦးစိန်အောင် (ဘ)ဦးချစ်စိန် သိစေရမည်။

၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၁၂တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ဥမ္မာခင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁ ရက် (၁၃၈၂ ခုနှစ် ဝါခေါင်လဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝေဖြိုးဟန်)**
**တွဲဖက်မြို့နယ်တရားသူကြီး (၄)**
**မဟာအောင်မြေမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**မကွေးမြို့နယ်တရားရုံး**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၁၁၅**

| | | |
|---|---|---|
| ဒေါ်အေးအေးသင်း | **နှင့်** | ဒေါ်ခင်ချိုချို |
| **တရားလို** | | **တရားပြိုင်** |

အထက်ပါအမှုမှ တရားပြိုင် ဒေါ်ခင်ချိုချို MGE–160920 အမှတ် ၁၁၊ သီရိဇေယျာလမ်း၊ သိင်္ဂါရပ်၊ မကွေးမြို့ (ယခုနေရပ်လိပ်စာမသိ)အား သိစေရမည်။

သင့်အပေါ် တရားလိုက ပဋိညာဉ်အတိုင်း အိမ်ဝိုင်းမြေအရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု စွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၈ ရက် (၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်သန့်)**
**မြို့နယ်တရားသူကြီး**
**မကွေးမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**မကွေးမြို့နယ်တရားရုံး**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၁၁၄**

| | | |
|---|---|---|
| ဒေါ်ဝင်းဝင်းလှိုင် | **နှင့်** | ဒေါ်လှမယ် |
| **တရားလို** | | **တရားပြိုင်** |

အထက်ပါအမှုမှ တရားပြိုင် ဒေါ်လှမယ် SUE–042232 အမှတ် ၁၂၄၊ ရွာသစ်ပွဲကြိုရပ်၊ မကွေးမြို့ (ယခုနေရပ်လိပ်စာမသိ) အား သိစေရမည်။

သင့်အပေါ် တရားလိုက ပဋိညာဉ်အတိုင်း အိမ်ဝိုင်းမြေအရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု စွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၈ ရက် (၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်သန့်)**
**မြို့နယ်တရားသူကြီး**
**မကွေးမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ကျိုင်းတုံမြို့နယ်တရားရုံးတော်**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၁၂**

| | | |
|---|---|---|
| နန်းဆောင်ငင်း | **နှင့်** | ဦးဆံရီ |
| **တရားလို** | | **တရားပြိုင်** |

ကျိုင်းတုံမြို့၊ ရပ်ကွက်(၄)နေ တရားပြိုင် ဦးဆံရီတို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလိုက ကတိပဋိညာဉ်အတိုင်း တရားဝင်မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂၈ ရက် (၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုရန်လိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကြည်ယု)**
**မြို့နယ်တရားသူကြီး**
**ကျိုင်းတုံမြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9E/5869 Toyota Hilux SURF KDN 185 S/W (4x4) (R) ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝင်း ၅/စကန(နိုင်)၁၉၃၈၃၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ တညောင်ရွာ၊ တောင်ပိုင်ရပ်ကွက်နေ ဦးမျိုးသင်း-ဒေါ်ချောကြည်တို့၏သား ကျွန်တော်မောင်ထက်နိုင်သင်း ၈/စလန(နိုင်)၁၆၀၁၄၁ နှင့် စလင်းမြို့နယ်၊ ဇီးဖြူပင်ကျေးရွာအုပ်စု၊ ထူးကြီးကျေးရွာနေ ဦးခင်စိုး-ဒေါ်ဦးရီတို့၏သမီး မဝင်းသီရိမွန် ၈/စလန(နိုင်)၁၉၀၇၉၃ တို့သည် ၁၈-၁၂-၂၀၁၆ ရက်တွင် တရားဝင်လက်ထပ်ခဲ့သော်လည်း မဝင်းသီရိမွန်အနေဖြင့် မယားဝတ္တရားမကျေပွန်သည့်အပြင် ကျွန်တော် လုံးဝခွင့်မလွှတ်နိုင်သောကိစ္စရပ်များကို ပြုလုပ်ကျူးလွန်ခဲ့ပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**မောင်ထက်နိုင်သင်း**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ အကွက်အမှတ် ၁၁၃၊ ကသဲစုအရှေ့အကွက်၊ ဦးပိုင်အမှတ် ၆၄၊ ဧရိယာ ၀ ဒသမ ၀၅၄ ဧက၊ ဦးထွန်းကြည်၊ ဒေါ်အုန်းမြင့်အမည်ပေါက် ဂရန်မြေအတွင်းမှ ဧရိယာ ၀ ဒသမ ၀၂၅ ဧက၊ ဦးပိုင်အမှတ် ၆၆၊ ဧရိယာ ၀ ဒသမ ၀၃၁ ဧကအတွင်းမှ ဧရိယာ ၀ ဒသမ ၀၁၈ ဧက၊ စုစုပေါင်း ဧရိယာ ၀ ဒသမ ၀၄၃ ဧကအား ပုသိမ်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ် (၁၃၈/၂၀၂၀)ဖြင့် ဝယ်ယူထားပြီးဖြစ်ပါ၍ ဦးပိုင်ခွဲစိတ်ခွင့်ပြုပါရန် ငပုတောမြို့နယ်၊ ငှက်ပေါက်ကျေးရွာနေ ဒေါ်မြင့်မြင့်ဝင်းနှင့် ဒေါ်ခင်အေးမြင့်တို့မှ လျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2E/4571 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8E/4371 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4G/6297 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6D/8183 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၃၅၁**

| | | |
|---|---|---|
| ဒေါ်မိုးဇာမောင် | **နှင့်** | ဦးရန်လင်းအောင် |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ် ၁၁၇၉ နေ တရားပြိုင် ဦးရန်လင်းအောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မိုးဇာမောင်က တရားဝင်အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲ၍ လင်မယားနှစ်ဦးပိုင် ငွေကြေးများခွဲဝေပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၃ ရက် (၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်မင်းထွဋ်)**
**ဒုတိယခရိုင်တရားသူကြီး (၂)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**မန္တလေးခရိုင်တရားရုံးတော်**
**၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် -၈၁၀**

| | | |
|---|---|---|
| ဒေါ်ဇင်သီရိဝင်း | **နှင့်** | ဦးထွန်းမင်းစိုးအောင် |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ တိုးချဲ့ (၄)ရပ်ကွက်၊ ဗားကရာကွေ့ရပ်နေ ဦးထွန်းမင်းစိုးအောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလို ဒေါ်ဇင်သီရိဝင်းက ယုံကြည်စွာဖြင့် အပ်နှံထားသော ငွေကျပ်သိန်း ၆၀၀ နှင့် နစ်နာကြေးငွေကျပ်သိန်း ၂၀၀၊ စုစုပေါင်းငွေကျပ်သိန်း ၈၀၀ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၉ ရက် (၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ် လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(တင့်တင့်ဌေး)**
**ဒုတိယခရိုင်တရားသူကြီး(၇)**
**မန္တလေးခရိုင်တရားရုံး**

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ

**ချမ်းမြသာစည်မြို့နယ်တရားရုံးတော်**
**၂၀၁၇ ခုနှစ် တရားမဇာရီမှုအမှတ်-၃**

| | | |
|---|---|---|
| ဒေါ်စန်းရင် (၎င်း၏ အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်ညိုရင်) | **နှင့်** | ဒေါ်ဟန်ဆွေ |
| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူ** |

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ် ဇဇ-၃၇၊ ဦးပိုင်အမှတ် ၁၀၄ နေ ဒေါ်ဟန်ဆွေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ တရားနိုင်ဒေါ်စန်းရင် (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်ညိုရင်)က ဤရုံးသို့ ဝရမ်းကပ်ထားသည့် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ် ဇဇ-၃၇၊ ဦးပိုင်အမှတ် ၁၀၄ အိမ်နှင့်မြေအား လေလံကြိမ်းခင်းဈေးအဖြစ် ငွေကျပ်သိန်း ၁၅၀ သတ်မှတ်ပေးပါရန် လျှောက်ထားသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၃၁ ရက် (၁၃၈၂ ခုနှစ် ဝါခေါင်လဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်မှု ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဆန်းဆန်းဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး (၃)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**


MPT Money
MPT
ရွှေသို့လှမ်းချီမြန်မာပြည်
(၇) နှစ်မြောက် ကျေးဇူးတုံ့ပြန်ကံစမ်းပွဲ
777 MB
777 GB
77 GB
7 GB
ကံစမ်းလိုက်ပါ
MPT ရဲ့ဆုများကမှာ
ကျပ်သိန်းပေါင်း တစ်သောင်း ကျော် တန်ဖိုးရှိဆုကြီးများစွာ
ရွှေ(၇)ကျပ်သား x ၂၁ဆု
ငွေသားဆုသိန်း(၇၀) x ၂၈ဆု
MPT Money
ကျပ်(၇)သိန်း x ၂၃၁ဆု
MPT4U
ပရိုမိုးရှင်းကာလ - ၁၇.၈.၂၀၂၀ မှ ၂၅.၁၀.၂၀၂၀ ထိ
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
CALL CENTER 106

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
# ဒေါက်တာသန်းဦး(ခ)ဒေါက်တာဘစိန်
## ထားဝယ်
## (ဆမ-၂၈၇၄)
## အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အောင်မင်းခေါင်ဘုရားလမ်း၊ အမှတ်(14-C)နေ (ဒေါက်တာကြည်ထို-ဒေါ် ကြင်ပို)တို့၏သား၊ (ဦးသောင်းစိန်-ဒေါ်မြအိုး)တို့၏သားသမက်၊ ဒေါ်မြမြစိန်(Mavis)၏ ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်ဂင်ရွှေ)၊ ဒေါ်ဂင်လွမ်၊ (ဦးထွေးရင်-ဒေါ်တင်တင်ကြည်)၊ ဒေါ်ကြည်ကြည်စိန်(Kitty)၊ (ဦးလှမင်းဦး)-ဒေါက်တာထွေးထွေးစိန်(Hilda)တို့၏ ညီ/မောင်/အစ်ကို၊ ဒေါ်မြတ်သန္တာဦး၊ ဦးသောင်းဇော်ဦး-ဒေါ် Tan Mei Ghee၊ ဒေါက်တာလင်းကျော်ဦး-ဒေါက်တာခိုင်ဇာသက်ထွန်းတို့၏ ချစ်လှစွာသောဖခင်၊ မောင်ဟိဏ်းထွဋ်ဦး၊ မဟေသီလင်း၊ မောင်ခန့်မြတ်တို့၏ ချစ်လှစွာသောအဘိုး၊ မဝတ်မှုံဦး(Wendy)တို့၏ ဘကြီးသည် ၂၀-၈-၂၀၂၀ရက်(ကြာသပတေးနေ့) နံနက် ၁၀:၄၈နာရီတွင် AR YU INTERNATIONAL HOSPITAL ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၂၀ ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ အားအသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၆-၈-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

# ဦးကြည်ရှိန်
## အင်ဂျင်နီယာ(ငြိမ်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန
## အသက် (၇၃)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ သန်လျင်တံတားအိမ်ရာဝင်း၊ ထင်းရှူးမြိုင်လမ်း၊ အမှတ်(၇၇)နေ (ဦးကျော်ငြိမ်း-ဒေါ်စိမ်းမြ)တို့၏သားကြီး၊ ပခုက္ကူမြို့၊ ခန်တောရပ်နေ (ဦးမြလှိုင်)-ဒေါ်တင်ဆွေတို့၏သားသမက်၊ ဒေါ်မြမြဆွေ၏ချစ်လှစွာသောခင်ပွန်း၊ (ဦးတင်ဝင်း)-ဒေါ်စန်းမြင့်၊ ဦးအေးကြူ (ပြည်ထောင်စုဒုဝန်ကြီး၊ ငြိမ်း-ပညာရေးဝန်ကြီးဌာန)-ဒေါ်စိန်စိန်ငွေး၊ ဒေါ်ဝေဝေမြင့် [အထက-၂၊ ဒဂုံ(မြို့မ)ငြိမ်း]၊ (ဦးရဲမြင့်)-ဒေါ်ရင်ရင်နွဲ့ [အထက-၂၊ ဒဂုံ(မြို့မ) ငြိမ်း]တို့၏အစ်ကိုကြီး၊ မောင်အောင်စွမ်းပြည့် (Novel Max Co.,Ltd)- မဝေနွယ်ထွန်း၊ မောင်ဟန်ထက်ရှိန် (ပြည့်ဖြိုးဒီပါ Co.,Ltd)၊ မထက်အင်ကြင်းခိုင်(မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန)၊ မောင်ဇော်ငြိမ်းချမ်း (Rich Zone Co.,Ltd.) တို့၏ချစ်လှစွာသောဖခင်၊ မသွန်းနဒီအောင်၏ အဘိုးဦးကြည်ရှိန် (အင်ဂျင်နီယာ-ငြိမ်း၊ ဆောက်လုပ်ရေးဝန်ကြီး ဌာန)သည် ၁၉-၈-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀:၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာန၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁:၃၀နာရီတွင် ရေဝေးသုသာန်၌မီးသဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂၅-၈-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

# ဦးကြည်ရှိန်
## အင်ဂျင်နီယာ(ငြိမ်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန
## အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ သန်လျင်တံတားအိမ်ရာဝင်း၊ ထင်းရှူးမြိုင်လမ်း၊ အမှတ်(၇၇)နေ (ဦးကျော်ငြိမ်း-ဒေါ်စိမ်းမြ)တို့၏သားကြီး၊ ပခုက္ကူမြို့၊ ခန်တောရပ်နေ (ဦးမြလှိုင်)-ဒေါ်တင်ဆွေတို့၏သားသမက်၊ ဒေါ်မြမြဆွေ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသက်ဇော်ဦး(Asia Route Co.,Ltd)-ဒေါ်သီတာဦး၊ ဦးဇော်မင်းသူ-ဒေါ်နွယ်နီအောင်(အထက-သာဂရ)၊ ဦးအောင်ကျော်ဇော-ဒေါ်အေးမွန်ဝင်း(ခေတ္တ U.S.A)၊ ဗိုလ်မှူးရဲလှိုင်ဘွား (မော်လမြိုင်စစ်ဆေးရုံ)၊ ဒေါက်တာရဲဝင့်သူ၊ Mr.Deepek Gupek-ဒေါ်နေခြည်ဗိုလ်(ခေတ္တ-ဂျပန်)၊ ဒေါက်တာသက်နောင်ထွန်း-ဒေါက်တာရည်မွန်သိမ့်(အောင်ဆန်း TB ဆေးရုံ)၊ ဗိုလ်ကြီးသန့်စင်-ဒေါ်ငုဝါ(နေပြည်တော်)၊ ဒေါက်တာညီညီဇော်-ဒေါက်တာမြတ်ဆုမွန်(အရေးပေါ်ဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၊ ဒေါ်မေပွင့်ကြူ၊ ဒေါ်ဖူးပွင့်ကြူ၊ ဒေါ်မေသီဗိုလ် (ခေတ္တ-ဂျပန်)၊ ဦးမိုးထက်ကျော်-ဒေါ်မြပွင့်ဖြူ(MTM Shipping)တို့၏ ဦးကြီးသည် ၁၉-၈-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀:၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာန၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁:၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂၅-၈-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီ အထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွ ရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူ တူ/တူမများ**

---

# ဦးသိန်းလွင်(ခ)ဦးမောင်မောင်
## အထက(၃)၊ တာမွေကျောင်းသားဟောင်း
## အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ အမှတ်(၈၅)နေ ဦးကင်စင်း-[ဒေါ်ယုလှိုင်(ခ)ဒေါ်စိန်လှိုင်]တို့၏ သား၊ ဦးညွန့်ဦး(ထာဝရမိဘမေတ္တာသံဆိုင်)-ဒေါ်စောစန္ဒာအေး(မြန်မာဝင့်နဝရတ်သံဆိုင်)တို့၏မောင်၊ မပွင့်ဖြူဦး၊ မောင်ဝင့်ထယ် ဦးတို့၏ဦးလေး၊ မသုန္ဒရီ(YIS Grade-5)၊ မသစ်ဝင့်ထယ်တို့၏အဘိုးသည် ၁၈-၈-၂၀၂၀ရက် (အင်္ဂါနေ့) တွင် အိန္ဒိယစံတော်ချိန် ည ၉ နာရီတွင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့ရှိ အပိုလိုဆေးရုံ၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (သဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## သင့်သွေးဖြင့် အသက်ကယ်ပါ

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
# ဦးအောင်ရွှေ
## အသက်(၉၀)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်လမ်း၊ အမှတ်(၈၉)နေ (ဦးအောင်တင်-ဒေါ်ဒေါ်ခ)တို့၏သား၊ မော်လမြိုင်မြို့နေ (ဦးယုဟောင်-ဒေါ်မိုး)တို့၏သားသမက်၊ ဒေါ်ငြိမ်းငွေး(ပါမောက္ခ-ငြိမ်း၊ ရုက္ခဗေဒ)၏ခင်ပွန်း၊ (ဒေါ်တင်လှ)၏မောင်၊ (ဒေါ်ခင်မာတင်)၊ ဒေါ်စန်းမြင့်တို့၏အစ်ကို၊ ဦးလှမြင့်၏ဦးလေး၊ ဒေါ်စန္ဒာငွေး(ကထိက၊ ဘာသာဗေဒဌာန)၏ဖခင်သည် ၁၉-၈-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၂၀ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

# အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
# ဦးအောင်ရွှေ
## အသက် (၉၀)

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ဘာသာဗေဒဌာန၊ ကထိက ဒေါ်စန္ဒာငွေး၏ ဖခင် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး ဦးအောင်ရွှေသည် ၁၉-၈-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ပါမောက္ခချုပ်**
**ဒေါက်တာ ကြည်ရွှင်နှင့်ဇနီး ဒေါ်သီသီခိုင်၊ သား မောင်နိုင်မွန်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ချိုချို
## အသက်(၈၁)နှစ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့ရှိ မြန်မာသံရုံး၌ တာဝန်ထမ်းဆောင်နေသည့် ဦးတင်အောင်ထွန်း-ဒေါ်ရွှေစင် ဦး(စီးပွားရေးသံမှူး)တို့၏မိခင်ကြီး ဒေါ်ချိုချိုသည် ၂၀-၈-၂၀၂၀ရက်(ကြာသပတေးနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများ**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

---

## ဘုရား၊ ကျောင်းဒါယကာကြီး
# ဦးကျော်မြ(ရေးမြို့)
## အသက် (၇၇)နှစ်

ရေးမြို့နယ်နေ (ဦးသာတင်-ဒေါ်အုန်းကျင်)တို့၏သား၊ ဒေါ်ထားရီ၏ခင်ပွန်း၊ (ဦးအောင်ဝင်း)-ဒေါ်မြမြတို့၏မောင်၊ ဦးစိုး တင့်-ဒေါ်မြရီတို့၏အစ်ကို၊ (ကိုစိုးလွင်)၊ မနီနီမြင့်၊ မောင်တင်လတ်၊ မချိုချိုကျော်မြတို့၏ချစ်လှစွာသောဖခင်၊ မြေး ခြောက်ယောက်တို့၏ အဘိုးသည် ၁၉-၈-၂၀၂၀ရက် ညနေ ၅:၄၀နာရီတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ်၊ မွန်ကျောင်းလမ်းထိပ်၊ အမှတ် (၅၁)၊ ဂန္ဓမာတိုက် (၂) အခန်း C-6 နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၂၀ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသု သာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၀:၁၅နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

# ဦးဘိုနီ
## B.E(Mechanical)
## 1st Engineer
## အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်တောင်ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်(၅၉) နေ (ဦးရှိန်-ဒေါ်အေးသင်)တို့၏သား၊ ဆရာမဒေါ်ခင်အေးချို(အထက-၂၊ လသာ)၏ ခင်ပွန်း၊ ဦးတင်လှ-ဒေါ်စိုးစိုးတို့၏ညီ၊ ဦးဘိုးစိန်-ဒေါ်ရွှေ၊ (ဦးလှရွှေ)၊ ဦးစိန်လှိုင်၊ ဦးစိန်ကြိုင်၊ ဒေါ်သန်းနွဲ့၊ ဒေါက်တာဘိုဖြူ-ဒေါ်ခင်အေးတင့်၊ ဦးအောင်မောင်း-ဒေါ်မာမာဆွေတို့၏အစ်ကို၊ ဦးနေလင်းအောင်-ဒေါ်မိုးမိုးအေး၊ ဦးမျိုးမင်းမောင်တို့၏ ဖခင်၊ မ IVY မေကံအောင်၏အဘိုးသည် ၂၀-၈-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁:၂၀ နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၂၂-၈-၂၀၂၀ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများနံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍၂၆-၈-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## (၂)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
## ကိုဖြိုးနေလင်း
## ၂၁-၈-၂၀၁၈ မှ ၂၁-၈-၂၀၂၀

သား ကိုဖြိုး မိသားစုနဲ့ ခွဲခွာသွားတာ (၂)နှစ် တင်းတင်းပြည့်ခဲ့ပေမယ့် အချိန်နဲ့အမျှ သတိရလွမ်းဆွတ်တမ်းတသတိရလျက်ပါ။ မိသားစုမှ သားကိုရည်စူးပြီး နေ့စဉ်၊ လစဉ်၊ နှစ်စဉ်ပြုပြုသမျှ ကောင်းမှုကုသိုလ်အစုစုတို့ကို သာခုခေါ်ပါ။ ယခုထက်ပိုမိုမြင့်မြတ်သော ဘုံဘဝကို ရောက်ရှိနိုင်ပါစေ။

| | |
|---|---|
| မိဘ | - ဦးမြညွန့်-ဒေါ်ခင်စန်း |
| ညီအစ်ကိုမောင်နှမများ | - ဦးဇာဏီကို-ဒေါ်တင်တင်ကျော်၊ ဦးညဏ်မျိုးသူ-ဒေါ်ဇာဇာမွန် |
| တူမလေးများ | - အိမ့်သော်တာသျှင်၊ အိမ့်သဒ္ဓါသျှင်၊ ငွေအိမ်သခင်၊ သန့်သစ္စာညဏ် |

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/9694 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2M/5034 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွှာသာကြီး)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## တိုင်းရင်းဆေးသမားတော်ကြီး ဦးထွဋ် အသက် (၉၁)နှစ်
## ပညာရေးအထူးအရာရှိ(ငြိမ်း)
## ပေါက်ခေါင်းမြို့နယ်အသင်းနာယကကြီး

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊ တိုက် ၆၈၊ အခန်း ၄နေ ဦးဇော်မင်းထွဋ် (ဒုတိယညွှန် ကြားရေးမှူးချုပ်၊ ဆည်/ရေ ဦးစီးဌာန)-ဒေါ်ကြည်ကြည်လွင်တို့၏ ဖခင်သည် ၁၇-၈-၂၀၂၀ရက် (တနင်္လာနေ့) ည ၁၀:၅၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ**
**စက်မှုတိုင်း (၃)၊ ဆည်/ရေ ဦးစီးဌာန၊ မကွေး၊ ပြည်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာ ဦးကျော်စိုး အသက် (၈၁)နှစ်
## M.B.,B.S, M.Sc (OG)
## သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဦးကောင်းမြတ်သိန်း(ညွှန်ကြားရေးမှူး၊ ဖြည့်တင်းရေးဌာနခွဲ)-ဒေါ်နီနီစိုးတို့၏ ဖခင်သည် ၁၈-၈-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၇:၀၆နာရီတွင် Grand Hantha ဆေးရုံ၌ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ**
**စက်မှုတိုင်း (၃)၊ ဆည်/ရေ ဦးစီးဌာန၊ မကွေး၊ ပြည်**

---

## ခရစ်တော်၌အိပ်ပျော်ခြင်း
## PU TAWK MANG
# ဦးတောက်မန်း
## လုပ်ငန်းစစ်ဆေးရေးဥက္ကဋ္ဌ(ငြိမ်း)၊
## ဟားခါးမြို့နယ်၊ ချင်းပြည်နယ်
## အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၆၈၆)နေ ဆရာမကြီး ဒေါ်မန်ဇီး (ငြိမ်း)အထက(၁)ဟားခါး၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်စုံဇီးမန်-ဦးရှုန်လျှန်း(M.O.F.A)၊ ဦးကျဲအိုလျှန်းမန်-ဒေါ်အာကူး၊ ဦးထန်(Austra lia)၊ ဦးထန်ချင်းမန်(USA)၊ ဦးဘွေလျှန်းမန်း-ဒေါ်ဆပ်နဲလ်(Australia)၊ ဦးမွှန်းအုပ်မန်(Germany)၊ ဒေါ်ဒွေါဇီးမန်(ဟားခါးတက္ကသိုလ်)- ဦးဇအုပ်လိန်းတို့၏ ချစ်လှစွာသော မွေးဖသခင်၊ ချင်းရေးရာဝန်ကြီးဟောင်း ဦးရာလ်မှုန်နှင့် ဒေါ်ဖန်ဇိန်တို့၏ ညီ/မောင်၊ ဦးလျှန်မှုန်(ဒေါ်တင်လယ်ခဲနန်း)၊ ဦးထန်လှဲ၊ ဦးဘွေဘိခ်၊ ဦးထန်မှုန်-ဒေါ်ရဲန့်ကျင်း၊ ဒေါ်နီတလွဲ၊ ဒေါ်ရွှေကြာ တို့၏အစ်ကိုကြီး၊ ဟားခါးမြို့သစ်ရပ်ကွက်နေ Subedar(ကျူလိန်း)ဒေါ်ပွက်နောန်တို့၏တတိယသားသည် ၁၉-၈-၂၀၂၀ရက် နံနက် ၁၀:၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၂-၈-၂၀၂၀ရက် နံနက် ၁၁နာရီတွင် ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံ၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးကိုကိုလတ်(ခ)ဦးမောင်မောင်လတ်(ခ)ဦးမဲကြီး
## M.O.G.E (ငြိမ်း)
## ပစ္စည်းစီမံအရာရှိ နိုင်ငံခြားပစ္စည်းဝယ်ယူရေးဌာန
## အသက် (၇၈)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကမ်းနားလမ်းအမှတ်(၈၄)နေ (ဦးမောင်ကြီး-ဒေါ်အေးရင်)တို့၏သား၊ ဒေါ်မို့မို့၏ချစ်လှစွာသောခင်ပွန်း၊ (ဦးကိုကိုကြီး)(MP PE)၊ [ဦးကိုကိုလေး(ခ)ဦးဘငွေးမောင်](MOGE) တို့၏ညီ၊ ဦးမြင့်သောင်း -[ဒေါ်ချိုချိုလှ](ကထိက) ပထဝီဝင်]၊ ဦးမျိုးချစ် (MOGE/MPPE)-ဒေါ်ခင်ခင်လှတို့၏ အစ်ကို၊ ဦးစည်သူထက်၊ ဦးဖြိုးအောင်ခိုင်တို့၏ဘကြီးသည် ၁၉-၈-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅:၄၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၂၀ရက် ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၅-၈-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

# ဒေါ်ညွန့်တင်
## အထက်တန်းပြ(ငြိမ်း) (အထက-၁၊ မှော်ဘီ)
## အသက် (၇၆)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဆယ်သိန်းရပ်ကွက်၊ နဝရတ်လမ်းအမှတ် (၁၂)၊ အခန်း (၄၀၅)နေ (ဦးစိန်-ဒေါ်သန်းချို)တို့၏ သမီး၊ (ဦးကုလာကြီး-ဒေါ်သန်းရင်)တို့၏သမီးချွေးမ၊ ဦးတင်ရွှေ၏ဇနီး၊ ဒေါ်သင်းသင်းညွန့်(သုဝဏ္ဏဈေးတာဝန်ခံ)၊ (ဦးအောင်ကျော်မိုး)၊ ဦးကျော်မျိုးအောင် (ROM-MBL)-ဒေါ်နှင်းဝေဝေကျော် (MBL)၊ ဒေါ်ငြိမ်းငြိမ်းရွှေ (ကထိက-ရေနံချောင်းကောလိပ်)-ဦးတင့်လွင်တို့၏ ချစ်လှစွာသောမိခင်၊ မောင်ဖွဲ့ထင်ကျော်၊ မမြဖူးဝေကျော်၊ မောင်မြတ်ဟိဏ်းတင့်၊ မစုစုစံတို့၏ ဘွားဘွားကြီးသည် ၂၀-၈-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၂:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၂၀ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## မြိတ်မြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်ထူးကြည်(မြိတ်)
## အသင်းဝင်အမှတ်(၂၄၀၇)
## အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊ အမှတ်(၇၀၊ ပထမထပ်)နေ ဦးဖေလင်း၏ဇနီးသည် ၁၉-၈-၂၀၂၀ရက် တွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၂၀ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

**အမှုဆောင်အဖွဲ့**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ ကုန်းဇောင်း(အထက) ကျောင်းဝင်အမှတ် (က-၅၇၅၈) Grade-10(သင်ရိုးသစ်) တက်ရောက်နေသော မစန်းဝင်းကြည်၏ ဖခင်အမည်မှန်မှာ ဦးသိန်းကျော်ဆန်းနှင့်ဦးကျော်ဆန်း ၈/ပဖန(နိုင်) ၀၉၆၃၅၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးသိန်းကျော်ဆန်း**

---

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8H/8548 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

# ရခိုင်ပြည်နယ် စစ်တွေမြို့နယ်တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေးအစီအစဉ်တွင် အကျုံးဝင်ကြောင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
အမိန့်အမှတ်၊ ၉၃/၂၀၂၀
၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၀ ရက်)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019 –COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်အတွင်း ၂၀–၈–၂၀၂၀ ရက်နေ့ နံနက်ပိုင်းအထိ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း ၂၂ ဦး တွေ့ရှိခဲ့ရပြီး ၁၆–၈–၂၀၂၀ ရက်နေ့မှ ၂၀–၈–၂၀၂၀ ရက်နေ့ နံနက်ပိုင်းအထိ ဓာတ်ခွဲအတည်ပြုလူနာ ၆ ဦး ထပ်တွေ့ရှိပါသဖြင့် ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရေးအတွက် ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်တွင် နေထိုင်သည့်ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home)အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည်။

၃။ အဆိုပါမြို့နယ်ရှိ နေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည်–

(က) မိမိနေအိမ်တွင်သာ နေထိုင်ရန် (အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများ မပါ)
(ခ) မဖြစ်မနေ ဈေးဝယ်ရန်အတွက် တစ်အိမ်လျှင် တစ်ဦးသာ သွားရောက်ရန်၊
(ဂ) ဆေးရုံ၊ ဆေးခန်းသွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊
(ဃ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်နှင့် နှာခေါင်းစည်း (mask) တပ်ရန်၊
(င) တာဝန်ထမ်းဆောင်ရန် သွားရောက်/ ပြန်လာမည့်သူများကို ပို့ဆောင်မည့် ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသောယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့်ပြုရန်၊
(စ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံ ဆေးခန်းသွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်။

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ခ)၊ (ဂ)နှင့်(စ)တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင်ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့် သွားလာရန်နှင့် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှ လည်းကောင်း၊ ရပ်ကွက်အတွင်းမှ လည်းကောင်း ဝင်/ထွက် ခွင့်မပြုရန် ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန် ပျက်ကွက်ပါက ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

၆။ ဤအမိန့်သည် ၂၀–၈–၂၀၂၀ ရက်၊ ည ၈ နာရီအချိန်မှ စတင်သက်ရောက်သည်။

(ဒေါက်တာမြင့်ထွေး)
ပြည်ထောင်စုဝန်ကြီး

# စစ်တွေမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးခြင်းဆောင်ရွက်

**စစ်တွေ ဩဂုတ် ၂၀**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ပြည်နယ် ကိုဗစ်–၁၉ အသိပညာပေးရေးနှင့် သတင်းစုဆောင်းထုတ်ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးဝင်းမြင့် ဦးဆောင်ကာ ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖအဖွဲ့၊ လူမှုရေးအဖွဲ့များနှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့တို့မှ တာဝန်ရှိသူများ ပူးပေါင်းပြီး စစ်တွေမြို့မဈေးကြီး၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ပါးစပ်နှင့်နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးခြင်းများကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။ **(အောက်ပုံ)**

စစ်တွေမြို့တွင် ဈေးရောင်းချသည့် ဈေးသူ ဈေးသားများနှင့် ဈေးလာရောက်ဝယ်ကြသည့် ပြည်သူများအား ကိုဗစ်–၁၉ ရောဂါ

*စာမျက်နှာ ၈ ကော်လံ ၁* ■



# လေဖိအားနည်းရပ်ဝန်း အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် မြောက်ပိုင်း ကမ်းခြေဝင်ရောက်

**နေပြည်တော် ဩဂုတ် ၂၀**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် မြောက်ပိုင်းကမ်းခြေနှင့် အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့တွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းခြေကို ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

မိုး/ဇလ

# ချင်းတွင်းမြစ်ရေကြီးမှုကြောင့် ကလေးဝနှင့် မုံရွာမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ သတိပြုရန်

**နေပြည်တော် ဩဂုတ် ၂၀**

ယနေ့ နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကလေးဝမြို့နယ်နှင့် မုံရွာမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်၌ အခြေခံလူတန်းစား အိမ်ထောင်စု ၉၀၄၂ စုအား နိုင်ငံတော်က ထောက်ပံ့ငွေပေးအပ်

**လဟယ် ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်တွင် နိုင်ငံတော်အစိုးရက ကိုဗစ်–၁၉ ဖြစ်ပွားနေစဉ်ကာလအတွင်း နိုင်ငံတစ်ဝန်းလုံးရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား တစ်အိမ်ထောင်စုလျှင် ငွေကျပ် ၂၀၀၀၀ ကို ပြည်သူ့လက်ဝယ်အရောက် ထောက်ပံ့ပေးလျက်ရှိကြောင်း လဟယ်မြို့နယ် ခေတ္တမြို့နယ် အုပ်ချုပ်ရေးမှူး ဦးလပ်ဆက် က ပြောကြားသည်။

ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား ထောက်ပံ့မှုအနေဖြင့် ရပ်ကွက် ငါးခု၊ ကျေးရွာအုပ်စု ၃၅ စု၊ ကျေးရွာပေါင်း ၉၆ ရွာမှ အိမ်ထောင်စု ၉၀၄၂ စုအတွက် ထောက်ပံ့ငွေကျပ် ၁၈၀၈၄၀၀၀၀ အား ပြည်သူ့လက်ဝယ်အရောက် ထောက်ပံ့ပေးလျက်ရှိကြောင်း၊ *စာမျက်နှာ ၈ ကော်လံ ၃* ✳

ကိုဗစ်-၁၉ ကြောင့် ကွမ်တက်စ်လေကြောင်းလိုင်း၏ တစ်နှစ်စာဝင်ငွေဆုံးရှုံးမှု အမေရိကန်ဒေါ်လာ ၂ ဘီလီယံနီးပါးရှိ
စာ ၁၄

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ဘိုင်ယန်တို့ လိုင်ယွန်ကို ဂိုးပြတ်အနိုင်ယူပြီး ဗိုလ်လုပွဲတက်
စာ ၁၉

# မက်ဆီကို အသင်းတွင် ဆက်နေရန် မည်သို့စည်းရုံးရမည်ကို မသိရှိသေးကြောင်း နည်းပြသစ် ကိုးမန်းပြော

ဘာစီလိုနာနည်းပြသစ် ရော်နယ်ကိုးမန်းသည် လီယွန်နယ်မက်ဆီကို အသင်းတွင် ဆက်လက်နေရန် မည်သို့ စည်းရုံးရမည်ကို မသိရှိသေးကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ ဘာစီလိုနာအသင်းသည် ဆက်တီယန်ကို နည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ပြီးနောက် နှစ်ရက်အကြာတွင် အသက် ၅၇ နှစ်အရွယ်ရှိ ကိုးမန်းကို နည်းပြသစ်အဖြစ် ခန့်အပ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ဘာစီလိုနာအသင်းသည် ၂၀၀၇ – ၂၀၀၈ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပြီးခဲ့သည့်ရာသီတွင် ဖလားလက်မဲ့ဖြစ်ခဲ့ပြီးနောက် ချူးကမ့်၌ မက်ဆီ၏ အနာဂတ် သံသယဖြစ်စရာအနေအထား ဖြစ်လာခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ သတင်းစာရှင်းလင်းပွဲတစ်ခုတွင် နည်းပြသစ် ကိုးမန်းက "မက်ဆီဟာ ဘာစီလိုနာအသင်းနဲ့ စာချုပ်ကျန်ရှိနေသေးတဲ့အတွက် ဘာစီလိုနာကစားသမားတစ်ယောက်အဖြစ် ရှိနေဆဲပါ။ လက်ရှိအချိန်မှာတော့ သူက အသင်းခေါင်းဆောင်ဖြစ်တဲ့အတွက် ကျွန်တော် သူနဲ့ စကားပြောဖို့ လိုပါတယ်" ဟု ပြောကြားသည်။ "ကျွန်တော်တို့ သူနဲ့ အလုပ်တွဲလုပ်ဖို့ လိုပါတယ်။ ပြီးတော့ အသင်းကစားသမားတွေနဲ့စကားပြောပြီး ဆုံးဖြတ်ချက်တစ်စုံတစ်ရာ ချမှတ်သွားဖို့လည်း ရှိပါတယ်။ ဒါပေမယ့် မက်ဆီကတော့ ကျွန်တော်တို့နဲ့အတူ ရှိနေမယ်လို့ မျှော်လင့်ပါတယ်" ဟု ထပ်လောင်းပြောကြားသည်။

ကိုးမန်းသည် နယ်သာလန်အသင်းနှင့် စာချုပ်သက်တမ်းနှစ်နှစ်ကျန်ရှိနေသေးသော်လည်း အသင်းမှ ထွက်ခွာကာ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်သည်။ ကိုးမန်းသည် ၁၉၈၉ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ ဘာစီလိုနာအသင်းတွင် ကစားခဲ့ကာ ၁၉၂ ပွဲ ပါဝင်ကစားပြီး *စာမျက်နှာ ၁၉ ကော်လံ ၁* ◆

